Ph-21705

# ဦးသုဒဿနာဘိဝံသ

## ဗိုလ်တောင်တောရ မြတ်မြို့ ၏

# စမူလေးဖြာ

ပေါက်ပင်-အရှင်ဉာဏောဘာသ - ဓမ္မဒါန -
22-6-2000 -



# ဦးသုဒဿနာဘိဝံသ

## မုံလ်တောင်တောရ၊ မြိတ်မြို့

၏

# ဓမ္မလေးဖြာ

ပေါက်ပင်-[illegible]-[illegible]

၂၂-၆-၂၀၀၈-[illegible]

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မိတ်ဆက် | ၄ |
| မိတ်ဆက်နိဒါန်း | ၇ |
| ကုသိုလ်ဖြင့် ဘဝကို တည်ဆောက်ပါ | ၉ |
| အဆင့်မြင့်ခေါင်းဆောင် | ၃၁ |
| အကျွတ်ဘယ်မှာဝေးတော့မည် | ၆၁ |
| အချိန်ရတိုင်း အကောင်းဆုံး မြေကြီးထဲ၌ သစ်ပင်စိုက်ပါ | ၈၈ |

# မိတ်ဆက်

ယခုမြိတ်မြို့ဗိုလ်တောင်တောရကျောင်းတိုက်ဆရာတော်သည် ကုသိုလ်ရေးကို အထူးအဓိကထားသည်၊ အထူးအလေးပေးသည်၊ ကုသိုလ်ရရေးဆို ခန္ဓာကိုယ်ကိုပင် အဓိကမထား၊ လယ်တီဆရာတော်ကြီးများကဲ့သို့ ကျောက်သယ်၊မြေဖို့ကအစတပည့်သံဃာများနှင့်အတူ ပြုကျင့်တော်မူသည်။ ကိုယ်တိုင်ပြုသကဲ့သို့ တပည့်များကိုလည်း အားပေးအားမြှောက်ပြုပေးတော်မူသည်။ မလုပ်ချင်တာကို လုပ်ချင်အောင်၊ လုပ်နေတာကို ပိုမိုစိတ်ထက်သန်လာအောင် ပြောပြတတ်, ဟောပြတတ်သည်၊ ဟောပြောမှု၌ ကျွမ်းကျင်မှုလည်းရှိသည်။

ထို့ပြင် ထိုထိုဇာတ်တော်, နိပါတ်တော်တို့မှ မှတ်သားစရာဇာတ်လမ်း, မှတ်တမ်း,မှတ်ချက်,ကောက်ချက်တို့ဖြင့်လည်း ကုသိုလ်ပြုရေး စိတ်ထက်သန်ဖို့အတွက်ရှာဖွေဟောပြတော်မူတတ်ပြန်သည်။ ထို့ကြောင့် ဆရာတော်နှင့်နေရလျှင် ကုသိုလ်ကတော့ မရချင် အဆုံး၊ တစ်ပွေ့တစ်ပိုက်ကြီးကိုရရှိနေရသည်။ ဤသည်ပင် ဆရာတော်၏ စေတနာမှန်ဖြစ်သည်။

မှန်ပေသည်။ ဤလောကကြီးသည် ကုသိုလ်ကြောင့်သာ သာယာစိုပြည်နေသည်။ ကုသိုလ်ကြောင့် သာပြည့်ဝနေသည်။ ကုသိုလ်သာ စည်ပင်နေပါက ဤပုဂ္ဂိုလ်, ဤမိသားစု, ဤ ကမ္ဘာသည် ဘယ်တော့မှ ဆင်းရဲ နွမ်းပါး ခြောက်ကပ်သွားမည် မဟုတ်ပေ။ ထို့ကြောင့် လူတိုင်း, နေရာတိုင်း, အချိန်တိုင်းအတွက် အမြဲလိုအပ်ချက်တစ်ရပ် ကတော့ "ကုသိုလ်" ပင်ဖြစ်သည်။ ကုသိုလ်သည် ယခုဘဝအတွက်ရော, သံသရာအတွက်ပါ အမြဲလိုအပ်နေမည့် မရှိမဖြစ်ပစ္စည်းတစ်မျိုးပင် ဖြစ်သည်။

ထိုအလိုလားအပ်ဆုံး ကုသိုလ်ပစ္စည်းကို ဆရာတော်၏ ဤစာအုပ်က ပေးပါလိမ့်မည်။ ဆရာတော်ကလည်း ပေးဝေနိုင်စွမ်း ရှိသည်။ ထို့ကြောင့်ပင်ဖြစ်မည်။ ဆရာတော်ရောက်လေရာ အရပ်တိုင်းသည် ကုသိုလ်လိုလားသူ သူတော်ကောင်းများဖြင့်စည်ပင်နေသည်။ တိုးတက်နေသည်။ ဆရာတော်ကလည်း တပည့် အပေါင်းကို ကုသိုလ်ဖြင့်ပင် ဦးဆောင်သည်။ ကုသိုလ်အတွက် မင့်မကွက်ညွှန်ပြသည်။ ကုသိုလ်အတွက်သူများမမြင်သောအကွက်ကို ထောက်ပြပြီး ညွှန်ပြတတ်သည်။ ပြောရဦးမည်။

တစ်ခါတစ်ရံ မိမိတို့က ပါဠိတော် သွားရိုးသွားစဉ်မို့ ကျော်လွှားသွားနေကျနေရာကို ဆရာတော်က အလေးအနက်ဆုံး အတုယူစရာ, သင်ခန်းစာ အဖြစ် ထောက်ပြဟောပြသွားသည်မှာ အံ့သြယူရသည် အထိ ဖြစ်ရသည်။

မှတ်မိပါသေးသည်။ တစ်ခါက မြိတ်မြို့၊ ကံဖျားရပ်, ဗိုလ်ဗထူးလမ်း အိမ်တစ်အိမ် ဆွမ်းစားတွင် မိမိတို့ကျော်လွှားသွားနေကျစာ နေရာကို အံ့သြလောက်အောင် ထောက်ပြ၍ ဟောသွားပုံမှာ ယနေ့ အထိပင် ကြားယောင်နေပါသေးသည်။ ဆရာကော် ပြောနေသော အကြောင်းအရာမှာ ပါဠိတော်မှ စာသင်သားတိုင်း ငြီးငွေ့တတ်သည့် ဈာန်ခန်းဖြစ်ပါသည်။ သို့သော် ဆရာတော်က ဈာန်၏ အဓိပ္ပာယ်ကို ပြောရင်း ကောက်ချက်ဆွဲပြလိုက်သည်မှာ "ဒကာကြီးတွေမှတ်ထား၊ ဈာန်ဆိုတာ စူးစိုက်တတ်လို့ ဈာန်လို့ ခေါ်တယ်၊ အေး–စူးစိုက်မှု မရှိဘူးဆိုလျှင်လည်း ဘယ်သမာဓိမှလည်း မရနိုင်ဘူး။သမာဓိ မရှိဘူး၊ တည်ကြည်လေးစားမှု မရှိဘူးဆိုလျှင် ပညာဆိုတာလည်း ဝေလာဝေးပဲ၊ ဒါကြောင့် ဘာလုပ်လုပ် စူးစူးစိုက်စိုက် လုပ်ရတယ်၊ စူးစိုက်မှုရှိမှ အလုပ်လည်း တည်တံ့ပြီး ပညာလည်း တိုးတက် လာမှာ" ဟူ၍ ဖြစ်ပါသည်။ ဤတွင် ဈာန်၏ ပျင်းစရာ

အမိပွာယ်မှာ ဆွဲထုတ်လိုက်သော ဆရာတော်၏ ကောက်ချက်ကြောင့် ပျင်းစရာ မဖြစ်တော့ဘဲ အလေးအနက်မှတ်သားဖွယ်၊ အံ့ဩဖွယ် ဖြစ်နေပါ တော့သည်။

ထို့ပြင် ဆရာတော်၏ စကားလုံးတိုင်းမှာ သူများနှင့် မတူသော လေးနက်သောအတွေးအခေါ်၊ ခေတ်မီသောအမြင်၊ ပေါလွင်သောအကြောင်းအရာဖော်ထုတ်မှုများ ပါဝင်နေသည်ကိုလည်း စာရှုသူ ကိုယ်တိုင် မကြာမီ တွေ့ရပါလိမ့်မည်။ စာရေးသူ အနေနဲ့ အတိအကျ ပြောချင်တာ တစ်ခုကတော့ ဆရာတော်ရဲ့ ဟောပြောချက်ကြောင့် သင့်မှာ စိတ်ချမ်းသာမှုနှင့်အတူ ထူးဆန်းသော အတွေးအခေါ်များ၊ ကုသိုလ်ပြုချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာပါလိမ့်မည် ပင်ဖြစ်ပါသည်။ (ကုသိုလ်ပြုချင်စိတ် ဖြစ်လျှင်လည်း မကြာမီ သတ္တဝါတိုင်း အလိုလားအပ်ဆုံးကုသိုလ်ဆိုတာ ပြုဖြစ်တော့မှာမို့ ကုသိုလ်ပြည့်လျှင်လိုအပ်ချက်ဆိုတာလည်းရှိတော့မှာမဟုတ်ပါဘူး) ဒါ့ကြောင့် ဆရာတော်ရဲ့ ဒီတရား စာပေဟာဖြင့် စာပေလောက မှာ ရောက်သင့်နေတာ ကြာပြီ ဖြစ်သလို၊ စာဖတ်ပရိသတ် အနေဖြင့်လည်း ကြည့်ရှုသင့်တာကြာပြီ ဖြစ်ကြောင်း သတင်းကောင်း တစ်ခု ပြောကြားရင်း ဖတ်ဖြစ်အောင်ဖတ်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။ [သင်ဖတ်ဖြစ်လျှင်ပင် ဤအရှင်ကြိုးစားစီမံ တင်ပြပေးရမှု ကျေနပ်နှစ်သက်နိုင်ပါပြီ]

အရှင်ကုဏ္ဍလာလင်္ကာရ (ဝိနယဝိဒူ)
သာသနတက္ကသိုလဓမ္မာစရိယ (စတုတ္ထနှစ်)
နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်
ကမ္ဘာအေး - ရန်ကုန်
၂၃ -၁၂ - ၉၄

# မိတ်ဆက်နိဒါန်း

ဤ "ဗိုလ်တောင်ဆရာတော်၏တရားသုံးလေးပုဒ်" ဟူသော စာအုပ်ကို ထုတ်ဝေရန်အတွက် မြိတ်မြို့၊ လေးကျွန်းဆိမ်းသိမ်တော်ကြီးဘုရားဂေါပကအဖွဲ့မှ ဆရာတော်အား လျှောက်ထားလာခြင်း ဖြစ်သည်။

အကြောင်းမှာ ဆရာတော်အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၂/၉၄ ပါ "မဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့ ဆက်ကပ် လှူဒါန်းကြောင်းကို ကြေငြာသဖြင့် မိမိတို့ မြိတ်မြို့နယ်အနေဖြင့်လည်း ဂုဏ်ပူဇော်သဘင်ကျင်းပရန်စီစဉ်ကြသည်။ ထို အစီအစဉ်ဖြင့် ၁၃၅၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်( )ရက်နေ့တွင် ဂုဏ်ပူဇော်သဘင်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။ ဤစာအုပ်ကို ယင်းဂုဏ်ပူဇော်သဘင်ပွဲတွင် ထုတ်ဝေရန်အတွက် လျှောက်ထားလာခြင်း ဖြစ်သည်။

သို့သော်လည်း သင်္ကြန်အခါဒုလ္လဘရဟန်းဝတ်သူများအား ကုသိုလ်ရရှိရေးအတွက် ဒုလ္လဘတရားစခန်းဖွင့်ပွဲကို ဆရာတော်ကိုယ်တိုင် ဆောင်ရွက်နေရခြင်း၊ ကဆုန်လဆန်း ၁၂ ရက် နေ့တွင် ဆရာတော် ဦးဆောင်၍ ပုလောမြို့နယ်ရှိ စက်တော်ရာ စေတီအား စိန်ဖူးတော်နှင့် ထီးတော်အသစ် တင်လှူပူဇော်ခြင်းများ ရှိနေသဖြင့် ဤစာအုပ်ကို ပူဇော်ပွဲအမီ မထုတ်ဝေနိုင်ခဲ့ပါ။

ဆရာတော်၏ဆန္ဒကား – စာအုပ်တစ်အုပ် အဖြစ် ထုတ်ဝေမည် ဆိုလျှင်လည်း ဖတ်ရှုသူတို့အား အကျိုးများစေသော စာအုပ်သာ ဖြစ်မြောက်စေလိုသည်။ ထို့ကြောင့် ဆရာတော်ကိုယ်တိုင် ဟောကြားခဲ့သော တရားများအနက်မှ အကျိုးများစေမည်ဟု ယူဆရသော တရားတော်တို့ကို ထုတ်နုတ်ကာ ရေးသားထားသဖြင့် ဖတ်ရှုသူတို့မှာလည်း အကျိုးရှိလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဆရာတော်သည် တရားဟောရာတွင် ဇာတ်+ဝတ္ထု+ ပါဠိ တော်လာ အကြောင်းအရာ အချက်အလက်တို့ကို ကောက်ချက်ချကာ အတွေးအခေါ် အယူအဆတို့ကိုပါ ထည့်သွင်း၊ ထည့်သွင်း၍ ဟော ကြားတက်သည်ဖြစ်ရကား --

ဤစာအုပ်သည် ငယ်ပင်ငယ်သော်လည်း ဘုရားဟော တရားတော်တို့ကို ဆရာတော်၏ စေတနာမှန်၊ အတွေးအခေါ်တို့ဖြင့် ပေါင်းစပ်ကာဟောကြားထားသော တရားစာအုပ်ဖြစ်သဖြင့် လောကီ ရော၊ လောကုတ္တရာပါ အကျိုးဖြစ်စေနိုင်မည့် စာအုပ်တစ်အုပ် ဖြစ် ကြောင်း တင်ပြလိုက်ရပါသည်။

အရှင်ဣန္ဒာစရိယ(မိုလ်တောင်)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ရန်ကုန်။

# ကုသိုလ်ဖြင့် ဘဝကိုတည်ဆောက်ပါ

ကိုယ့်ရဲ့ဘဝ၊ ကိုယ့် ရဲ့ မိသားစုဘဝ၊ ကိုယ့်အမျိုး၊ ကိုယ့်ရွာ၊ ကိုယ့်မြို့ ကိုယ့်နယ်၊ ကိုယ့်နိုင်ငံတို့ ကို ဖြစ်နိုင်သမျှ ကုသိုလ်ဖြင့် တည်ဆောက်ပါ။

## ဘဝကို ဘယ်လို ကုသိုလ်ဖြင့် တည်ဆောက်မလဲ

လောကကြီးမှာ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ လူ့ပြည်၊ ကောင်းတဲ့ ဘုံဌာန၊ ကောင်းတဲ့ပတ်ဝန်းကျင်၊ သာယာကြည်နူးဖွယ် အခြေအနေတွေကို ကုသိုလ်က တည်ဆောက်ပေးထားတာပါ၊ ကုသိုလ်က ဖန်တီးထားတာပါ၊ ကုသိုလ်ကြောင့် ဖြစ်လာတာပါ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ဘုံဌာနတွေ၊ အောက်ကျသေးသိမ်တဲ့ လူချင်းမတူတဲ့ အခြေအနေတွေကို အကုသိုလ်က တည်ဆောက်တာပါ၊ အကုသိုလ်က လောကကို ဖျက်ဆီးနေတာပါ၊ အကုသိုလ်ကြောင့် ဖြစ်တာပါ။ ဘာကြောင့် သိရတုံးဆိုလျှင် ဘုရားရှင်က ဒီသဘောမျိုး ဟောထားလို့ပါပဲ၊ ဒီတော့ ကုသိုလ်ဖြင့် ဘဝကိုတည်ဆောက်ခြင်း ဆိုတာ ဘုရားရှင်ရဲ့ အလိုတော်ကျပါပဲတဲ့။ လောကီ လူ့ဘုံကြီးမှာ ဒီလိုကုသိုလ်ဖြင့် ဘဝကို တည်ဆောက်လို့ ဖြစ်နိုင်ပါ့မလား လို့ ဆိုရင် အများကြီး ဖြစ်နိုင်ပါတယ်၊ ဖြစ်ခဲ့တဲ့ သာဓကတွေလည်း များစွာ ရှိပါတယ်။

### ဇနသန္ဓဇာတ်

ရှေးတုန်းက ဇနသန္ဓအမည်ရှိသော မင်းတစ်ပါးရှိပါတယ်။ ထိုမင်းဟာ မြို့တံခါးလေးပေါက်တို့၌ အလှူရုံ လေးရုံ ဆောက်၍ လည်းကောင်း၊ မြို့အလယ်၌ အလှူတော်ရုံတစ်ရုံ ဆောက်၍

လည်းကောင်း၊ နန်းတော်ဝ၌ အလှူတော်ရုံတစ်ရုံဆောက်၍ လည်းကောင်း၊ နေ့စဉ်နေ့စဉ် ခြောက်သိန်း ခြောက်သိန်း အကုန်အကျခံ၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ချောက်ချားစေလျက် အလှူဒါနကြီး ပေးနေသော အလှူရှင် မင်းတရားကြီး ဖြစ်ပါတယ်။

အချုပ်တိုက်နှင့်ထောင်များကို ဖွင့်လှစ်၍ လွတ်ငြိမ်း ချမ်းသာ ခွင့်ပေးပြီးလျှင် တရားရုံးကိုပါ ရှင်းလင်းသုတ်သင်စေပြီး ပေးတန်က ပေးကမ်း၊ စွန့်ကြဲတန်က စွန့်ကြဲ၊ လှူဒါန်းတန်ကလှူဒါန်းမှု၊ ဒုက္ခကို ကူညီဖယ်ရှားပေးလိုသော ကရုဏာ၊ ကြီးပွားချမ်းသာအောင် စောင့်ရှောက် ဆောင်ရွက်ပေးလိုသော မေတ္တာအရင်းခံသော ချိုဆိမ့်နှစ်လိုဖွယ်စကားများဖြင့် ပြောဆိုဆုံးမ ပါတယ်။ ဒူးနေရာ ဒူး၊ တော်နေရာတော်၊ သူ့နေရာနှင့်သူ၊ အရည်အချင်းနှင့်အညီ ရာထူးဌာနန္တရပေးဝေကာ ညီတူညီမျှဖြစ်စေလျက် အားလုံးအကျိုးရှိသော ကိစ္စများကို မဆုတ်မနစ်အောင်မြင်အောင် ဆောင်ရွက်လျက် တိုင်းပြည်၌ နေသူ လူအပေါင်းတို့ကို ချီးမြှောက်တတ်သော မင်းတရားကြီးလည်း ဖြစ်ပါတယ်။ သူ့လက်ထက်ဝယ် အချုပ်ခန်း နှောင်အိမ်ထောင် တို့၌ လူလုံးဝမရှိ၊ တရားရုံး၌လည်း မှုခင်းကိစ္စမရှိပါ။ မင်းတရားကြီးကိုယ်တိုင်က ငါးပါးသီလလုံခြုံတယ်၊ ဥပုသ်စောင့်တယ်။ ထိုမင်းတရားလက်ထက်၌ တရားသဖြင့် မင်းပြုသဖြင့် တိုင်းပြည်ငြိမ်းချမ်းသာယာ ဝပြောစည်ပင်ပါတယ်။ သူတော်ကောင်း တရားလွှမ်းမိုးနေပါတယ်။ သင့်လျော်သော အခါသမယများဝယ် တိုင်းသူပြည်သားများကိုစည်းဝေးစေပြီး 'မှု'ချမှတ်ပါတယ်။ သူ့မှုကလည်း အံ့ဩဖွယ်ရာပါ။

၁။ တစ်ဦး တစ်ဦး သင့်လျော်သလို ကူညီထောက်ပံ့ကြရမည်၊ (ရဟန်း၊ ပုဏ္ဏားတို့ကို တရားကျင့်နိုင်ရန်၊ တိုင်းသူပြည်သားတို့အား အဆုံးအမပေးနိုင်ရန်) ပစ္စည်းလေးပါးတို့ဖြင့်

ထောက်ပံ့လှူဒါန်းခြင်း၊ မရှိဆင်းရဲသူတို့အား ပေးကမ်းဝေငှခြင်း၊ အရင်းအနှီး ကူညီပေးခြင်း၊ မိမိ၏ အကျိုး အမြတ်ကို မကြည့်ဘဲ လွတ်လွတ်ကျွတ်ကျွတ်ကူညီထောက်ပံ့အရင်းအနှီး လှူပေးခြင်း၊ အရင်းအမြစ် ထောင်ပေးခြင်း၊ ခရီးသွားသူ၊ ရိက္ခာပြတ်သူတို့အား ခရီးလမ်းဆုံးထိ သွားနိုင်အောင် ကူညီထောက်ပံ့ခြင်း။ ကုန်သည် စသူတို့ အချင်း ချင်း တစ်ဦးတစ်ဦး ကူညီရိုင်းပင်းစေခြင်း စသော လူသား အချင်းချင်း၊ သတ္တဝါအချင်းချင်း ကူညီရိုင်းပင်း စာနာ ထောက်ထား၍ ကူညီထောက်ပံ့ရမည်။

၂။ တစ်တိုင်းပြည်လုံး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော အကျင့်သီလနှင့် ပြည့်စုံရမည်။ (အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုဟူသည် မိမိကိုယ်လည်းကောင်း၊ မိမိမှ အခြားသော သတ္တဝါကိုလည်းကောင်း၊ နှစ်ဦးနှစ်ဖက်ကို လည်းကောင်း) နှိပ်စက်သော အပြုအမူ အပြောအဆို, ထိပါးသော အပြုအမူ အပြောအဆို, ရိုင်းပြသော အပြုအမူ အပြောအဆို၊ ထိခိုက်သော အပြုအမူ အပြောအဆိုများကို ရှောင်ရှားပြီး အားလုံးစိတ်ချမ်းသာ ကိုယ်ချမ်းသာမှုကို ဖြစ်စေနိုင်သော စေတနာ့ဝန်ထမ်း အကျိုးဆောင်လုပ်ငန်းများ၊ပြောဆိုတိုင်ပင် ပြုမူ လုပ်ကိုင်ကြရမည်။။

ငှင်းစေတနာ့ဝန်ထမ်းအကျိုးဆောင်လုပ်ငန်းများကို တစ်ဦးချင်းဖြစ်စေ၊အများစုပေါင်း၍ဖြစ်စေ၊အသင်းအဖွဲ့လိုက် ဖြစ်စေ လူမျိုး၏အကျင့်စရိုက်ဓလေ့ဖြစ်အောင် တစ်ပြည်လုံး အတိုင်းအတာ ဖြင့် ဆောင်ရွက်ကြရမည်။

၃။ လွန်စွာအကျိုးများသော စိတ်များ၊ စိတ်ဓာတ်များ၊ စိတ်ကူးများကို အဖန်ဖန်ဖြစ်အောင် လူကြီးလူငယ်မရွေး အားလုံး

အတိုင်း အတာဖြင့် ဖြစ်နိုင်အောင် ဆောင်ရွက်ကြရမည် (ထိုမင်းတရား သည် တိုင်းပြည်မှာ ရုပ်ပိုင်း ဆိုင်ရာကိုသာ ပြုပြင်လိုဟန်မရှိ၊ အတွင်းကျကျ စိတ်, စေတနာတို့၏ ပျက်စီးနိုင်မှု စွမ်းအားကို သဘောပေါက်နေရကား၊ တကယ် တိုင်းပြုပြည်ပြုကိစ္စ၌ တကယ်ပဓာနကျသော စိတ်ဓာတ်ပိုင်း ဆိုင်ရာကို အလေး အနက် ထားဟန်တူသည်) သူဟာ သူ၏ တိုင်းသူပြည်သားများအပေါ် အကျိုးလိုလားမှု၊ အမြော်အမြင် ရှိမှုသည် ပစ္စုပ္ပန် ဘဝအတိုင်းအတာကို ကျော်လွန်ပြီး ဖြစ်နေ ပါတယ်။ သံသရာကိုပါမျှော်၍ အကျိုးဆောင်နိုင်သော လွန်စွာ အဆင့်မြင့်မား သော ခေါင်းဆောင်ကြီး ဖြစ်ပါတယ်။ (တိုင်းသူပြည်သားများ ယောက်ယက်ခတ်နေသော စိတ်များ ကို ငြိမ်သက်စူးစိုက်၊ စူးရှ၊ ထက်မြက်မှုရှိအောင်၊ ကောင်း သော စိတ်ကူးအမျိုးမျိုး၊ ကောင်းသောအာရုံအမျိုးမျိုးကို ရှုမြင်မှုဘာဝနာ – တစ်ပြည်လုံး အတိုင်းအတာဖြင့် ပွားများ နိုင်အောင် ဆောင်ရွက်ရမည်ဟု ဆိုလိုသည်။

၄။ ဥပဒေနှင့်အညီ၊ လူ့ကျင့်ဝတ်တရားနှင့်အညီ အလုပ်လုပ် ကိုင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်ကြရမည်။

၅။ ကလေးလူငယ်များကို ငယ်ရွယ်စဉ်မှစ၍ အတတ်ပညာ သင် ပေးကြရမည်။

၆။ တစ်ပြည်လုံး အတိုင်းအတာဖြင့် ဆင်းရဲသူမရှိ၊ ပစ္စည်းမဲ့ လူ တန်းစားမရှိ၊ ဥစ္စာခနေကြွယ်ဝသူချည်း ဖြစ်အောင် ဆောင်ရွက် ကြ ရမည်။ (ပစ္စည်းမဲ့ လူတန်းစား ပပျောက်အောင် အားလုံး အလုပ်လုပ်အောင်၊ အလုပ်လုပ်တတ်အောင်၊ အလုပ်လုပ် နိုင် အောင် စည်းရုံးလှုံ့ဆော်ကူညီထောက်ပံ့ပေးကြရမည်။)

၇။ ရပ်မှုရွာမှုကိစ္စများ၌ ကောက်ကျစ်စဉ်းလဲမှု မရှိအောင်၊

ဂုံးတိုက်မှု၊ နစ်နာစေမှု မရှိအောင် ကြပ်မတ်ကြရမည်။

၈။ ဒေါသဖြင့်ကြမ်းတမ်း၊ မာနဖြင့်ခက်ထန်သူများ မဖြစ်အောင် တိုင်းသူ ပြည်သားများကို ဆုံးမသွန်သင်ကြရမည်။

၉။ အမိကို ပြုစုလုပ်ကျွေးသောကျင့်ဝတ်၊ အဖကို ပြုစုလုပ်ကျွေးသော ကျင့်ဝတ်များ မပျက်စီးစေရ။

၁၀။ အသက်အားဖြင့်ကြီးရင့်သူများကို နေရာဦး၊ ရေဦးပေးခြင်း စသည်ဖြင့် အရိုအသေပေးသော အလေ့အထ, သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် ကြီးရင့်သူများကို နေရာဦး၊ ရေဦး ပေးခြင်း၊ ကောင်းသောဩဝါဒစကားကို လိုက်နာခြင်း စသည်ဖြင့် အလေးအမြတ်ထားသော အလေ့အထ တစ်ပြည်လုံး အတိုင်းအတာဖြင့် ရှိရမည်။

ဤကဲ့သို့ သဘာဝကျအောင်, အကျိုးအပြစ်ကို ရှင်းလင်း ပြောပြ၊ နားလည်သဘောပေါက်အောင် နည်းမျိုးစုံဖြင့် ဖွင့်ပြ၊ အများ မသိနိုင်သည့် တိမ်မြုပ်နေသည့်အရေးပါသည့် သဘာဝဓမ္မတို့ကို အကြောင်းအကျိုးပေါ်လွင်အောင် ထုတ်ဆောင်ပြ၍ တိုင်းသူ ပြည် သားတို့အား ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားအောင် ဘဝမှာ စိတ် ချမ်းသာ, ကိုယ်ချမ်းသာ, မတောင့် မတ, မကြောင့်မကြ, မပူမပန် နေနိုင်အောင် ငြိမ်းချမ်း၍ သာယာဝပြော စည်ပင်မွေ့လျော်ဖွယ် ကောင်းအောင် အုပ်ချုပ်တတ်ပါတယ်။ တစ်ခုသောအခါက ထို မင်းတရားသည် လပြည့်နေ့တစ်နေ့ဝယ် ဥပုသ်သီတင်း ဆောက် တည်ပြီး မြို့သူမြို့သား အားလုံး အစည်းအဝေးခေါ်၍ နောင်တပူပန် ရခြင်း၏ အကြောင်းတရား၊ နောင်တမပူရဘဲ ပျော်ရွှင်နှစ်သိမ့်မှု အကြောင်းအရာများကို တစ်ခုချင်း ရှင်းလင်းဖော်ပြ၍ မိန့်ခွန်း တစ်ရပ် မြွက်ကြားပါတယ်။

ထိုမိန့်ခွန်းဟာ လွန်စွာကျော်ကြားသော မိန့်ခွန်းတစ်ရပ်

ဖြစ်ပါတယ်၊ ၄င်းမိန့်ခွန်းထဲ၌ အောက်ပါ အချက်အလက်များဖော်ပြ ရှင်းလင်း၍ ထားပါတယ်၊ ဤ ၁၀ ချက်ကို ပြုသင့်သော အချိန်များကို ပြုမထားမိပါက နောင်အခါ နောင်တ ပူပင်ရတတ်သည်။ ဒီဘဝမှာလည်း ပူပင်ရတတ်သည်၊ တမလွန်လောက ရောက်ပြန်လည်း ပူပင်ဆင်းရဲရတတ်ပါသည်တဲ့။

(၁)။ သန်တုန်း, မြန်တုန်း, နုပျိုတုန်း လုပ်ငန်းဆောင်တာ ပြုလုပ်နိုင်တုန်းအခါက ပစ္စည်းဥစ္စာစနေ ကြွယ်ဝအောင် မစုဆောင်းတတ်လျှင် ကြီးသောအခါ ပူပင်ဆင်းရဲရ၏။ ချမ်းသာသူများကို မြင်ရလေလေ နောင်တရ၍ ပူပင်ရလေလေ ဖြစ်တတ်၏။ ထို့ကြောင့် သန်တုန်း, မြန်တုန်း,နုပျိုတုန်း အလုပ်လုပ်နိုင်သောအချိန် စီးပွားဥစ္စာ ရှာကြပါ။

(၂)။ ငယ်ရွယ်စဉ်က ကျွမ်းကျင်လိမ္မာသော ဆရာသမားများထံ ချဉ်းကပ်၍ အတတ်ပညာ မသင်ခဲ့ရင်၊ တတ်သိလိမ္မာကျွမ်းကျင်မှု မရှိသောကြောင့် အသက်မွေးဝမ်းကြောင်း ခက်ခဲ၏။ နောင်တပူပန်ဆင်းရဲရ၏။ အရွယ်လွန်မှ အတတ်ပညာသင်ဖို့လည်း မဖြစ်နိုင်။ ထို့ကြောင့် ငယ်ရွယ်စဉ် အခါက အတတ်ပညာသင်ကြပါ။

(၃)။ ရပ်ရွာလူထုကို ဖျက်ဆီးသူ၊ ရွာအကျိုးနှောင့်ယှက်သူ၊ အများပိုင်ပစ္စည်းများကို အကြောင်းမဲ့ ဖျက်ဆီးသူ၊ မသမာသော ချိန်ခွင်ဖြင့် ခိုးနည်း၊ မတရားသော တောင်း,တင်း စသည်ဖြင့် ခိုးနည်း၊ အစစ်ကို အတုနှင့်လဲ၍ ခိုးနည်း၊ လှည့်ပတ် ဖြားယောင်း၍ ခိုးနည်း စသည်တို့ကို ကျူးလွန်သူ၊ မတရား အမှုဆင်၍ နိုင်ထက်စီးနင်းပြုကာ ဒုက္ခပေးသူ၊ ညီညွတ်နေသူများအား ကွဲပြားအောင် ဂုံးချောသူ၊ ချောက်တွန်းသူ။ နောက်ကျောမှ အသားကို စားသူကဲ့သို့ လာဘ်

စား၍ မတရားဆုံးဖြတ်သူ၊ ဤပုဂ္ဂိုလ်များသည် သေခါနီးသော အခါ နောင်တပူပန် ဆင်းရဲရ၏။ ထို့ကြောင့် ကောင်းကွက် ပြောစရာ စကားရှာမရလောက်အောင် အလွန်အမင်း ဆင်းရဲ လှသော ငရဲ၌ မနေလိုလျှင် ဤကဲ့သို့သော စက်ဆုပ်စရာ၊ ကြောက်ရွံ့ထိတ်လန့်စရာ၊ မကောင်းသောအလုပ်များကို မလုပ်ကြနှင့်။

၄။ စိတ်ကြမ်း၊ ကိုယ်ကြမ်းဖြင့် အဆင့်အတန်းနိမ့်ကျသော၊ ရိုင်းပြသော စာရိတ္တရှိသူ ဖြစ်၍ သူတစ်ပါးတို့အား ညှဉ်းပန်းနှိပ်စက်အနိုင်ထက်ပြုခြင်း၊ သတ်ဖြတ်ခြင်းပြုလေ့ရှိသူသည် နောင်တ,တစ်ဖန် ပူပန်ဆင်းရဲရ၏။ ထို့ကြောင့် သည်းခံခြင်း, ဒေါသဖြင့်မတုံ့ပြန်ဘဲ မိမိ၏ကောင်းသောအလုပ်ကို ဆက်လက်ပြုလုပ်နိုင်သော ခံနိုင်ရည်ပြည့်ဝခြင်း၊ အများချမ်းသာအောင် ဆောင်ရွက်ခြင်း၊ သူတစ်ပါးကို ဒုက္ခ ဖယ်ရှားပေးနိုင်အောင် ဆောင်ရွက်ခြင်း ပြုလုပ်၍ ဒေါသ မာန်မာန မပေါ်အောင် ထိန်းသိမ်း၍ နေကြရမည်။

၅။ သူတစ်ပါးတို့သိမ်းပိုက်မထားသောအမျိုးသမီးပေါင်း၊ အမျိုးသားပေါင်းများစွာရှိပါလျက် ၎င်းအမျိုးသား အမျိုးသမီးတို့အပေါ် လောကထုံးစံနှင့်အညီ လက်ထပ်၍ ပြုမူသွားလာနိုင်ပါလျက် သူတစ်ပါးသားမယားကို ဖျက်ဆီးသော ပုဂ္ဂိုလ်သည် နောင်တ,တစ်ဖန်ပူပန်ဆင်းရဲရ၏။ထို့ကြောင့်လောကထုံးစံနှင့်အညီ လက်ထပ်၍ ပြုမူသွားလာ ဆက်ဆံ နေထိုင်ကြပါ။

၆။ မိမိ၌ အစားအသောက် ခဲဖွယ် ဘောဇဉ်များ ပိုလျှံအောင် ရှိပါလျက် ဒါန မပြုမိသောသူသည် နောင်တ,တစ်ဖန် ပူပန်ဆင်းရဲရ၏။

၇။ အရွယ်လွန်ပြီ ဖြစ်ကြသော မိအို–ဖအို များကို ပြုစုလုပ်ကျွေးနိုင်သော နေအင်အားရှိပါလျက် မပြုစု မလုပ်ကျွေးသော ပုဂ္ဂိုလ်သည် နောင်တ,တစ်ဖန် ပူပန်ဆင်းရဲရ၏။ (မိဘကျေးဇူးသိ၍ ပြုစုလုပ်ကျွေးကြပါ။)

၈။ မကောင်းသောအကျင့်စရိုက်များကို ဖယ်ရှားဆုံးမနိုင်ရန်၊ ကောင်းသော အကျိုးစီးပွားများကို ပြောဆိုညွှန်သင်ပြနိုင်သော အလုံးစုံသော လောကီစည်းစိမ်တို့ကို ဆောင်ကျဉ်းပေးနိုင်သော ၊ အဖအအရာ၌တည်သော၊ အတတ်သင်ပေး၍လူရာဝင်အောင် မွေးမြူစောင့်ရှောက်အပ်သော ဆရာသခင်ကျေးဇူးရှင်ကို ဆုံးမဩဝါဒစကား နားထောင်ခြင်း၊ လိုက်နာခြင်းမပြုဘဲ ဗီလာကန့်လန့် ဆန့်ကျင်ဘက် လုပ်သူသည် နောင်တ,တစ်ဖန် ပူပန်ဆင်းရဲရ၏။ (ထို့ကြောင့် အကျိုးလိုလားသော ဆရာသခင်ကျေးဇူးရှင်ရဲ့ ဆုံးမဩဝါဒကို နာယူကြပါ။)

၉။ အကျင့်သီလနှင့်ပြည့်စုံသော လောကီ,လောကုတ္တရာအကြားအမြင် ဗဟုသုတရှိသောရဟန်းပုဏ္ဏားတို့ကို ပြုစုလုပ်ကျွေးခြင်းဖြင့် မချဉ်းကပ်မိသည်ရှိသော် လောကီ– လောကုတ္တရာ အကျိုးစီးပွားတို့မှ ဆုတ်ယုတ်သောကြောင့် နောင်တ, တစ်ဖန် ပူပန်ဆင်းရဲရ၏။

၁၀။ ငယ်ရွယ်စဉ်စွမ်းနိုင်စဉ်အခါက ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ သုစရိုက်တရားတို့ကို ပြုပြင်၍လည်းကောင်း၊ ထိုကဲ့သို့ပြုလုပ်နေသူတို့ကို ချဉ်းကပ်ပေါင်း၍ လည်းကောင်း၊ သုစရိုက်တရားထွန်းကားအောင် ပြုနိုင်ခြင်းသည် ကောင်း၏။ ထိုကဲ့သို့ မပြုမိသည် ရှိသော် အိုမင်းယိုယွင်း၍ သေခါနီးသည့်အခါ

နောင်တ,တစ်ဖန် ပူပန်ရ၏။ (ထို့ကြောင့် နောင်တ,တစ်ဖန် မပူပန်ရအောင် လုပ်နိုင်စွမ်းရှိတုန်း ကိုယ်ဖြင့်လည်း ကောင်းသော အလုပ်တွေလုပ်ကြပါ၊ နှုတ်ဖြင့်လည်း ကောင်းသော အလုပ်တွေ လုပ်ကြပါ။ စိတ်ဖြင့်လည်း ကောင်းသောအလုပ်တွေ လုပ်ကြပါ၊ ဘာဝနာ ပွားကြပါ။

နိဂုံးအနေအားဖြင့် ယခုပြခဲ့သော ကိစ္စများကို သင့်လျော်သော အကြောင်းနည်းလမ်းဖြင့် ပြုလုပ်သူ၊ စွဲစွဲမြဲမြဲ ဆောက်တည်ပြုလုပ်သူသည် ယောကျ်ားပီပီသသ၊ အမျိုးကောင်းသား–အမျိုးကောင်း သမီး ပီပီသသ၊ တိုင်းကြီးပြည်ကြီးသား ပီသသူမည်၏။ ဘယ် ကိစ္စများ မဆို လေးလေးစားစားပြုတတ်သူ ဖြစ်သောကြောင့် နောင်တ,ပူပန်စရာမလို၊ ပီတိသောမနဿဖြင့် ပွားကာ လွန်စွာ ရွှင်လန်း ဝမ်းမြောက်ရ၏။ ဤကဲ့သို့သော လပြည့်နေ့တိုင်း၊ လပြည့်နေ့တိုင်း လူထုအား လမ်းညွှန်ဆုံးမ သြဝါဒများ မြွက်ကြားစည်းရုံး၍ စောင့်ရှောက်တတ်သောကြောင့် တိုင်းသူပြည်သား လူအပေါင်း တို့သည် မင်းတရား၏အဆုံးမသြဝါဒအတိုင်း လိုက်နာလျက် ချမ်းချမ်းသာသာ အသက်တမ်းစေ့နေကြရပြီး သေသည်၏အခြားမဲ့၌ ကောင်းရာ သုဂတိ လားကြရ၏။

ကုသိုလ်ဖြင့်ဘဝကို တည်ဆောက်ရာ၌ ဤဇနသန္ဓမင်းတို့လို ပုဂ္ဂိုလ်မျိုးသည် မိမိတို့ဘဝကိုသာ ကုသိုလ်ဖြင့် တည်ဆောက်နိုင်ကြသည် မဟုတ်ဘဲ မိမိ၏အစိုးရမှု အာဏာသြဇာတိက္ကမ, စည်းရုံးနိုင်မှုစွမ်းအားကို အကြောင်းပြု၍ တိုင်းသူပြည်သားတို့အားလည်း ကုသိုလ်ဖြင့် ဘဝကိုတည်ဆောက်ရေးကို အစီအစဉ် မှုချမှတ်၍ စနစ်တကျ ဆောင်ရွက်အကောင်အထည်ဖော်နိုင်ခဲ့ကြပါတယ်။ ကုသိုလ်ဖြင့် ဘဝကို တည်ဆောက်ရာဝယ် အရေးကြီးသော အချက်သုံးချက်ကိုလည်း တရားတော်ကို အခြေခံ၍ ဖော်ပြပါဦးမည်။

၁။ စိတ်ကူးကောင်းဖို့က အဓိက
၂။ ရှေ့စိတ်ကူးဖြင့် နောက်စိတ်ကူးကို ပြုပြင်ပါ။
၃။ မကောင်းသောစိတ်ကူးကို ကောင်းသော စိတ်ကူးဖြင့် ဖယ်ရှားပစ်ပါ။

၁။ စိတ်ကူးကောင်းဖို့သည် လွန်စွာအရေးကြီးပါတယ်၊ စိတ်ကူးသည် မိမိဘဝ, မိမိသံသရာ, မိမိပတ်ဝန်းကျင်ကို စီမံဖန်တီးနိုင်စွမ်းရှိပါတယ်၊ မှန်ပါတယ်၊ ရဟန္တာမဖြစ်သေးသူ၏စိတ်ကူးများဝယ် စေတနာဟုဆိုအပ်သော ကံတရားသည် ပါဝင်နေလေ့ ရှိသောကြောင့်ဖြစ်ပါတယ်၊ စိတ်ကူးသည် ကောင်းလျှင် ကောင်းသလောက်၊ ထက်သန်လျှင် ထက်သန်သလောက်၊ အားကြီးလျှင် အားကြီးသလောက်၊ အကျိုးပေးကောင်းခြင်း၊ တက်ကြွခြင်း၊ အားကြီးခြင်းဖြစ်လေ့ရှိပါတယ်၊ စိတ်ကူးကောင်းဖို့ အရေးကြီး၏ ဆိုရာ၌ ကြံစည်တွေးတောမှု သက်သက်ကိုသာ ဆိုလိုသည်မဟုတ်ပါ၊ ပြောဆိုမှု,ပြုလုပ်မှုအထမြောက်အောင် တွန်းအားပေးဖြစ်ပေါ်စေနိုင်သော စိတ်ကူးများ ကိုဆိုလိုပါသည်။ (ကာယကံ, ဝစီကံ, မနောကံနှင့်တကွ ဖြစ်သော စိတ်ကူးများကို ဆိုလိုသည် ဟူလို)

ဥပမာ။ ။ ကုသိုလ်ပြုလိုသောစိတ်ကူး၊ ဒါနပြုလိုသောစိတ်ကူးများ၊ ဘာဝနာပွားလိုသော စိတ်ကူးများ၊ အများအကျိုးဆောင်လိုသော စိတ်ကူးများ၊ အများ၏ဒုက္ခကို ဖယ်ရှားပေးလိုသော စိတ်ကူးများ။

ဒါနပြုမှုအထမြောက်အောင် ပြောဆိုပြုလုပ်မှုကိုဖြစ်စေလိုသော စိတ်ကူးများ, သီလဆောက်တည်မှုကို ဖြစ်ပေါ်စေသော စိတ်ကူးများ၊ သမထဝိပဿနာတစ်မျိုးမျိုးကိုပွားများမှုများ၊ ကောင်းသောအကျိုးဆောင်မှု ကရုဏာစိတ်ဖြင့် ကူညီရိုင်းပင်းမှုကို ထမြောက်အောင် ဖြစ်ပေါ်စေသော စိတ်ကူးများသည် စိတ်ကူးကောင်း များ

ဖြစ်ကြပါတယ်။ ဤစိတ်ကူးများသည် အလိုအလျောက် ဖြစ်ပေါ်ကြသည် မဟုတ်၊ ရှေးကံကြောင့်ချည်း ဖြစ်ပေါ်ကြသည် မဟုတ်၊ (ရှေးကံ၏တိုက်တွန်းလှုံ့ဆော်မှုကား ပါဝင်နိုင်၏) ဤ စိတ်ကူးများသည် မိမိဖြစ်ပေါ်စေချင်လျှင် ဖြစ်ပေါ်နိုင်၏ မဖြစ်ပေါ်စေလိုလျှင် မဖြစ်ပေါ်ဘဲလည်း လုပ်လို့ ဖြစ်နိုင်၏။ (ကိုယ်စိတ်ကူး ချင်သလို စိတ်ကူးနိုင်၏ဟူလို) ဤစိတ်ကူးသည် ပြောဆို၍ မပြနိုင်လောက်အောင် ဆန်းကြယ်၏။ အာရုံအမျိုးမျိုးကို အချင်းအရာ အမျိုးမျိုးဖြင့် စိတ်ကူးတတ်၏။ ဤသို့ စိတ်ကူးဆန်းကြယ်တိုင်း ကံဆန်းကြယ်၏။ ကံဆန်းကြယ်တိုင်း ဘဝသည် ဆန်းကြယ်လေ့ ရှိ၏။ ဤစိတ်ကူးသည် ပတ်ဝန်းကျင်အားလျော်စွာလည်း ဖြစ်တတ်၏။ ဗဟုသုတအားလျော်စွာလည်း ဖြစ်တတ်၏။ အလေ့အကျင့် အားလျော်စွာလည်း ဖြစ်တတ်၏။ ပင်ကိုဓာတ်ခံစရိုက် အားလျော်စွာလည်း ဖြစ်တတ်၏။ အာရုံလိုက်စားမှု အလေ့အထ အားလျော်စွာ လည်း ဖြစ်တတ်၏။ နှလုံးသွင်းမှုအားလျော်စွာလည်း ဖြစ်တတ်၏။ ဤသို့စသည်ဖြင့် စိတ်ကူးပေါ်ပေါက်ရန်အတွက် အထောက်အပံ့ များစွာ ရှိ၏။

သာမန်အနေဖြင့်ကြည့်လျှင်ပင် ဤစိတ်ကူးဖြင့် တိုင်းပြည်များကို ဖျက်ဆီးနေကြပုံ၊ တိုင်းပြုပြည်ပြု လုပ်ကိုင်နေကြပုံ၊ ဘဝကို ဖျက်ဆီးနေကြပုံ၊ ဘဝကို တည်ထောင်ကြပုံ၊ ကမ္ဘာကို ဖျက်ဆီးနေကြပုံ၊ ပြုပြင်နေကြပုံတို့မှာ သိသာထင်ရှားလှ၏။ ထိုထက်ပို၍ ဗုဒ္ဓဘာသာအမြင်ဖြင့်ကြည့်ရှုပါမူ စိတ်ကူးတိုင်းရှိ စိတ်ကူးအတွင်းဝယ် တွဲလျက်ပါရှိသောစေတနာသဘောတရားသည်တစ်ဘဝလည်းမက၊ ဘဝ တစ်ရာလည်းမက၊ ဘဝတစ်ထောင်၊ ဘဝကုဋေကုဋာ များစွာလည်းမက ကမ္ဘာပေါင်း မရေမတွက်နိုင်သည့်တိုင်အောင် တစ်ခါတစ်ရံ ရုပ်နာမ် အစဉ် ချုပ်ငြိမ်းသည့်တိုင်အောင်ထိ ကြီးမားသော

ဖန်တီးနိုင်စွမ်းရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် စေတနာ၏ သဘာဝတ္တတရားများကို ဖွင့်ဆိုရာ (သင်္ခါရမဟိသင်္ခါရတောဝါ, ဗျာပါရမာပဇ္ဇတိတိ စေတနာ၊ တထာဟိ အယမေဝ အဘိသင်္ခရ တောပဓာနတ္တာ ဝိဘင်္ဂေ) စသည်ဖြင့် ဖွင့်ဆိုတော်မူကြသည်။

အဓိပ္ပာယ်လိုရင်းမှာ ရုပ်တရား နာမ်တရား များကို ပြုပြင်ဖန်တီးရာ၌ ကြောင့်ကြဗျာပါရစွမ်းအား သတ္တိရှိပုံ ပဓာန အကြောင်းဖြစ်ပုံ ကို ဖွင့်ဆိုခြင်းဖြစ်သည်။ ၎င်းစိတ်ကူးများသည် ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာအာရုံ နှင့် ယှဉ်စပ်လိုက်ပါက (ဝါ) ပေါင်းစပ်မိပါက အလွန်ထက်မြက်သော စွမ်းအားများ ဖြစ်ပေါ်လာတတ်၏။ အာရုံများကြောင့် စိတ်ထက်မြက်မှုဖြစ်ပုံကို ပုထုဇဉ်ကိုလှူဒါန်းလျှင် အကျိုးရပုံ၊ အရိယာကို လှူဒါန်း၍ ထို့ထက် အကျိုးရပုံ၊ ရှင်ပစ္စေကဗုဒ္ဓါကို, မြတ်စွာဘုရားကို, ဘုရားအမှူးရှိသော သံဃာကိုလှူဒါန်းက ထိုထက် အကျိုးရပုံ၊ နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာခပ်သိမ်း ဖယ်ရှားနိုင်ပြီး ဒုက္ခခပ်သိမ်းငြိမ်းရပုံ တို့ကို သတိပြု၍ သိရာ၏။ ထို့ကြောင့် စိတ်ကူးထက်ဖို့ အရေးဝယ် အာရုံသည် ပဓာန ဖြစ်၏၊ အာရုံကောင်းကို ရရှိဖို့ အရေးကြီး၏။

ထို့ကြောင့် မိမိနေထိုင်ရာ ပတ်ဝန်းကျင်၊ မိမိနေထိုင်ရာ တိုက်တာအိုးအိမ်၌ ပန်းချီကား ချိတ်ဆွဲမှုမှအစ ထက်မြက်သော, ကောင်းသောစိတ်ကူးများ ဖြစ်ပေါ်စေနိုင်သော၊ အပြင်အဆင်အမွှမ်းအမံများဖြင့် စိတ်ကူးကောင်းပေါ်အောင် စိတ်ကူးထက်အောင် ကြံဆောင် ပြုလုပ်ရာ၏။

ရှေးတုန်းက ဘုရားအလောင်းတော်ဖြစ်သော တိလောကဝိဇယ အမည်ရှိသော စကြာမင်းသည် ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်အားလုံး၊ ရှင်ပစ္စေကဗုဒ္ဓါအားလုံး၊ အရိယာသာဝကအားလုံး ပင်ကိုအသွင်သဏ္ဍာန်အတိုင်း ဖြစ်အောင် စိတ်ကူးဖြင့်ဖန်ဆင်း၍

အထပ်ပေါင်းများစွာရှိသော ရတနာအတိ ကျောင်းဆောင်၊ ဗိမာန်တော်ကြီးကို ပရိဘောဂမျိုးစုံ၊ အဖိုးထိုက်တန်သော ပရိဘောဂမျိုးစုံ၊ အဖိုးအတိုင်း မသိသော ရတနာတို့ဖြင့် ပြုထားသော ပရိဘောဂမျိုးစုံ၊ သိမ်မွေ့နူးညံ့သော အခင်းအခြုံမျိုးစုံ၊ ခမ်းနားဆန်းပြား ကျက်သရေရှိလှသော အဆင်တန်ဆာမျိုးစုံ၊ ရတနာတို့ဖြင့်သာ ပြုလုပ်အပ်သော အထွတ် တုပိကာ ပြာသာဒ်ဆောင်၊ ဘုံဆောင် ဘုံနန်း အခမ်းခမ်း အဆောင်ဆောင် တို့ကို စိတ်ကူးဖြင့် ဖန်ဆင်းပါတယ်။ အဲဒီအပေါ်မှာ ပွင့်တော်မူပြီးကုန်သော ဘုရားရှင်ကိုယ်တော်မြတ် ကြီးတွေက ကိုယ်တော်မြတ်ကြီးတို့၏ အရိယာသာဝကများ ကိုယ်စီကိုယ်စီ ခြံရံပြီး ခမ်းနားထယ်ဝါသောတံခါးပေါက်ကြီးများမှဝင်ရောက်တော်မူလာကြပုံ၊ ပွင့်တော်မူပြီးသော အရှင်ပစ္စေကဗုဒ္ဓါများ ကြွချီတော်မူလာကြပုံ၊ ရွှေအင်းပျဉ်များပေါ်၌ သီတင်းသုံးတော်မူနေကြပုံ၊ ပဒေသာပင်များမှ ဆွတ်ချူရ၍ ပြုလုပ်ထားသော တိစိဝရိတ်သင်္ကန်းများ လှူဒါန်းပုံ၊ နတ်သုဒ္ဓါနှင့် တူသော ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းပုံ၊ ပျားသကာ ထောပတ် တင်လဲ စသော မြိန်မြတ်သော အရသာများ ဆက်ကပ်ပုံ၊ အသီးသီးသော တိုက်ခန်းသို့ ဝင်ရောက်၍ ကျိန်းစက်တော်မူကြပုံ၊ သတိသမ္ပဇဉ်နှင့်ကျိန်းစက်ရာမှထ၍ သမာပတ်ဝင်စားတော်မူပုံ၊ တန်ခိုးပြတော်မူကြပုံ၊ ပြာသာဒ် ဗိမာန်တော်ကြီး၏ ၄ ဘက် ၄တန် ၌ ကြာမျိုးငါးပါးဖြင့် တင့်တယ်သော ရွှေသား၊ ပန်းပုရပ်တို့ဖြင့် ဆန်းကျယ်သော ရေကန်တော်ကြီးများကို စိတ်ကူးဖြင့် လျှင်မြန်စွာ ဖန်ဆင်းပါတယ်၊ ပေါပေါက်လာသော ရေကန်တော်ကြီးထဲမှ ကြာဝတ်မှုံများက ပျံတက်၍ ဗိမာန်တော်ကြီးအား ပူဇော်ကြပုံ၊ဗိမာန်တော်ထက်၌ ဥဒေါင်းငှက်များက ပူဇော်နေကြပုံ၊ နတ်ဟင်္သာများက သာယာသော အသံတို့ဖြင့် တွန်ကြူးနေပုံ၊ ကရဝိက်ငှက်များက ဂီတသံ ကို ကျော်လွန်၍ အလွန်သာယာ

သော အသံဖြင့်ကျူးရင့်သီဆို တွန်ကျူးနေကြပုံ၊ ဗိမာန်တော်ကြီး ပတ်လည်၌ နစ္စဂီတ ဝါသနာပါသော အနုပညာရှင်များက အထူးထူး အဆန်းဆန်း သာယာကြည်နူးဖွယ် ဗိမာန်တော်ကြီးနှင့် ရေကန်ကြီးကို ဖူးရ၍ မနေနိုင် မထိုင်နိုင် ကကြ, ဆိုကြ, တီးမှုတ်ကြပုံ, နတ်သမီးများက လာရောက်၍ ကခုန် သီဆို တီးမှုတ်ဖျော်ဖြေကြပုံ၊ စကြဝဠာတိုက် တစ်သောင်းမှ လူ, နတ်, နဂါး, ဗြဟ္မာ, ကုမ္ဘာန် ယက္ခ, ဂန္ဓဗ္ဗ တို့ လက်အုပ်ချီ၍ ပီတိ သောမနဿဖြင့် စိမ့်စိုသော ကိုယ်ရှိသည်ဖြစ်၍ ချဉ်းကပ်လာကြပုံ၊ ထိုအခါ သစ်ပင်ထိပ်များ တိုင်း၊ တောင်ထိပ်များတိုင်းနှင့် မြင်းမိုရ်တောင်ထိပ်များဝယ်အရောင် ၅ မျိုးရှိသော အလံများ တလွင့်လွင့် ဝင့်ကြွားကာလွင့်ထူထားပုံ၊ လောကဓာတ်တစ်သောင်းလုံး အကာလည အခါဝယ် ဆီမီးရောင် ချင်းဆက်အောင် တထိန်ထိန်တညီးညီးထွန်းညှိထားပုံ။ လောကကြီး တစ်ခုလုံး ပွဲလမ်းသဘင်ကြီးဖြစ်နေပုံတို့ကို စိတ်ကူးဖြင့် ဖန်ဆင်း၍ ပီတိသောမနဿဖြစ်ကာ လွန်စွာကြည်ညို၍ နေလေသည်။ သတ္တဝါ တို့အား မွန်မြတ်သော အစာအာဟာရတို့ဖြင့် ကျွေး မွေး ညှဲ့ခံနေပုံ၊ ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့် လည်း ကောင်း ပြုခဲ့သမျှ ကုသိုလ်အဖို့ကို သတ္တဝါအများ အား အမျှပေးဝေ နေပုံ၊ မသိရှိကြသော သတ္တဝါတို့အား နတ်ဒေဝတာ တို့က တစ်ဆင့် ပြောကြားအမျှဝေကြပုံတို့ကို စိတ်ကူးဖြင့်ဖန်ဆင်းဆင်ခြင်၍ကုသိုလ် တရားတွေ လွန်စွာဖြစ်ပွား၍ နေပါသည်။

အဲဒီမင်းကြီးဟာ ဤကဲ့သို့ စိတ်ကူးဖြင့် လှူဒါန်းရ။ စိတ်ကူးဖြင့် ကြည်ညိုရ။ စိတ်ကူးဖြင့် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သာဝက တို့ကို ပူဇော်ရသော ကောင်းမှုကြောင့် လည်းကောင်း စိတ်ကူးထဲ၌ ပါဝင်သော ကိုယ်အမှုအရာ, နှုတ်အမှုအရာကို ဖြစ်စေနိုင် သောစိတ်ကူးတို့၌ ပါဝင်သော ရုပ်တရား, နာမ်တရား တို့ကို ပြုပြင်

စိမ်ဖန်တီးထားသော ပီပီပြင်ပြင်ဖြစ်အောင် လှုံ့ဆော်ပေးတတ် အကျိုးတရားတွေ ပေါ်လာအောင် စွမ်းဆောင်နိုင်သော သတ္တိထူး၊ စေတနာထူး ဟူသော သဘောတရားကြောင့်လည်းကောင်း၊ နတ်ရွာ စံသည်၏အခြားမဲ့၌ တာဝတိံသာနတ်ပြည်၌ ဖြစ်ရပါတယ်။ လူ့ ပြည်, နတ်ပြည် ၌ကျင်လည်ရပါတယ်။ နတ်ဖြစ်ပါက နတ်တို့ထက် သာလွန်၍ အကြီးအကဲ ဖြစ်ရပါတယ်၊ လူဖြစ်ပါက ရုပ်ဆင်း အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော အတုမရှိသော၊ ပညာရှိသော၊ လူ့အကြီး အကဲ ခေါင်းဆောင် ဖြစ်ရပါတယ်၊ ဖြစ်လေရာ ဘဝတိုင်း ခဲဖွယ် ဘောဇဉ်၊ ရတနာရွှေငွေ+အဝတ်တန်ဆာ၊ ပန်းနံ့သာတို့ကို အလိုရှိရာ ခဏာ၌ အလိုရှိတိုင်းရပါတယ်။ စီးစရာယာဉ်အလိုရှိရာ ခဏာ၌ အလိုရှိ တိုင်းရပါတယ်။ သမီးကညာအလိုရှိရာ ခဏာ၌ အလိုရှိတိုင်း ရပါ တယ်။ တ,တိုင်းရ, လိုတိုင်းပြည့်၍ ဘုရားဖြစ်ကြောင်း ကောင်းမှု ပါရမီတို့ကို ဆည်းပူးနိုင်ပါတယ်။ သမ္မာသမ္ဗောဓိ, သဗ္ဗညုတ ဘုရား အဖြစ်သို့ ရောက်စေနိုင်သော အထောက်အပံ့ ကောင်းကြီးဖြစ်ပါ တယ်။ စိတ်ကူးသည် ဤမျှစွမ်းရည်သတ္တိ ရှိပါတယ်။

ထို့ကြောင့် ပစ္စုပ္ပန်ဘဝကို အကျိုးရှိအောင်တည်ဆောက်ရာ ၌လည်းကောင်း၊ အနာဂတ် ဘဝကို စိတ်ချရအောင် တည်ဆောက်ရာ ၌လည်းကောင်း၊ သံသရာ၌ သုဂတိဘဝတို့ဝယ် အဆင့်မြင့်မား၍ ပါရမီဖြည့်နိုင်ရန်လည်းကောင်း ဤစိတ်ကူးသည် အဓိကအားဖြင့် အရေးကြီးဆုံး ဖြစ်ပါတယ်။ မိသားစုကိစ္စ၌လည်း ဘယ်ကိစ္စမဆို အကျိုး ရှိအောင်, ဒုက္ခကင်းဝေးအောင်, လုံခြုံအောင်, မပျက်စီးရ အောင် ထိန်းသိမ်းစောင့်ရှောက်မှုကို ဖြစ်စေသောစိတ်ကူး၊ ပတ်ဝန်း ကျင်ကို ကူညီပေးလိုသော စိတ်ကူးများသည် ထိုစိတ်ကူးများထဲ၌ ဖန်တီးနိုင်စွမ်းသောစွမ်းအားရှိသောစေတနာတရားပါဝင်နေကြောင်း၊ ကောင်းသော အကျိုးတရားများ ကြံစည်၍ပင် မစွမ်းနိုင်အောင်

ဖြစ်ပေါ်စေတတ်ပုံကို သဘောပေါက်ပါလျှင် ကျွန်ုပ်တို့အား ငြိမ်းချမ်း သာယာ ဝပြော ပေါများ စည်ပင်နေချင်ဖွယ် အလွန်ကောင်းသော လောကကိုဖန်တီးပြီး ဖြစ်ကြပါလိမ့်မည်။

၂။ နှလုံးသွင်းကောင်းပါ၊ ရှေ့စိတ်ကူးဖြင့် နောက် စိတ်ကူးကို ပြုပြင်ပါ၊ စိတ်ကူးကောင်းဖို့ အရေးဝယ် အကြောင်း အမျိုးမျိုး ရှိကြရာ၌ နှလုံးသွင်းကောင်းခြင်းသည် အဓိကအကြောင်းရင်း ဖြစ်၏။ စိတ်ထားကောင်းခြင်းသည် အရေးပါ၏။ ရှေ့စိတ်ကူးဖြင့် နောက်စိတ်ကူးပြုပြင်ပေးပါ၊စိတ်ကူးကောင်းမဖြစ်နိုင်စရာအကြောင်း မရှိပါ။ (နှလုံးသွင်းဟူသော စကားကို ရှင်းလျှင် သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းကောင်းခြင်းတည်း။ ယောနိသော မနသိကာရ–ဟူသော ပါဠိစကားမှဆင်းသက်လာ၏။ ယောနိသော –သင့်သောအကြောင်းအားဖြင့် သင့်လျော်သောနည်းလမ်း အား ဖြင့်၊ မနသိ–စိတ်၌၊ ကာရ–ပြုခြင်း၊) သင့်လျော်သောအကြောင်းဟူ သည် အာရုံကိုတွေ့ကြုံရာ၌ အသုဘဟုလည်းကောင်း၊ အနိစ္စဟု လည်း ကောင်း၊ ဒုက္ခဟုလည်းကောင်း ဤသို့ စသည်ဖြင့် ကုသိုလ် ဖြစ် အောင် စိတ်၌ပြုခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

(ကုသိုလ်ဖြစ်စေနိုင်သော အကြောင်းအားဖြင့်၊ ကုသိုလ် ဖြစ်စေ နိုင်သောနည်းလမ်းဖြင့် စိတ်၌ပြုလုပ်ပေးခြင်းဟူလို) ဤကဲ့ သို့ ပြုလုပ်ပေးခြင်းဖြင့် ကုသိုလ်စိတ်များ ဖြစ်ပေါ်စေနိုင်သည်။ အကုသိုလ်ဖြစ်နိုင်သော မသင့်သောအကြောင်း၊ မသင့်လျော်သော နည်းလမ်းတို့ဖြင့် စိတ်၌ပြုလုပ်ပေးပါက အကုသိုလ် ဖြစ်စေနိုင် သည်။ ဤယောနိသောမနသိကာရသည် ကုသိုလ်ဖြစ်ရန် အဓိက အကြောင်းဖြစ်သလို၊ အယောနိသောမနသိကာရသည် အကုသိုလ် ဖြစ်ဖို့ရန် အဓိကအကြောင်း ဖြစ်ပေသည်။

## နှလုံးသွင်းကောင်းဖို့အရေးကြီး

နှလုံးဟူသော စကားသည် စိတ်ကိုဆိုလိုသည်။ သွင်း ဟူသည် ထည့်သွင်းခြင်းကို ဆိုလိုသည်။ ၎င်းစကား၏အဓိပ္ပာယ်ကို ချဲ့ထွင်မည်ဆိုလျှင် အာရုံကို သိရုံသိခြင်းကို စိတ်ဟုခေါ်သည်။ သိပုံအခြင်းအရာများကို စေတသိက်များဟု လွယ်ကူစွာ မှတ်သားနိုင်သည်။

ဥပမာ ။ ။ လောဘသည် လိုချင်သော အခြင်းအရာအားဖြင့် သိ၏။ ဒေါသသည် စိတ်တိုသော အခြင်းအရာအားဖြင့် သိ၏ စသည်ဖြင့် စေတသိက်များ၏အခြင်းအရာကိုသိပါ၊ အာရုံကို သိသော စိတ်ဝယ် အာရုံကိုသိရုံသာသိသောစိတ်ဝယ် ကောင်းခြင်း, ဆိုးခြင်းမရှိ ဖြူစင်၏။ သိပုံအခြင်းအရာများကမူ ကောင်းခြင်း ဆိုးခြင်း ရှိ၏။ သိပုံအခြင်းအရာ ကောင်းလျှင် စိတ် ကောင်းသည်ဟု ခေါ်သည်။ သိပုံ အခြင်းအရာ မကောင်းလျှင် စိတ် မကောင်း သည့်ဟုခေါ်ရသည်။ စိတ်သည် သူ့အလိုလို ကောင်းခြင်း, ဆိုးခြင်း မရှိသော်လည်း သိပုံအခြင်းအရာ ကောင်းခြင်း, ဆိုးခြင်း ယှဉ်တွဲရသောကြောင့် ကောင်းသည်, ဆိုးသည် ဟုပြောလို့ရသည်။ ထို့ကြောင့် စိတ်ကို မှီတွယ်၍ စိတ်ကိုချယ်လှယ်နေသော ဤသိပုံ အခြင်းအရာများကို စိတ်၌ထည့်သွင်းခြင်းသည် စိတ်ကို ဆေးချယ် ခြင်းသည် စိတ်၌ယှဉ်တွဲ၍ဖြစ်အောင်ပြုပြင်ခြင်းသည် စိတ်အကောင်း, အဆိုးဖြစ်ဖို့၌ လွန်စွာ အရေးကြီး၏။ မိမိလိုသလို ထည့်သွင်းရန် နည်းလမ်းကောင်းကိုသိဖို့လို၏။ ဤကဲ့သို့ စိတ်နှလုံး၌ သိပုံ အခြင်းအရာ ထည့်သွင်းမှုကောင်းလျှင် နှလုံးသွင်း ကောင်းသည်ဟု ဆိုရသည်။ ဤကဲ့သို့ စိတ်နှလုံး၌ သိပုံ အခြင်း အရာ ထည့်သွင်းမှု မကောင်းလျှင် အကုသိုလ်ဖြစ်များ၏။ ထို့ကြောင့် ကောင်းသောစိတ်ကူးဖြစ်ပေါ်ရေး၌ နှလုံးသွင်းကောင်းဖို့သည် အလွန်အရေးကြီး၏။ စိတ်ကူး

ကောင်းအောင်ရှေ့စိတ်ကူးဖြင့် နောက် စိတ်ကူးကို ပြုပြင်ပါ၊ ဤကဲ့သို့ နလုံးသွင်းကောင်းအောင် ရှေ့ စိတ်ကူးများနှင့် ပြုပြင်–ပြုပြင်ပေးလျှင် နောက်စိတ်ကူးများသည် ကောင်းလာ၏။ ဥပမာ–မကျေနပ်ဖွယ် အာရုံတစ်ခုကို မြင်ရာ၌ ဒေါသ စိတ် ဖြစ်ပေါ်လာရာ ၄င်းဒေါသစိတ်သည် အကျိုးမဲ့ကို ဖြစ်စေ၏၊ အချိုးမကျသူကို ပြုပြင်ပေး လိုသော ကရုဏာအရင်းခံပေးလိုသော စိတ်ကူး (သို့မဟုတ်) အမှားအမှန်ကို စိစစ်ဝေဖန်ပိုင်းခြားနိုင်သော၊ အသိပညာပါသော စိတ်ကူးများ၊ သံဝေဂဉာဏ်အနေနှင့် ဖြစ်သော စိတ်ကူးများ ဖြစ်အောင်ပြုပြင်ပေးပါက နောက်စိတ်ကူးများသည် ထိုအတိုင်းဖြစ်လာတတ်သည်။ ထို့ကြောင့် ရှေ့စိတ်ကူးဖြင့် နောက်စိတ်ကူးကို ပြုပြင်ပေးခြင်း သည်လည်း စိတ်ကူးကောင်း ပေါ်ပေါက် ရေး၌ အရေးကြီးသော အချက်အလက်ဖြစ်၏။ ထို့ကြောင့် စိတ်ကူးကောင်းအောင် ကုသိုလ်ဖြစ်စေနိုင်သော နည်းလမ်း၊ စိတ်ကူးကောင်း ဖြစ်ပေါ်စေနိုင်သော နည်းလမ်းဖြင့် စိတ်ကိုပြုလုပ်ပေးပါ။ စိတ်၌ သိပုံ အခြင်းအရာများကို ပြုလုပ်ပေးပါ၊ နလုံးသွင်း ကောင်းပါ။ စိတ်၌ လိုအပ်သော အခြင်းအရာများကိုထည့်သွင်းပေးပါ။ မလိုအပ်သောအခြင်းအရာများကို မထည့်သွင်းပါနှင့်၊ ရှေ့စိတ်ကူးကို နောက်စိတ်ကူးဖြင့် ပြုပြင်ပေးပါ။ စိတ်ကူးသည် အရေးကြီး၏။ စိတ်ကူးထဲ၌ ရုပ်သဘာဝ နာမ်သဘာဝတို့ကိုဖန်တီးနိုင်သော၊ စွမ်းအား ရှိသော၊ ဖန်တီးရှင်ဟု လက်ညှိုးထိုးထောက် ပြထိုက်သော စေတနာသည် ပါ၏။ ထို့ကြောင့် စိတ်ကူးလည်း ဖန်တီးရှင်ဖြစ်၏။ ရုပ်နာမ် တို့ကို ဖန်တီးနိုင်၏။ ဖြစ်ပေါ်စေနိုင်၏။ ထို့ကြောင့်ဖန်တီးရှင်ကို ကြိုးကိုင်ပါ၊ ရှေ့စိတ်ကူးဖြင့် နောက်စိတ်ကူးကို ပြုပြင်ခြင်းဖြင့် ဖန်တီးရှင်ကို ကြိုးကိုင်ပါ။

၃။ ကောင်းသောစိတ်ကူးဖြင့် မကောင်းသော စိတ်ကူးကို

ဖယ်ရှားပစ်ပါ။ ဘဝနှင့်သံသရာ ပတ်ဝန်းကျင်လောကကြီးဝယ် သက်ရှိတို့၏ အဇ္ဈတ္တိကခန္ဓာကိုယ်တွင်း သဘောသည် ကောင်းလျှင် ကောင်းသလို၊ မကောင်းလျှင်မကောင်းသလို စိုပြည်ခြင်း, ခန်းခြောက် ခြင်းဖြစ်တတ်၏။ ကိုယ့်ဘဝ အကောင်းအဆိုးကိုလည်း ခန္ဓာကိုယ် အတွင်းကပင် စီမံနေ၏။ ထို့ကြောင့် ဤခန္ဓာကိုယ်တွင်း၌လည်း အကြောင်း-အကြောင်း တို့ကို အစွဲပြု၍ ဖြစ်ပေါ် ဖြစ်ပေါ် လာကြပြီး ပျက်,ပျက်သွားကြသည့် ရုပ်တရား,နာမ်တရားတို့သာ ရှိ၏။ ဤ ရုပ်တရား, နာမ်တရားတို့သည် အကြောင်းတရားများကို အခြေခံ၍ ပေါ်ပေါက်ကြရ၏။ ပျက်ကြရ၏၊ နောင်တစ်ဖန် အကြောင်းတရားတို့ကို အခြေခံ၍ ဖြစ်ပြန်၏။ ဤသို့လျှင် ဖြစ်,ပျက်အစဉ်အတန်းကြီး ဖြစ်နေ၏။ ဤဖြစ်,ပျက် အစဉ်အတန်းဝယ် တချို့ ဖြစ်ပေါ်လာသော သဘောများသည် အတိတ်က အကြောင်းနှင့်ဆိုင်၏။ အတိတ်အကြောင်း အားလျော်စွာ ဖြစ်၍,ပျက်ကြ၏၊ ပြုပြင်၍မရ၊ အချို့ အဖြစ်အပျက်များသည် ပစ္စုပ္ပန်နှင့်သာ အဓိက ဆိုင်၏၊ ပြုပြင်၍လည်းရ၏၊ ဖြစ်ပေါ်စေချင်သလို ဖြစ်ပေါ်စေနိုင်၏။ ဤကဲ့သို့ ဖြစ်ပေါ်စေချင်သလို ဖြစ်ပေါ်ဝစေနိုင်သော သဘောတရားများထဲတွင် စိတ်ကူးသည် ပါဝင်၏။ ထို့ကြောင့် စိတ်ကူးကို မဖြစ်ပေါ်အောင် သော်လည်းကောင်း၊ ဖြစ်ပေါ်အောင်သော်လည်းကောင်း၊ လုပ်ချင်သလို လုပ်လို့ရ၏။ စိတ်ကူးဖြစ်စေခြင်းမှာ ယခုအကြောင်းများသည်သာ ပဓာနကျ၏။

ရှေးအတိတ်တို့သည် အထောက်အပံ့တွန်းအားပေးရုံမျှသာ ဖြစ်နိုင်လေသည်။ ထို့ကြောင့် လိုအပ်သော စိတ်ကူးကို ဖြစ်စေ၍ မလိုအပ်သော စိတ်ကူးကိုဖယ်ရှားလို့ရသည်။ ကောင်းသောစိတ်ကူး ဖြင့် မကောင်းသော စိတ်ကူးကို ဖယ်ရှားပါ။ မကောင်းသော စိတ်ကူးကို ဖယ်ရှားဖို့ နည်းလမ်းမှာ ကောင်းသောစိတ်ကူးကို မြန်မြန်

စိတ်ကူးဖို့နှင့် မြန်မြန်စိတ်ကူးလိုက်ခြင်းပင်ဖြစ်သည်။

## အရေးပါပုံ

လောက၌ မိမိမှတစ်ပါး အခြားဆိုးသွမ်းသူကို ဖယ်ရှားရာ၌ မိသားစုအပေါင်းအသင်းမှ ထုတ်ပယ်၍ လည်းကောင်း၊ အိမ်ကျောင်းစသည်မှ နှင်ထုတ်၍လည်းကောင်း ဖယ်ရှားနိုင်၏။ အကယ်၍ ဆိုးသွမ်းသူသည် မိမိကိုယ်တိုင် ဖြစ်နေပါက မည်ကဲ့သို့ ဖယ်ရှားမည်နည်း၊ မိမိကိုယ်မိမိပင် သွားတော့ကွာ ဟု နှင်ထုတ်၍ ရမည်မဟုတ်၊ ဤနည်းအားဖြင့်လည်း နှင်ထုတ်၍လည်း မဖြစ်နိုင်၊ ဆိုးသွမ်းမှုကို စိစစ်ရာ၌ မကောင်းသော အမှုကို ပြုလုပ်ခြင်းကြောင့် ဆိုးသွမ်းသူဖြစ်၏၊ မကောင်းမှုကို ပြုလုပ်ခြင်းသည်လည်း မကောင်းသောစကားကို ပြောဆိုတိုင်ပင်ခြင်းကြောင့် ဖြစ်တတ်၏။ မကောင်းသော စကားကို ပြောဆို တိုင်ပင်ခြင်းမှာလည်း မကောင်းသော အကြံကို ကြံစည်ခြင်းကြောင့် ဖြစ်၏။ အရင်း စစ် လျှင် မကောင်းသော စိတ်ကူးသည် အရင်းပဓာန ဖြစ်၏။ ထို့ပြင် မကောင်းသော ပြောဆိုမှု အမှုအရာ မကောင်းသော အလုပ်ကို လုပ်ကိုင်မှု အမှုအရာတို့ကို ဖြစ်စေသည်မှာလည်း မကောင်းသောစိတ်ပင် ဖြစ်၏။ ဤမကောင်းသော စိတ်ကူးများကို ကောင်းသော စိတ်ကူးဖြင့် အစားထိုးဖယ်ရှားလိုက်လျှင် မကောင်းသော စိတ်ကူး မပေါ် တော့၊ မကောင်းသော စိတ်ကူး မပေါ်လျှင် မကောင်းသော ပြောဆို တိုင်ပင်မှု မဖြစ်တော့၊ မကောင်းသော ပြောဆိုတိုင်ပင်မှု မဖြစ်လျှင် မကောင်းသောအမှု မလုပ်တော့၊ မကောင်းသော အမှုမလုပ်လျှင် ဆိုးသွမ်းသူဟု မဆိုရ၊ လူကောင်းပင် ဖြစ်၏။

လူဆိုးကိုလူကောင်းဖြစ်အောင်ပြုပြင်ရေး၌လူတစ်ယောက်လုံးကို ဖယ်ရှားပစ်ရမည် မဟုတ်၊ ရုပ်တရားများကိုလည်း ဖယ်ရ

မည် မဟုတ်၊ မကောင်းသောစိတ်ကူးများကိုသာ ဖယ်ရှားရမည် ဖြစ်၏။ မကောင်းသော စိတ်ကူးများကို ဖယ်ရှားလိုပါက ကောင်းသော စိတ်ကူးကို မြန်မြန်ကူးဖို့ ဖြစ်၏။ ထို့ကြောင့် သတိထားနေပါလျက် မကောင်းသော စိတ်ကူးများ ပေါ်ပေါက်လာက၊ ကောင်းသော စိတ်ကူး ကို မြန်မြန်ကူး၍ ဖယ်ရှားပစ်ပါ၊ ဤသို့ဆိုလျှင် ကောင်းသော စိတ်ကူးများ ပေါ်ပေါက်ဖို့အရေးသည် အလွန်အရေးကြီးကြောင်း သိလောက်ပါပြီ၊ ကိုယ့်ပတ်ဝန်းကျင်၌ ကောင်းသောစိတ်ကူးများ ပေါက်ဖွားရန် ကောင်းသောအာရုံကောင်းများ ပြည့်စုံနေဖို့ လိုအပ်သည်။ အာရုံကောင်း၌ ကောင်းသော အခြင်းအရာအားဖြင့် ချထားသောစိတ်သည် ဘယ်သူမှလုပ်မပေးနိုင်သော စည်းစိမ်ဥစ္စာများ၊ အောင်မြင်မှုများ၊ လွန်မြောက်မှုများကို ဖြစ်စေနိုင်သည်။

## မြန်မာလူမျိုးတို့ အလေ့အကျင့်

မြန်မာလူမျိုးများသည် အများ မြင်သာသောနေရာ၌ စေတီပုထိုးများ၊ ကျောင်းကန်များ၊ တန်ဆောင်းများ တည်ဆောက်ထားကြသည်။ တောင်ထိပ်ဖျားပေါ်၌ လည်းကောင်း၊ ရွာဝင် ရွာထွက် ရွာဦးထိပ်ဖျားများ၌ လည်းကောင်း စေတီကျောင်းကန်များ တည်ထားကိုးကွယ်တတ်ကြ၏။ ဤသည်မှာ ရှေးမိဘ ဘိုးဘွားများက မိမိတို့အား တန်ဖိုးဖြတ်၍ မရသော ကုသိုလ်စိတ်များ ဖြစ်ပေါ်စေရန် ဖန်တီးပေး ခဲ့ခြင်းပင်ဖြစ်၏။ ဤကဲ့သို့ မိမိ၏ မိသားစု၊ ရပ်ရွာ၊ မြို့နယ်၊ နိုင်ငံ၌ ကုသိုလ်တရား ဖြစ်ပွားစေ၍ ၄င်းနေရာများကို သာယာကြည်နူးဖွယ် ကောင်းအောင် မြင်ရုံဖြင့် ကုသိုလ်စိတ် ပေါ်လာအောင် တည်ဆောက် ပြုလုပ် စောင့်ရှောက်ထိန်းသိမ်းကြရမည်၊ တရားဆွေးနွေးရာဌာနများ၊ တရားဟောဓမ္မာရုံများ၊ ဘာသာရေးသင်တန်းများကိုလည်း ကျွမ်းကျင်သော ဆရာ၊ ဓမ္မကထိက, လူတို့

ကို ပင့်ဆောင်၍ အသိပညာ, ကုသိုလ်များ တိုးပွားအောင် စီစဉ်ရမည်၊ မှန်၏၊ စိတ်ကူးကောင်းဖို့ အရေးဝယ် ကောင်းသောစိတ်ကူးကူးတတ်အောင် ဗဟုသုတရှိဖို့ လိုပါသည်

ဗဟုသုတရှိဖို့၊ ပညာရှိသူတော်ကောင်းတို့ထံ ချဉ်းကပ်ဖို့လို၏။ ပညာရှိ သူတော်ကောင်းများနှင့် တွေ့ကြုံမှု၊ ပညာရှိ သူတော်ကောင်းကို ချဉ်းကပ်လိုသော နေရာ ဒေသဖြစ်အောင် လုပ်ဖို့လို၏။ (သို့မဟုတ်) ၄င်းနေရာမျိုး၌ရွေးချယ်၍ နေရပါမည်။ ဤကဲ့သို့ နေရာမျိုး၌နေရအောင် ဤကဲ့သို့ နေရာမျိုးဖြစ်ဖို့ ပြုနိုင်အောင်, ရှေးက ကောင်းသော အမှုများကို ပြုလုပ်ခဲ့မိဖို့ လို၏။ (ရှေးက မပြုခဲ့ပါလျှင် ယခုပြုပါ) ယခုပြုလုပ်ပါလျှင် အနာဂတ်ဝယ် ပညာရှိ သူတော်ကောင်းတို့နှင့်ဆုံရ၍ စိတ်ကောင်းထားနည်း,စိတ်ကူးကောင်းအောင် ပြုလုပ်နည်း, စိတ်ကူးကောင်း စိတ်ကူးဆိုး ခွဲခြားနည်း, စိတ်ကူးကောင်း ဖြစ်အောင်လုပ်နည်းတို့ကို မိမိ လိုက်နာကျင့်ကြံဖို့ လွယ်ကူစွာ သိရှိကြ၍ စိတ်ထားကောင်းနိုင်ကြပါမည်။ စိတ်ကူးကောင်းကူးနိုင်ကြမည်ဖြစ်၍ ကုသိုလ်ဖြင့် ဘဝကို တည်ဆောက်ကြပါ။ ဓနသဋ္ဌေးမင်းကြီးတို့ကဲ့သို့ မိမိကိုယ်၏ တစ်ကိုယ်ရေ တစ်ကာယ တစ်ဘဝ ကိုသာမက မိမိပတ်ဝန်းကျင်, မိမိ မိသားစု, တစ်နိုင်ငံလုံးအတိုင်း အဟာအထိ ကုသိုလ်ဖြင့် ဘဝကို တည်ဆောက်ပေးနိုင်ကြပြီး၊ ယခုကစ၍လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ သေသည်၏အခြားမဲ့၌လည်း ကောင်းရာသုဂတိ၌ ရောက်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကုသိုလ်ဖြင့် ဘဝကို တည်ဆောက်ကြပါ။

သာဓု .... သာဓု .... သာဓု

# အဆင့်မြင့်ခေါင်းဆောင်တရားတော်

## အရေးပါသောခေါင်းဆောင်များ

ယခုတရားနာကြွရောက်လာကြသော ပရိသတ်များမှာ ဂုဏ်သရေရှိ အရေးပါလှတဲ့ မြို့မိ,မြို့ဖများ၊ အကြီးအကဲများ ဖြစ်ကြပါတယ်။ အသီးအသီး မိမိတို့ အုပ်ချုပ်နေရသော ဆိုင်ရာပုဂ္ဂိုလ်များ အပေါ် ဩဇာသက်ရောက်မှုရှိသူများ ဖြစ်ကြပါတယ်။ အောက်ဆုံး ထစ်အားဖြင့် ကိုယ့်မိသားစုမှာတော့ ကိုယ်ဟာ ခေါင်းဆောင်ပါပဲ။

## ခေါင်းဆောင်အားပေးတာမှ အားလုံးကလုပ်ချင်

အများစုဟာ ခေါင်းဆောင်သူစိတ်ဝင်စားသော, ပြုလုပ်သော အားပေးသော အချက်များအပေါ်၌သာ စိတ်ဝင်စားတတ်ကြပါတယ်။ ဒါဟာ ဓမ္မတာပါပဲ။

## ခေါင်းဆောင်အားပေးမှုဟာ ခေတ်ရေစီးကြောင်းကိုတောင် ပြောင်းလွဲနိုင်

ဒီတော့ ခေါင်းဆောင်လုပ်သူ ဘာကို စိတ်ဝင်စားတယ်၊ ဘာကို အားပေးတယ် ဆိုတဲ့အချက်ဟာ မိသားစုကအစ တိုင်းပြည်ထိအောင် အကျိုးသက်ရောက်မှု၊ ခေတ်ရေစီးကြောင်း ပြောင်းလဲတဲ့အထိ စွမ်းဆောင်နိုင်မှုတို့ကြောင့် သိပ်အရေးကြီးပါတယ်။ ဒီတော့ ယခုကိုယ်တိုင် ခေါင်းဆောင်ဖြစ်နေကြပြီ။

ခေါင်းဆောင်ကောင်း ဖြစ်ကြပြီလားဆိုတော့ ဝေဖန်နိုင်အောင် ဘုရားဟောဒေသနာတော်ကို အခြေခံပြီး ဘုန်းကြီး စွမ်းနိုင်သမျှဟောပါ့မယ်။

ကိုယ်ပိုင်ဉာဏ်ဖြင့် စိစစ်ဝေဖန်ပြီး နာယူကြပါလို့ တိုက်တွန်း လိုက်ပါတယ်၊ ဘုရားဟောဒေသနာဆိုလို့ ကိုယ်နဲ့ အဆင့်မမီဘူး၊ ဒီလို မအောက်မေ့ကြပါနဲ့၊ အစဉ်အအတိုင်း နက်ရှိုင်းတဲ့ သာသနာတော်ရဲ့ သဘောကိုပေါက်ရင် လိုက်နာဖို့ မခက်ကြောင်း သိသာပါပြီ။

## ခေါင်းဆောင်ကောင်း၏အချက်အလက်များ

စွန့်ကြဲပေးကမ်းလှူဒါန်းမှု

ခေါင်းဆောင်ကောင်းဆိုတာ စွန့်ကြဲတန်တာစွန့်ကြဲ၊ ပေးကမ်းတန်တာ ပေးကမ်း၊ လှူဒါန်းတန်တာ လှူဒါန်းရတယ်၊ ဒါဟာ သာသနာရေး ထုံးစံတစ်ရပ် အဖြစ်နဲ့သာ မမှတ်ပါနဲ့၊ ကိုယ်နဲ့ ကိုယ့်နောက်လိုက်တို့ ကြီးပွားချမ်းသာဖို့အတွက် အရေးကြီးတဲ့ အချက်တစ်ခုလို့မှတ်ပါ။

## လောကမှာ ဥစ္စာခနေဟာ အရေးကြီး

လောကမှာ ဥစ္စာခနေဟာ သိပ်အရေးကြီးပါတယ်၊ ဒီဥစ္စာခနေ ချို့တဲ့လာရင်, ဆင်းရဲလာရင်, မဖြစ်သင့်တာတွေဖြစ်လို့လူ့ကျင့်ဝတ်ပိုင်းမှာ ယိုယွင်းမှုတွေ ဖြစ်လာတတ်ကြပါတယ်။ ဒါတွေဟာ ကိုယ့်အသိုက်အဝန်း၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ်တာဝန်ယူရသော နယ်မြေကျဆင်းခြင်းရဲ့ အကြောင်းတစ်ရပ်လို့ သဘောပေါက်ရင် ဒီအချက်ကို ဂရုမပြုဘဲ မနေနိုင်ပါဘူး၊ လူကြီးတစ်ယောက်က စွန့်ကြဲ ပေးကမ်းမှုပြုလုပ်ရင် ပတ်ဝန်းကျင်ဟာလည်း ပါလာတတ် ပါတယ်၊ စည်းရုံးမှုကောင်းရင်ကောင်းသလောက် ပါလာတတ်ကြောင်းလည်း အားလုံးသိပြီးသားပါပဲ။

## အများအမြင်နဲ့ ဘုရားအမြင်

ဒီ စွန့်ကြဲပေးကမ်းမှုမှာ အများအမြင်နဲ့ ဗုဒ္ဓအမြင်ကို ခွဲခြားသိသင့်ပါတယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းရာ၌ အများစုဟာ စွန့်ကြဲပေးကမ်း လှူဒါန်းလိုစိတ်သည် ပတ်ဝန်းကျင်ကို သာယာစိုပြည်စေကြောင်း, ကောင်းကြောင်းသိပါတယ်၊ စွန့်ကြဲပေးကမ်းလှူဒါန်းလိုက်ရလို့ အလှူရှင်မှာ ကုန်သင့်သလောက် ကုန်ကြောင်းလည်း အားလုံးသိပါတယ်။

အလှူခံပုဂ္ဂိုလ် အလှူခံရရှိသော ပစ္စည်းကို သုံးစွဲရ၍ ချမ်းသာနိုင်ကြောင်းလည်း အားလုံးအသိပါပဲ။ ဘုရားမဟော လည်း သိသာပါတယ်။ ဒါပေမဲ့ သိပ်အရေးကြီးတဲ့ အချက် တစ်ခုကိုတော့ ဘုရား မဟောရင် ပြည့်ပြည့်စုံစုံ မသိနိုင်ပါဘူး။ အဲဒါဟာ ဘာလဲ ဆိုရင် ဒီစွန့်ကြဲပေးကမ်းမှု ဖြစ်ပေါ်ထမြောက်အောင် လှုံ့ဆော်ပြုလုပ်တတ်တဲ့စိတ်ကူးတွေပါပဲ၊ အဲဒီစိတ်ကူးထဲမှာတောင် တိတိကျကျ ပြောရရင်တော့ စိတ်ကူးထဲမှာပါလာတဲ့ ဒီစိတ်ကူးပေါ်လာအောင် လှုံ့ဆော်တတ်တဲ့ စေတနာဟာအရေးကြီးဆုံးပါပဲ၊ ဒါကို ကံလို့လည်း ခေါ်ပါတယ်၊ ဒီစိတ်ကူးစေတနာတွေထဲမှာ စွန့်ကြဲပေးကမ်းလှူဒါန်း လိုက်ရလို့ ကုန်ခမ်းသွားတဲ့ ပစ္စည်းတွေရဲ့ အစား အဲဒီလို ပစ္စည်းမျိုးတွေကို အဆပေါင်းများစွာ ပြန်လည် ဖြည့်ဆည်း နိုင်တဲ့ စွမ်းအားပါ ရှိပါတယ်။ ဘဝဖြစ်စဉ်ပေါင်းများစွာမှာ အကြောင်း ညီညွတ်ရင် ညီညွတ်သလောက် မကြုံစည်နိုင်လောက်အောင် ကြိမ်ဖန်များစွာ ဖြစ်ပေါ်လာအောင်လည်း စွမ်းနိုင်ပါတယ်၊ ဒါတွင်မက စိတ်ကူး ဆန်းကြယ်လျှင်ဆန်းကြယ်သလောက်၊ဆန်းကြယ်တဲ့အကျိုးကျေးဇူးများကို ဘဝဖြစ်စဉ်ပေါင်းများစွာမှာ ဖြစ်ပေါ်လာအောင်လည်း ဖန်တီးနိုင်ပါတယ်။ ဒီစိတ်,စေတနာတွေထဲမှာ သူ့သဘာဝအတိုင်း ဒီ စွမ်းအား, ဒီသတ္တိတွေဟာ ရှိနေပါတယ်ဆိုတဲ့ အချက် ပါပဲ။

ချမ်းသာ ကြီးပွားမှုမှာ ဒါနဟာ အဓိကအကြောင်းပါပဲ၊ ချမ်းသာကြီးပွားဖို့အတွက် ကံ, ဉာဏ်, ဝီရိယ သုံးမျိုးရှိတဲ့အနက် အတိတ်ကံက ပဓာန ပစ္စည်းအကြောင်း၊ ပစ္စုပ္ပန်ဉာဏ် ဝီရိယက အကူအကြောင်းတရားလို့ သဘောပေါက်ပါ။

ဒီနေရာမှာ ဒါနကံက အရေးအကြီးဆုံးပါပဲ၊ ဒါ့ကြောင့် ကိုယ်ရော ကိုယ့်ပတ်ဝန်းကျင်ပါ ဒါနကံထူးရှင်တွေဖြစ်အောင် ကြိုးစားရပါတယ်။ ဒါ့ကြောင့် ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင် အောက်မကျရေး၊ လူ့ကျင့်ဝတ် မယိမ်းယိုင်ရေးအတွက် ဥစ္စာဓန ပြည့်ဝဖို့ လိုပါတယ်၊ ဥစ္စာဓန ပြည့်ဝအောင် ဒါနပြုဖို့ လိုတယ်ဆိုတာ ရှင်းလောက်ပါပြီ။

## ကံဆိုတာဘာလဲ

စွန့်ကြဲပေးကမ်း=လှူဒါန်းမှုကံကိုစိစစ်ကြရအောင်၊ စွန့်ကြဲပေးကမ်းလှူဒါန်းတယ်ဆိုတာ ကိုယ်ပိုင်ပစ္စည်းဝတ္ထုကို သူတစ်ပါးအား ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်အမူအရာဖြင့် ဖြစ်စေ ပေးလိုက်ခြင်းပါပဲ။ ဒီလိုပေးလိုက်တဲ့ ကိုယ်အမူအရာ, နှုတ်အမူအရာ ဖြစ်ပေါ်လာအောင် ပြုလုပ်တာကတော့ စိတ်ကူးတွေ ပါပဲ။ ဒီစိတ်ကူး တွေပေါ်လာအောင်လည်း လှုံ့ဆော် တတ်တဲ့ သဘောထားကြောင့် ပါပဲ။ ဒီလှုံ့ဆော်သဘောလေးပေါ်လာသည်နှင့် တစ်ပြိုင်နက် စိတ်ကူး ဟာလည်း အတူတူပေါ်လာတာပါပဲ၊ ဒီလှုံ့ဆော်တတ်တဲ့ သဘောလေးကို စေတနာလို့လည်း ခေါ်ပါတယ်၊ ကံလို့လည်း ခေါ်ပါတယ်။။ သူဟာ ဖန်တီးနိုင်စွမ်းအားရှိတဲ့ သဘာဝ တရားပေါ့။

(စိတ်ကူးဟူသည် အများနားလည်သော စိတ်ကူးကိုဆိုသည်။ ဝိတက် စေတသိက်ကိုသာ ဆိုလိုသည် မဟုတ်။)

## ကောင်းသောအလေ့အကျင့်

ပတ်ဝန်းကျင်ကို ဘေးဒုက္ခတို့မှ ဆွဲထုတ်နိုင်ပြီး သာယာငြိမ်းချမ်းတဲ့ ပြည့်စုံတဲ့ လောကသစ်ဆီ ခေါ်ဆောင်သွားနိုင်မည့် ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ ကောင်းသောအလေ့အကျင့် ရှိဖို့လိုအပ်ပါတယ်၊ မည်မျှပင် ပေါများကြွယ်ဝသည်ဖြစ်စေ၊ ကောင်းသော အလေ့အကျင့် မရှိပါက စိတ်ချမ်းသာဖွယ်ရာ မရှိ၊ လုံခြုံမှုမရှိ၊ အထိတ်ထိတ်အလန့်လန့် နေထိုင်သွားလာရတတ်ပါတယ်။ ဘာကိုမျှ စိတ်ချရသည်မရှိ၊ အလုပ်အကိုင်ကြီးလေ သောကဖိစီးရလေ၊ ရာထူးဌာနန္တရ တာဝန်ကြီးလေ သောကဖိစီးရလေ ဖြစ်ရတတ်ပါတယ်။ စိတ်ဓာတ်စွမ်းအား သတ္တိတန်ခိုးလည်း လျော့နည်းနေသောကြောင့် ဆန္ဒမပြည့်ဝမှုများ၊ အလိုမကျမှုများ ဖြစ်ရတတ်ပါတယ်။ ဆန္ဒမပြည့်ဝမှုများ၊ အလိုမကျမှုများ ဖြစ်ရများသောအခါ ပတ်ဝန်းကျင်ကို တုံ့ပြန်မှုဟာလည်း ပူပြင်းလောင်မြိုက်နေရကား ခြောက်သွေ့ သွေ့ ဖြစ်တတ်ပါတယ်၊ ထိုထက်ဆိုးဝါးသည်မှာ အနာရောဂါများပြားမှု၊ မဖြစ်ပေါ်သေးဖူးသော ရောဂါအသစ်အဆန်းများ တိုးပွားလာမှု၊ စစ်မက်ဖြစ်ပွားမှု၊ ရာသီဥတုဘေးဒဏ်, သဘာဝဘေးရန်များ မကြုံစဖူး ဖြစ်ပေါ်မှု၊ ကပ်ဘေးဆိုက်မှုများ ကြုံရ၍ သက်တမ်းစေ့မနေရ၊ အသက်တိုရ၊ တိရစ္ဆာန်လောကနှင့် မခြား အနိုင်ကျင့်ခံရမှုများ စသည်ဖြင့် များပြားလှသော အန္တရာယ်ပေါင်းနှင့် ရင်ဆိုင်ရတတ်ပါတယ်။

ဒါကို သတိထားတဲ့ခေါင်းဆောင်တစ်ယောက်ဟာ ကိုယ်နိုင်သမျှ ကိုယ့်ပတ်ဝန်းကျင်ကို ဒီဘေးဆိုးတွေ မပေါ်ရအောင် တားဆီး ကာကွယ်ဖို့အရေးမှာ စက်ကိရိယာတွေ အသစ်တီထွင်နေရုံဖြင့် မလုံလောက်ပါဘူး၊ ဆည်မြောင်း, ချောင်း, ကန်, တာတမံတွေ တူးဖော်ပေးရုံမျှနှင့်လည်း မပြည့်စုံသေးပါဘူး။

မိမိကိုယ်တိုင် ကောင်းသောအလေ့အကျင့်တွေ အမြဲ လေ့ကျင့်နေထိုင်ပြီး၊ ပတ်ဝန်းကျင်ကိုလည်း ကောင်းသော အလေ့အကျင့်များ၊ ကောင်းသော ယဉ်ကျေးမှုများ ဖြစ်ပွားအောင် အနှစ် သာရပါပါ သဘောပေါက် သိရှိပြီး လေ့ကျင့်တတ်အောင် စည်းရုံးရ ပါတယ်။

အဲဒီကောင်းသော အလေ့အကျင့်တွေဆိုတာကတော့

(၁) သူများအသက်ကို မသတ်ရဘူး၊ မညှဉ်းဆဲ မနှိပ်စက်ရဘူး၊ မေတ္တာကရုဏာထားရတယ်၊ မေတ္တာဆိုတာ နေ့စဉ် နေ့စဉ် သတ္တဝါတွေ အကျိုးရှိအောင် ငါဘယ်လိုလုပ်ရရင် ကောင်း မလဲ၊ ဘာလုပ်ပေးရမလဲဆိုတာ အမြဲစဉ်းစားရမယ်၊ သတ္တဝါတွေ ဒုက္ခကင်းအောင် ငါဘယ်လိုလုပ်ရမလဲ၊ ဘာ အကူအအညီပေးရရင် ကောင်းမလဲဆိုတာ အမြဲစဉ်းစားပါ။

(၂) သူတစ်ပါး ပစ္စည်းမတရားမယူရဘူး၊ လှူချင် တန်းချင် ပေးချင်စိတ်ရှိရမယ်၊ အများချမ်းသာအောင် ငါဘာအလှူလုပ်ရရင် ကောင်းမလဲ လို့အမြဲစဉ်းစားရမယ်။

(၃) သူတစ်ပါး သားမယား၊ သူတစ်ပါးအိမ်ထောင်ရေး၊ သူတစ်ပါး သားပျို–သမီးပျို မစော်ကားရဘူး၊ လူ့ဓလေ့ ထုံးတမ်း အစဉ်အလာ နှင့်အညီ သွားလာဆက်ဆံရတယ်၊ ပိုင်ဆိုင်လိုမှု၊ ကိုယ့်ဆန္ဒပြည့်ဝအောင် ဖြည့်တင်းလိုမှု၊ ငြိကပ်စွဲလမ်းမှုများ မဖြစ်စေဘဲ သန့်စင်တဲ့ အကျိုးလိုလားခဲ့မှု မေတ္တာတရား အဖြစ်များအောင် လေ့ကျင့်ထားရမယ်။

သတ္တဝါအားလုံးကို အမိ, အဖလို၊ သား,သမီးလို၊ မိမိ, မိသားစုလို သဘောထားပြီး ကြည့်မြင်တတ်ရတယ်၊ ကြည့် ကတည်းက မိဘစိတ်နဲ့ ကြည့်တတ်ဖို့ လေ့ကျင့်ထားရတယ်။ ဖြစ်တတ်တဲ့ သဘာဝတရားတွေကိုလည်း နားလည်ပြီးတော့ ခံနိုင်ရည်ရှိအောင် ခွင့်လွှတ်တတ်အောင် ကြိုးစားထားရမယ်။

တစ်ဦးကိုတစ်ဦး လေးစားရမယ်၊ တစ်ဦး၏ဂုဏ်သိက္ခာကို တစ်ဦးက မထိပါးရဘူး၊ အသီးသီး ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်အောင် ငဲ့ညှာရမယ်၊ စိုးရိမ်သောက ပူပင်ကြောင့်ကျ နည်းပါးပြီး စိတ်ချမ်းသာမှုရအောင် ကိုယ့်မိသားစု အသိုက်အဝန်းကို သစ္စာရှိအောင် သင်ပေးထားရတယ်

(၄) မှန်မှန်ကန်ကန် ပြောဆိုရမယ်၊ ခေါင်းဆောင်ဖြစ်လျှင် သစ္စာရှိဖို့လိုတယ်၊မှန်မှန်ကန်ကန် ထုတ်ပြန်ကြေညာရမယ်၊ လျှို့ဝှက်တန်တာ လျှို့ဝှက်ရပေမယ့် ထုတ်ပြန်ကြေငြာရင်တော့ မှန်ကန်တဲ့ အချက်အလက်ပေါ်မှာ အခြေခံထားရမယ်။

အချင်းချင်း ပြောဆိုတဲ့အခါမှာလည်းမပြောချင်လျှင် ရေငုံနှုတ်ပိတ် နေချင်နေပါ။ ပြောပြီဆိုရင်တော့ မှန်ကန်အကျိုးရှိတဲ့ စကားဖြစ်ရမယ်။ တရားဝင် ပြောဆိုတဲ့အခါမျိုးမှာ ပို၍ သတိထားပြီး မှန်ကန်၍ အကျိုးရှိတဲ့ စကားမျိုး၊ မိန့်ခွန်းမျိုး၊ အကျိုးအကြောင်း ရှာဖွေစိစစ်ပြီး အကြပ်အတည်းမှ ထုတ်ဆောင်ကယ်တင်နိုင်တဲ့ စကားမျိုး၊ စိတ်နှလုံးချမ်းမြေ့ သက်သာရာရစေတဲ့ စကားမျိုး၊ လောကီ၊ လောကုတ္တရာအကျိုး ဖြစ်စေနိုင်တဲ့ အဆီအနှစ်ပါပြီး ဩဇာတိက္ကမကြီးမားတဲ့စကားမျိုး ဖြစ်ရမယ်။

ပူပင်လောင်မြိုက်နေမှုတွေကို ငြိမ်းသတ်နိုင်တဲ့ စကားမျိုး၊ အားကိုးရာမဲ့သူတွေကို သက်သာရာရစေတဲ့ စကားမျိုး၊ မှိုခိုအားထား ဆွဲကိုင်ရပ်တည်နိုင်မယ့် စကားမျိုး ပြောနိုင်အောင် ဗဟုသုတ ဆည်းပူးပြီး ဖြစ်နိုင်တဲ့ သဘာဝကို သိရှိနှိုင်းချိန်ပြီး ပြောတတ်အောင် လုပ်ရမယ်၊ သစ္စာမရှိဘူးဆိုရင် ကမ္ဘာကြီးကို ကဖောက်ပြန်သွားတတ်တယ်။ မြေဆီမြေလွှာ အဆီဩဇာ ယုတ်လျော့ တတ်တယ်။ လိမ်ပြောတဲ့သူဟာ မကောင်းမှု ဒုစရိုက်မျိုးစုံကို ကျူးလွန်ဖို့ ဝန်မလေးတတ်ဘူး။ ဘာကြောင့်လဲဆိုရင်

အရက် အကြောက်နည်းသွားလို့ပါပဲ၊ အရက်အကြောက် နည်းသွားတာ က "ဘာမဆို ဖုံးလိုက် ဖိလိုက် လိမ်လည် လှည့်ဖျား ပြောဆို လိုက်ရင်ဘာမှမဖြစ်နိုင်ဘူး" လို့ အထင်ရောက်သွားလို့ ပါပဲ၊ သစ္စာ ရှိကြရင်၊ မှန်ကန်တဲ့ စကားကို ပြောကြရင်၊ အကျိုး ရှိ စကားကို ပြောသူ များလာရင် ပတ်ဝန်းကျင် တစ်ခုလုံးဟာ မိုးပြည့်လန်းဆန်းပြီး မြေဆီမြေလွှာကောင်းမွန်တာကအစ လုံးဝ မှတ်ထင် မထားတဲ့ သဘာဝက ပေးတဲ့ အမွေ အနှစ်တွေကို ပိုင်ဆိုင်လာနိုင်ပါတယ်။

ဒါ့ကြောင့် ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ ဒီမှန်မှန် ကန်ကန် ပြောဆိုကြေညာခြင်းဆိုတဲ့ အချက်အလက်ကိုလည်း အလေးဂရုပြုသင့်ပါတယ်၊ အထူးသတိထားသင့်ပါတယ်။ ဘုန်းကြီးတို့နဲ့ ဆက်စပ်နေတဲ့ ဆရာတော်တစ်ပါးဟာ လွန်ခဲ့တဲ့ ၁၀ နှစ် ခန့်ကစပြီး ရတနသုတ္တန်ကို သစ္စာဆိုပြီး ရွတ်တိုင်း မိုးမရွာတာ တစ်ခါမှုမရှိ၊ ရာနှုန်းပြည့်မိုး ရွာသွန်းကြောင်း ကိုယ် တွေ့သိရှိရပါတယ်၊ ဒါကိုထောက်ရင်သစ္စာဟာ ဘယ်လောက် အရေးကြီးကြောင်း သိလောက်ပါတယ်။

(၅) အသိဉာဏ်လုံတိုင်း မူးယစ်စေတတ်တဲ့ သေရည်၊ အရက်၊ မူးယစ်ဆေးဝါး မှီဝဲမှုမရှိအောင် ရှောင်ကြဉ်ရပါတယ်။ လူကြီး ဆိုတာ အချိန်မရွေးကိစ္စကြီးငယ်ကို ကြောင်းကျိုးဆက်စပ်ပြီး မှန်ကန်တိကျ အကျိုးရှိအောင် ဆုံးမပေးနိုင်ဖို့၊ ညွှန်ကြားမှု ပေး နိုင်ဖို့၊ လမ်းညွှန်ဖို့၊ မူဝါဒချမှတ်ပေးဖို့၊ စည်းရုံးလှုံ့ဆော်ဖို့၊ အကျိုးရှိတဲ့ ကိစ္စများ စိတ်ကူးနိုင်ဖို့၊ အသိဉာဏ် လန်းဆန်း ပွင့်လင်းနေဖို့ လိုအပ်ပါတယ်။

အသိဉာဏ်လန်းဆန်းကြည်လင်ပွင့်လင်းနေဖို့အတွက်စိတ်ကူး တွေ ကြည်လင်နေဖို့ လိုအပ်ပါတယ်။ စိတ်ကူးတွေ ကြည်လင်

နေဖို့အတွက် ဘဝင်နဲ့ဟဒယ ကြည်လင်နေဖို့ လိုအပ် ပါတယ်။ ဘဝနဲ့ဟဒယ ကြည်လင်စေဖို့အတွက်မှီရာရုပ်ဝတ္ထုတွေသန့်ရှင်းဖို့ မထုံထိုင်းဖို့ လိုအပ်ပါတယ်။

ဒါ့ကြောင့် ရုပ်ခန္ဓာကျန်းမာရေးကောင်းအောင်၊ လန်းလန်းဆန်းဆန်း သွက်သွက်လက်လက် ရှိအောင်၊ ဆေးဝါးဓာတ်စာ လေ့ကျင့်ခန်းစသည် မှီဝဲပြုလုပ်၍ ဂရုစိုက်ရသလို၊ မူးယစ်ထုံထိုင်းစေတဲ့ အသောက်အစား မူးယစ်ဆေးဝါး မသုံးစွဲမိ အောင်လည်း ဂရုစိုက်ရပါတယ်။

ကောင်းတဲ့ကိစ္စတွေမှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆဖြစ်ရင် ကောင်းတဲ့အကျိုးစီးပွားတွေမှာ ထိခိုက်နစ်နာဆုံးရှုံးမှုပေါင်းများစွာနဲ့ ကြုံရတဲ့အတွက်ကြောင့် အလွန်သတိထားသင့်တဲ့ အချက်တစ်ခုလို့ သိပြီးရှောင်ကြဉ်ပါ။

## စွန့်လွှတ်စွန့်စားခြင်း

ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ စွန့်လွှတ်နိုင်ရသလို စွန့်စွန့်စားစားလည်း လုပ်ဆောင်နိုင်ရတယ်။ ကိုယ့်အမျိုး, ကိုယ့် လူမျိုး အဆင့်အတန်းမြင့်မားရေးအတွက် ဘေးဒုက္ခက ရန်းထွက်နိုင်ဖို့အတွက် အကြပ်အတည်းက လွတ်မြောက်ဖို့အတွက်ဟာ မစွန့်လွှတ် မစွန့်စားဘဲနဲ့ မဖြစ်ပါဘူး၊ ကိုယ့်အမျိုးကိုယ့်လူမျိုး အထွတ် အထိပ်ရောက်ဖို့အတွက်လည်း မျိုးရိုးဂုဏ်သိက္ခာမြင့်မားဖို့ အတွက်ဟာလည်း အမြော်အမြင်ကြီးစွာဖြင့် သတိထားပြီး မစွန့်လွှတ် မစွန့်စားဘဲနဲ့ အထွတ်အထိပ် မရောက်နိုင်ပါဘူး။

ဒါ့ကြောင့် ဒီအချက်ဟာလည်း မျိုးရိုးဂုဏ်သိက္ခာမြင့်တင်နိုင်ဖို့ အာဇာနည်ခေါင်းဆောင်ဖြစ်ဖို့အတွက် အလွန်အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်တယ်ဆိုတာ သတိပြုကြပါ။ သို့သော် စွန့်လွှတ်

စွန့်တားမှုကို ပြုလုပ်ရတိုင်း အကြောင်းအကျိုးကို သုံးသပ်ဆင်ခြင်ပြီး၊ ဖြစ်နိုင်သောလမ်းစကို အမြော်အမြင်ရှိစွာဖြင့် သတိထားပြီး ပြုလုပ်ဖို့အကြောင်းလည်း သတိပေးလိုပါတယ်။ မိမိရဲ့ စွန့်လွှတ် စွန့်စားမှုဟာ အကျိုးမဲ့ဖြစ်မသွားစေချင်လို့ပါ။ ဒီကိစ္စမှာ ဒီစွန့်လွှတ် စွန့်စားမှု ဖြစ်ပေါ်လာအောင်လှုံ့ဆော်တက်ပုံကလေး ဘုန်းကြီးကျောင်းတိုက်က ဓာချာဘုန်းကြီးတစ်ပါးအကြောင်း ပြောလိုပါတယ်။ ဘုန်းကြီးကျောင်းက စာချဘုန်းကြီးတစ်ပါး ဘုန်းကြီးတို့နေတဲ့ တောရထဲမှာ ရှုပ်နေတဲ့ သစ်ပင်ကလေးတွေကို မီးရှို့စေပါတယ်။ တကယ် မီးလောင်တော့ ငှက်ကလေးတွေ, ပိုးကောင်ကလေးတွေ ပြေးလွှားထွက်လာကျတာ မြင်တော့ သူ့စိတ်ထဲမှာ သတ္တဝါငယ်ကလေးတွေအကျက် ဘေးဒုက္ခမဖြစ်စေချင်တဲ့ (ကရုဏာ)စိတ်တွေ အလွန်အမင်းဖြစ်ပေါ်လာပါတယ်။ ဒီတော့ သူဟာ မီးတွေကို လိုက်ငြိမ်းသတ်ပါတယ်။ အဲဒီလို ငြိမ်းသတ်နေစဉ်မှာ မီးခဲမီးတောက်တွေပေါ်လည်း ဖြတ်သန်းသွားခဲ့တယ်။ သို့ပေမယ့် ပူရလောင်ရမှန်းမသိဘဲ အောင်မြင်အောင် ငြိမ်းသတ်နိုင်ခဲ့တယ်။ ဒီအဖြစ်အပျက်ကို ဘုန်းကြီး ပြန်လျှောက်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို ဘုန်းကြီးက ပြောလိုက်ပါတယ်။

"အေး- ဒီကိစ္စကို ပြန်သုံးသပ်ပြီး မင်းသတိပြုရမည့်အချက်ဟာ မင်းဟာ မီးခဲမီးတောက်ထဲ ဖြတ်သန်းသွားလာနေပါလျက် ဘာကြောင့် မပူရသလဲဆိုတဲ့အချက်၊ ဒီကတစ်ဆင့်တက်ပြီး မှတ်သားရမည့် အချက်တစ်ခု ရှိတယ်။ မင်းဟာ သတ္တဝါတွေကို မီးလောင်မှာစိုးလို့ မင်းမှ မငြိမ်းသတ်ရင် မဖြစ်တော့ဘူးဆိုတာလည်း သိလို့ မီးတောက်ထဲကိုပင် ဆင်းပြီး အတင်းငြိမ်းမိတာပဲ။ သူတစ်ပါး ဒုက္ခဖယ်ရှားပေးချင်တဲ့ စိတ်က လွှမ်းမိုးသွားလို့ မင်းမှာ ပူရမှန်း, လောင်ရမှန်း မသိတာပဲ၊ ဒီမှာတင်မက သေးသေးဖွဲ့ဖွဲ့လေးပင် ဖြစ်သော်

လည်း တို့သတိပြုရမည့် အချက်က သူတစ်ပါး ဒုက္ခကို ဖယ်ရှားပေးချင်တဲ့ စိတ်ဓာတ်ရဲ့စွမ်းအားသတ္တိပဲ၊ ဒီစိတ်ဟာ အများ ရောက်နေတဲ့ ဒုက္ခကို ကိုယ်မှတစ်ပါး ဘယ်သူမှ ဖယ်မပေးနိုင်ဘူးလို့ ထင်လာပြီဆိုရင် ဘာပဲဖြစ်ဖြစ် ငါလုပ်မယ်ဆိုတဲ့ စိတ်တွေဟာ ဖြစ်လာပြီး အလွန်ကြီးမားတဲ့လုပ်ငန်းကြီးကိုတောင်အောင်မြင်အောင် ဆောင်ရွက်နိုင်တယ်။ အာဇာနည် စိတ်ဓာတ်တွေပေါက်ဖွားခြင်းရဲ့ အခြေခံအကြောင်းပဲ။ ဥပမာ–ကိုယ့်မိသားစုအတွက် ကိုယ်မှမလုပ်ရင် မဖြစ်တော့ဘူးလို့ သဘောပေါက်လာရင် လူထက်တစ်ယောက်ဟာ မနေနိုင်တော့ဘူး။ စွန့်စားပြီးလုပ်လာရတော့တယ်၊ ကိုယ့်အမျိုး အတွက်, ကိုယ့်ရပ်ကွက်အတွက်, ကိုယ့်နိုင်ငံအတွက်,ကိုယ်မှမလုပ်ရင်နစ်မွမ်းတော့မယ်လို့သိရင် ဘေးဒုက္ခတွေ ကျရောက်တော့မယ် လို့ သိရင် စွန့်လွှတ်နိုင်တဲ့စိတ်ဓာတ်တွေ၊ စွန့်စားရဲတဲ့စိတ်ဓာတ်တွေ ကြက်သီးမွေးညှင်းထလောက်အောင်ပေါက်ဖွားလာပြီး စွန့်လည်း စွန့်စားပြီး လုပ်ရဲတယ်။ (ကိုယ့်ရဲ့အချစ်ဆုံး) ကိုယ့်အမြတ်နိုးဆုံး ပစ္စည်းဝတ္ထု, ပုဂ္ဂိုလ်သတ္တဝါ,ဇနီးမယား,သမီးသားကိုပင် စွန့်လွှတ်ရဲကြတာ ဒီစိတ်တွေပဲ။

တို့ဘုရားအလောင်းတော် ဝေဿန္တရာဘဝတုန်းက သားတော်သမီးတော်လှူစဉ်တုန်းက ပြောတဲ့ စကားလေး ငါအမှတ်ရတယ်။

ငါ့သား, ငါ့သမီးတို့ကို မချစ်လို့ မဟုတ်ပါဘူး၊ မမြတ်နိုးလို့ မဟုတ်ပါဘူး၊ သဗ္ဗညုတဉာဏ်ကို မရသေးသမျှ ဘုရားမဖြစ်သေးသမျှ သတ္တဝါတွေရဲ့ ဒုက္ခကို မဖယ်ရှားနိုင်ဘူး။ သဗ္ဗညုတဉာဏ်ကို ရဖို့ရာလည်း ချစ်လှစွာသော ဇနီးမယား,သားသမီးတို့ကို မစွန့် လွှတ်ဘဲ မလှူတမ်းဘဲ ဘယ်နည်းနဲ့မှ မရနိုင်ဘူး။ ဒါ့ကြောင့် ငါ့သား–ငါ့သမီးတို့ကို ချစ်လျက်နဲ့ စွန့်လွှတ်လှူဒါန်းရတာပါ။ အဖေ့ပါရမီကူညီဖြည့်ကြပါဆိုတဲ့ စကားလေးပဲ၊ ဒီလိုမှ မလုပ်ရင် သတ္တဝါ

တွေရဲ့ ဒုက္ခကို မဖယ်နိုင်ဘူးဆိုတဲ့ အသိစိတ်ဓာတ်က လှုံ့ဆော်ပေးလို့သာ ဒီစွန့်လွှတ်စွန့်စားမှုဟာ ဖြစ်နိုင်တာ၊ သာမန်အနေနဲ့ မဖြစ်နိုင်ဘူး၊ ဒါ့ကြောင့် စွန့်လွှတ်စွန့်စားမှုဟာ အာဇာနည် စိတ်ဓာတ်ဖြစ်တဲ့အတွက်ကြောင့် အဆင့်မြင့်ခေါင်းဆောင်တွေမှာ ကိန်းအောင်းဖို့ လိုတယ်လို့ ပြောလိုက်ပါတယ်။

## ရိုးသားဖြောင့်မတ်ခြင်း

ခေါင်းဆောင်ဖြစ်ဖို့ဆိုရင် ရိုးသားဖြောင့်မတ်မှုလည်း ရှိရမယ်။ ခေါင်းဆောင်ပိုင်းက မရိုးမသား မဖြောင့်မတ်ဘူး၊ ကောက်ကျစ်တာ, လှည့်ပတ်တာ, စဉ်းလဲတာ, မာယာသာဌေယျ များတာတွေ အဖြစ်များရင် သူ့အသိုက်အဝန်း၊ သူ့ပတ်ဝန်းကျင်ဟာလည်း ဒီလိုအမူအကျင့် ရှိသူတွေ များနေတတ်ပါတယ်။ ဒီလူတွေများလာရင် နိုင်ငံထက် စီးနင်းပြုမှုတွေ၊ မတရားမှုတွေများလာပြီး အထိတ်ထိတ်အလန့်လန့် နေထိုင်ကြရတတ်ပါတယ်၊ ရိုးသားဖြောင့်မတ်ရင် အားလုံး၏ ကြည်ညိုလေးစားမှုကို ခံရသည့်အတွက် လုပ်ငန်းပေါင်းများစွာကို ပြီးစီးအောင် ဆောင်ရွက်နိုင်ပါတယ်၊ ဒီထက် ပို လေးနက်တဲ့ အဓိပ္ပာယ်ကတော့ အားလုံးချမ်းသာအောင်လုပ်တာ၊ အားလုံးချမ်းသာအောင် ပြောဆို တိုက်တွန်းတာ၊ အားလုံးချမ်းသာအောင် ကြံစည်စိတ်ကူးတာ၊ ဒါဟာ ဖြောင့်မတ်တာပါပဲ။

## နူးညံ့ပျော့ပြောင်းခြင်း

ခေါင်းဆောင်ကောင်းဖြစ်ဖို့ရာ နူးညံ့ပျော့ပြောင်းတဲ့ စိတ်ဓာတ်လည်း ရှိရမယ်၊ နူးညံ့ပျော့ပျောင်းတယ်ဆိုလို့ ပျော့ညံ့တဲ့ စိတ်နဲ့ မရောထွေးပါစေနဲ့၊ ပျော့ညံ့တဲ့စိတ်ဓာတ်ဟာ ခေါင်းဆောင်ပိုင်းနဲ့ မသင့်တော်ပါဘူး။ နူးညံ့ပျော့ပျောင်းတဲ့စိတ်ဓာတ်ကတော့ လွန်စွာရှိ

သင့်တဲ့ အချက်ပါပဲ။ သန့်စင်သည့် ရွှေကောင်းရွှေသန့်များဟာ လိုချင်တဲ့ အဆင်တန်ဆာကို စိတ်တိုင်းကျ ပြုလုပ်လို့ရအောင် နူးညံ့ပျော့ပြောင်းမှုရှိသလို ၊ ကောင်းတဲ့ကိစ္စတွေလုပ်ဖို့ အတွက် “ဘယ်အချိန်မဆို အဆင်သင့်ပါပဲ” ဆိုတဲ့ အနေအထားမျိုးရှိနေဖို့ လိုအပ်ပါတယ်။

တချို့အကြောင်းအမျိုးမျိုးကြောင့် မာနဖြင့်တင်းမာပြီး၊ ဒေါသဖြင့် ခက်ထန်တတ်ကြပါတယ်၊ ကောင်းတဲ့ကိစ္စတွေ လုပ်ဖို့ရန် လာရောက်ပြောဆို တိုက်တွန်းလာရင် အဆင်သင့်မဖြစ်တတ် ကြပါဘူး ခေါင်းဆောင်ကောင်းဆိုတာ ကောင်းတဲ့ကိစ္စတွေ ပြုလုပ်ဖို့အတွက် ကိုယ်ရောစိတ်ပါ အဆင်သင့်ပါပဲလို့ပြောနိုင်တဲ့ အနေအထား ရှိဖို့ လိုပါတယ်၊ အဲဒီလို အဆင်သင့်ဖြစ်နိုင်အောင် ခန္ဓာကိုယ်အားဖြင့် ကျန်းမာရေး အလွန်ကောင်းပြီး၊ သွက်သွက်လက်လက်ရှိအောင် သင့်လျော်သော အစားအသောက်၊ ဆေးဝါးဓာတ်စာ၊ လေ့ကျင့်ခန်းစသည့်မှီဝဲမှု ပြုလုပ်ပြီး ကျန်းမာရေးကောင်းအောင်ဂရုစိုက်ရပါမယ်။

ကျန်းမာရေး မကောင်းလျှင် စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး၊ စိတ်အားဖြင့်လည်း အဆင်သင့်ဖြစ်အောင် ကောင်းတဲ့အလုပ်တွေမှာ စိတ်ဝင်စားစွာဖြင့် အလေ့အကျင့်မျိုး ရှိအောင် ပြုလုပ်ထားရပါတယ် ကောင်းတဲ့ အလုပ်ရဲ့တန်ဖိုး အကျိုးကျေးဇူးကို ရှုမြင်သုံးသပ်ပြီး၊ စိတ်ဓာတ်ကို မြှောက်ပင့်ပြီး၊ စိတ်ဝင်စားအောင် ကြံစည်စိတ်ကူးတဲ့ အလေ့အထ လုပ်ရပါတယ်။

တကယ်အကျိုးရှိတဲ့အလုပ်တွေမှာ စပြီး လုပ်ဖြစ်အောင် လုပ်ဖို့ လိုပါတယ်၊ စမိလျှင် အဆုံးထိလည်း လုပ်ဖြစ်တာများပါတယ်။ ကောင်းတဲ့အလုပ်ဟာ လုပ်ရင်းလုပ်ရင်း အကျိုးကျေးဇူးရှိလာတဲ့ အတွက်ကြောင့် နောက်တော့ အလုပ်ကဆွဲဆောင်သွားမှာပါ၊ ဒါကြောင့် ကောင်းတဲ့ကိစ္စတွေမှာ အဆင်သင့်ဖြစ်ဖို့ရာ ကိုယ်ကျန်း

မှာဖို့လိုသလို စိတ်အားဖြင့်လည်း ဘယ်သူမမြှောက်မြှောက် ကိုယ့်ဟာ ကိုယ်မြှောက်ပြီး စိတ်ဝင်စားအောင် ကြိုးစားကြပါ။

## ခြိုးခြံသောအကျင့်

သြဇာတိက္ကမ ရှိလာလျှင် ရာထူးဌာနန္တရကြီးလာလျှင်, ပြည့်စုံလာလျှင် ကာမဂုဏ်တွေ ပေါများလာတတ်ပါတယ်။ အခွင့်အရေးပေါင်း များစွာလည်း ရရှိလာတတ်ပါတယ်။ အဲဒီလို ကာမဂုဏ်အာရုံတွေ, ဓိမ်ခံပစ္စည်းတွေဟာ ပေါများ ကြွယ်ဝတိုင်း ခံစားလို့သင့်လျော်ပါသလား၊ ဒီကာမဂုဏ်တွေနဲ့ ဓိမ်ခံပစ္စည်းတွေဟာ ခံစားတိုင်း မကောင်းတာတော့ သေချာတယ်၊ အတိုင်းအတာထက်လွန်မင်းစွာခံစားရင် ဘာဖြစ်နိုင်မယ်ဆိုတာ အားလုံးသိပါတယ်၊ ဒီတော့ ဒါတွေကို တစ်ပတ်မှာတစ်ရက်၊ တစ်လမှာ လေးရက်ဆိုသလိုသင့်လျော်သလို ခြိုးခြံပြီး ကာမဂုဏ် မေထုန်နဲ့ လွတ်လွတ် ကင်းကင်း နေခြင်းဆိုတဲ့ အကျင့်ဟာအလွန် သင့်လျော်ကောင်းမြတ် တဲ့အလုပ်ပါ။

ဥပုသ်စောင့်တာမျိုးလိုပေါ့။ ဒီလိုခြိုးခြံတဲ့အကျင့်၊ ဒီလိုဥပုသ်စောင်သုံးတဲ့အကျင့်တွေမှာ တရားဘာဝနာနဲ့ နေထိုင်မှုပါ ရောစပ်လိုက်မယ်ဆိုရင် စိတ်တန်ခိုးသတ္တိတွေ ထက်မြက်ပြီးပစ္စုပ္ပန် သံသရာ အကျိုးစီးပွား။ လောကီ လောကုတ္တရာ အကျိုးစီးပွား တွေဖြစ်ပေါ်စေနိုင်ပါတယ်။ ခေါင်းဆောင်ပိုင်းက ကာမဂုဏ် ခံစား ဓိမ်ခံများနေရင် မိမိပတ်ဝန်းကျင် အသိုက်အဝန်းမှာ ဆုံးရှုံးနိုင်တာကြောင့်ရှေးခေတ်ကရော ယခုခေတ်မှာပါ သက်သေ သာဓကပေါင်းများစွာရှိပါတယ်။ စိတ်ဓာတ်အားဖြင့် ကာမဂုဏ် နွံဗွက်မှာ နစ်မြုပ်မနေဘဲခြိုးခြံစွာနေထိုင်တတ်ဖို့ အရေးကြီးကြောင်း သိလောက်ပါတယ်။

## အမျက်စောင်းမာန်မကြီးရခြင်း

ခေါင်းဆောင်ဆိုတာ အများအပေါ် ဩဇာညောင်းသူဖြစ်တော့ သူ့ရဲ့စကား၊ သူ့ရဲ့အမိန့် ဒါတွေဟာ အင်မတန် စူးရှပါတယ်။ ဒါကြောင့် ခေါင်းဆောင်တွေကို ဝါစာဝုဓ–စကားလက်နက်ရှိသူများလို့ ခေါ်တာပါ၊ မိမိရဲ့ဒေါသကြောင့် ဖြစ်ပေါ်လာတဲ့ စကား တစ်ခွန်းဟာ ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေပါတယ်။ ဒါကြောင့် ရှေး သူတော်ကောင်းတွေဟာ "စိတ်တိုရင်စကားမပြောနဲ့"လို့ ဆုံးမကြတာပါ။ အမျက်ဒေါသကြီးခြင်း၊ ရန်ညိုးဖွဲ့ခြင်းတွေကို ရှောင်ရှားပြီး ပြုပြင်ပေးလိုသည့်စိတ်ဓာတ်ပေါ်လာအောင် သင့်တော်စွာ နှလုံးသွင်းဖို့လိုပါတယ်။ မသင့်လျော်တာတွေကို တွေ့ရင် စိတ်တို နေမည့်အစား နည်းမျိုးစုံနဲ့ ပြုပြင်ဖို့ စိတ်ကူးဟာ ပိုကောင်းပါတယ်။

## မညှဉ်းဆဲ မနှိပ်စက်ခြင်း

လူကြီးဆိုတာ အကြောင်းမဲ့ညှဉ်းဆဲနှိပ်စက်ခြင်း၊ နိုင်ထက်စီးနင်းပြုခြင်း မလုပ်ရပါဘူး၊ လုပ်နိုင်တဲ့အခွင့်အရေး များစွာရှိတဲ့ လူကြီးတစ်ယောက်မှာ ဒီသတိပေးချက်ကလေးဟာ အရေးပါပါတယ်၊ အနိုင်အထက် လုပ်ပါများလာရင် နောက်လိုက်ငယ်သား များက မခံမရပ်နိုင်ဖြစ်လာပြီး နောက်ဆုံးကျရှုံးရတတ်ပါတယ်။

မညှဉ်းပန်း မနှိပ်စက်ဘဲ၊ နိုင်ထက်စီးနင်း မပြုလုပ်ဘဲ၊ သူ့အပြစ်က သူ့ကိုစီရင်တာမျိုးဖြစ်အောင်သူ့အပြစ်နဲ့စီရင်ချင်တွေညီမျှအောင်, တရားမျှတအောင် ကြိုးပမ်းရပါတယ်။ မိမိနောက်လိုက် အားလုံးဟာ ညီညွတ်မှုညီညီမျှမျှ တရားမျှတမှုရှိကြောင်းသိကာ ကျေနပ်ပြီးအပြစ်ကို သဘောပေါက်သိရှိကာ မကောင်းမှု ဒုစရိုက်ကို မလုပ်ရဲအောင်၊ ထိတ်လန့်တဲ့စိတ်ဓာတ်မျိုးတွေ ကိန်းအောင်းလာအောင် ဖန်တီးတတ်ဖို့ လိုတယ်။ ဒါမှ အေးချမ်းပြီး ဒုက္ခကင်းတဲ့ သုခကိုခံစားရကြမှာပါ။

## သည်းခံမှု ခံနိုင်ရည်ရှိမှု

သည်းခံရမယ်, ခံနိုင်ရည် ရှိရမယ်, သည်းခံတယ်ဆိုတာကို ငြိမ်နေရမယ်လို့ မဆိုလိုပါဘူး၊ မိမိရဲ့ကောင်းတဲ့အလုပ်တွေကို၊ ကောင်းတဲ့စိတ်မာတ်တွေကို၊ ကောင်းတဲ့အလေ့အကျင့်တွေကို ဘာကြောင့်ပဲဖြစ်ဖြစ်၊ ဘယ်အခြေအနေကြောင့်ပဲဖြစ်ဖြစ်၊ ဘယ် ပတ်ဝန်းကျင်ကြောင့်ပဲ ဖြစ်ဖြစ်၊ ဘယ်လိုအန္တရာယ်အပြုမှုတွေကြောင့်ပဲဖြစ်ဖြစ်၊ ဆက်လက်ပြုလုပ်နိုင်အောင် ခံနိုင်ရည်ရှိဖို့လိုပါတယ်။

ဘာကြောင့်ပဲဖြစ်ဖြစ် ကောင်းတဲ့အလုပ်တွေမှာ အညွန့်ချိုးမခံပါနဲ့၊ "ပန်းပန်လျက်ပါပဲ" ဆိုသလို ခံနိုင်ရည်ပြည့်ဝဖို့လိုပါတယ်။ ဥပမာ ကောင်းတဲ့ အလုပ်ကို လုပ်နေစဉ် ဆဲမယ်, ရိုက်မယ်,ဘေးအန္တရာယ်ပြုမယ် စသည်ဖြင့် ဘယ်လိုပဲ ပတ်ဝန်းကျင်က ပြုလုပ်ကြ, ပြုလုပ်ကြ ဒေါသအာဃာတ မာန်မာန ဖြင့် မတုံ့ပြန်ဘဲ၊ လက်စားမခြေဘဲ မိမိရဲ့ကောင်းသော အလုပ်ကိုသာ ဆက်လက်လုပ်ကိုင်မြဲလုပ်ကိုင်တတ်ဖို့ အရေးကြီးပါတယ်၊ ဒါကြောင့် ခံနိုင်ရည်ရှိခြင်းဟာ အကျင့်တရားတွေထဲမှာ အသာဆုံးလို့ ဘုရားဟောထားတာပေါ့။

တချို့က အလုပ်လေးမှ လုပ်မယ်မကြံသေး၊ ပတ်ဝန်းကျင် ဖျက်လိုက်ရင် ပျက်ရော။ ဒါဟာ ခံနိုင်ရည်မရှိတာ၊ သည်းမခံနိုင်တာ၊ တချို့ သည်းမခံရုံတင်မက ဒေါသမာန်မာနနှင့် လက်တုံ့ပြန်ပြီး သူ့ကို ရွဲ့ကာ မကောင်းတာတွေ ပြန်လုပ်တာ ပိုပြီးတော့ ဆိုးသွားတယ်၊ ဒါ့ကြောင့် လူကြီးလူကောင်းဆိုတာ ခံနိုင်ရည်ရှိဖို့ သိပ် အရေးကြီးတယ်၊ အေးလည်း လုပ်သင့်တာ လုပ်ရဲရမှာပဲ။ ပူလည်း လုပ်သင့်တာ လုပ်ရမှာပဲ၊ ဘယ်ရာသီဥတုမျိုးမှာ ဖြစ်ဖြစ် ဘယ်သူတွေ ဘာပဲပြောပြော, ဘယ်လိုလုပ်လုပ်, လုပ်သင့်တာ လုပ်ရမှာပဲ။ အဲဒီလို လုပ်သင့်တဲ့နေရာမှာ ဒေါသမာန်မာနဖြင့် လက်တုံ့ပြန်မှုမပြုဘဲ ကိုယ့်ရဲ့ လုပ်ငန်းကို ကိုယ့်ဘက်က လုပ်နိုင်ခြင်းဟာ အလွန်ကောင်း

တဲ့ အရည်အချင်း တစ်ရပ်ဖြစ်ကြောင်း သတိပြုကြပါ။

## မဆန့်ကျင်ခြင်း

ခေါင်းဆောင်ကောင်းရဲ့ အင်္ဂါထဲမှာ မဆန့်ကျင်ခြင်းဆိုတဲ့ အင်္ဂါ တစ်ခုလည်း ပါတယ်။ မဆန့်ကျင်ခြင်းဆိုတာ အများထင်သလို နောက်လိုက်ငယ်သားများတို့နှင့် မဆန့်ကျင်ခြင်း၊ အုပ်ချုပ်ခံလူတန်းစားနှင့် မဆန့်ကျင်ခြင်း။ လူထုနှင့် မဆန့်ကျင်ခြင်း၊ နောက် လိုက်ငယ်သားတို့၏ အလိုဆန္ဒအတိုင်း ပြုလုပ်ခြင်း၊ အုပ်ချုပ်ခံ လူတန်းစား၏ အလိုဆန္ဒအတိုင်း ပြုလုပ်ခြင်း၊ လူထု၏ အလိုဆန္ဒ အတိုင်း ပြုလုပ်ခြင်း (ဝါ) အများဆန္ဒအတိုင်း ပြုလုပ်ခြင်းလို့ မှတ်ထင်နေတတ်ကြပါတယ်၊ ဒါပေမဲ့ စိစစ်ဝေဖန် လိုက်ရင် အများစုရဲ့ ဆန္ဒဆိုတာဟာ အမှန်တကယ်အကျိုးရှိတဲ့ကိစ္စမှ ဟုတ်ပါ့မလားလို့ သံသယ ရှိနိုင်ပါတယ်။ တစ်ရံတစ်ခါ တကယ်တမ်းသိရှိနေသူအတွက် အများစုရဲ့ဆန္ဒဆိုတာဟာ ကြောက်စရာ ကောင်းလောက်အောင် တိမ်းစောင်း နေတတ်ပါတယ်။ ဗုဒ္ဓရဲ့ဝါဒက ပုဂ္ဂိုလ်ရေးကို ဦးစားပေးတဲ့ ပုဂ္ဂလဓိဋ္ဌာန်ဝါဒမဟုတ်ပါဘူး၊ တစ်ဦး ဖြစ်စေ, အများ ဖြစ်စေ, အားလုံးပဲဖြစ်စေ, ပုဂ္ဂိုလ်ရေးကို ရှေ့တန်းမတင်ပါဘူး၊ ဓမ္မ လမ်းကြောင်းကိုသာကြည့်ရှုပြီးလုပ်သင့်ကြောင်းညွှန်ပြတဲ့ဓမ္မဓိဋ္ဌာန်ဝါဒပါ၊ ဒီတော့ အများစုရဲ့ဆန္ဒကို မဆန့်ကျင်ရဘူး။ အများဆန္ဒ အတိုင်းလုပ်ရမယ်လို့ ဒီလိုညွှန်ကြားမှာမဟုတ်ပါဘူး၊ အများစုက မှားနေရင် ဘယ်လို လုပ်မှာလဲ၊ အကျိုးရှိတဲ့ အလုပ်ကိုသာ လုပ်ဖို့ ညွှန်ကြားမှာပါ၊ ဒီတော့ မဆန့်ကျင်ရဘူးဆိုတဲ့ သဘောကို အလေး အနက် စဉ်းစားဖို့လိုလာပါတယ်၊ မဟာဟံသဇာတ်တော်မှာ အဓိပ္ပာယ် ထူးထူးခြားခြား ဖွင့်ပြမှုမရှိပါဘူး၊ သို့သော်မဟာဗောဓိဇာတ်မှာ ဒါနဲ့ ပတ်သက်လို့ အလွန်ကောင်းတဲ့ အဓိပ္ပာယ် ရှင်းလင်း ဖွင့်ပြချက်တွေ

ရှိပါတယ်။ အဲဒီအဓိပ္ပာယ်ကို ယူပြီးတော့ ပြောပါမယ်

(၁) တိုင်းပြည်နှင့်ဆန့်ကျင်ခြင်း၊

(၂) ဆေးဝါးတို့နှင့်ဆန့်ကျင်ခြင်း၊

(၃) ဘဏ္ဍာကျိုကျနှင့်ဆန့်ကျင်ခြင်း၊

(၄) စစ်တပ်နှင့် ဆန့်ကျင်ခြင်း၊

(၅) နတ်ပြည်နှင့် ဆန့်ကျင်ခြင်း၊

(၆) သားသမီးတို့နှင့်ဆန့်ကျင်ခြင်း ဆိုပြီး ဒီလို ၆ မျိုးခွဲပြီးတော့ ရှင်းပြထားပါတယ်။

**(၁) တိုင်းပြည်နှင့် ဆန့်ကျင်မှု မရှိခြင်း။** ။အရသာရှိ၍ အဆင်းအနံ့နှင့် ပြည့်စုံပြီး အလွန်ချိုမြိန်သော အရသာရှိသော သစ်သီးတို့နှင့် ပွတ်ခဲနေသော သစ်ပင်ကြီး၏ အသီးစိမ်းများကို ဆွတ်ခူးပစ်လိုက်ပါက ချိုမြိန်သော အရသာကိုမသိလိုက်ရသလို၊ နောင် ဤကဲ့သို့သစ်ပင်ကို ဖြစ်ပေါ်စေနိုင်သော မျိုးစေ့ကိုလည်း ဖျက်ဆီးရာ ရောက်ပါတယ်။ ထို့အတူ ချစ်လို့၊မုန်းလို့၊ကြောက်လို့ မသိနားမလည်၊မကျွမ်းကျင်လို့မလုပ်သင့်တာတွေပြုလုပ်ပြီးတိုင်းပြည် အုပ်ချုပ်မည်ဆိုလျှင်လည်း မြေပေါ်မြေအောက်ရှိသဘာဝသယံဇာတ အကျိုးကျေးဇူးများ၊ ပြည်သူပြည်သားများကို ရှိမှန်းလည်း မသိနိုင်ပါဘူး၊ သိလည်း ဖော်ထုတ်မသုံးစွဲတတ်ပါဘူး၊ ဖြစ်နိုင်တဲ့နည်းလမ်းကို ရှိမှန်းတောင် သိရမှာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဒီခေါင်းဆောင်ဟာ တိုင်းပြည်ကိုဖျက်ဆီးပစ်ရာ ရောက်ပါတယ်။ ဒါတိုင်းပြည်နဲ့ ဆန့်ကျင်ကာပါပဲ။ တိုင်းကြီးပြည်ကြီး အဖြစ်နဲ့ ဆန့်ကျင်ပြီး အလိုလို တိုင်းပြည်ဟာ သိမ်ငယ်သွားတာပဲ ဒါသီးစိမ်းတွေကိုခြွေချဖျက်ဆီး ပစ်မိတာနဲ့ အတူတူပါပဲ၊ ဒီသစ်ပင်ရဲ့ သီးစိမ်းများကို ဖျက်ဆီးမပစ်ဘဲ ရင့်မှည့်သည့်တိုင်အောင်ဆိုင်းငံ့၍ သီးမှည့်များကိုသာ ဆွတ်ခူး စားသုံးပါက သစ်သီးရဲ့အရသာကို ကောင်းစွာ သိရ ပြီး သစ်ပင်

၏တန်ဖိုးကိုလည်း သဘောပေါက်နားလည်နိုင်သလို ဒီသစ်ပင်ရဲ့ မျိုးဆက်သစ်ကိုလည်း ဖျက်ဆီးရာမရောက်၊ ဒါ့ကြောင့် ချစ်လို့၊မုန်းလို့၊ ကြောက်လို့၊ မသိနားမလည် မကျွမ်းကျင်လို့ မလုပ် သင့်သော အလုပ်များကို မလုပ်မိအောင် ရှောင်ရှားရပါမယ်။ မည်သည့် ကိစ္စမဆို ပုဂ္ဂလဓိဋ္ဌာန်မဘာပ်ဓမ္မဓိဋ္ဌာန်ကျကျသဘာဝဓမ္မတို့၏အကြောင်း အကျိုးနှင့် ဖြစ်နိုင်ဖို့ အခြေအနေတို့ကိုသိရှိနားလည်အောင် လေ့လာ ဆည်းပူး ဆင်ခြင်သုံးသပ်ရပါမယ် အကျိုးရှိကြောင်း လမ်းမှန်ပေါ်၌ ရပ်တည်ကာ စီမံခန့်ခွဲအုပ်ချုပ်ရပါမယ်၊ အဓိကအားဖြင့် မတရား သဖြင့် အခွန်တော်ဆောင်စေခြင်းများကို မပြုလုပ်ဘဲ တရား သဖြင့် အခြေအနေကိုသုံးသပ်၍ အခွန်ကောက်ခြင်း စသော ဓမ္မဓိဋ္ဌာန် ကျကျ အမှန်တကယ် အကျိုးရှိသည့် လမ်းစဉ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ် ရပါမယ်၊ ဒါဟာ မှည့်ရင့်သော သစ်သီးများကိုသာ ဆွတ်ခူး သုံးစွဲရာရောက်ပါတယ်။ တိုင်းပြည်၏ မြေပေါ် မြေ အောက် သယံဇာတ အကျိုးအမြတ်များ၊ တိုင်းသူပြည်သားတို့၏လုပ်ဆောင်မှု၊ ကံ ဉာဏ် ဝီရိယ စွမ်းပကားကြောင့် ပေါ်ထွက်လာသော အကျိုး အမြတ် များကို သိရှိခံစားရ၍ တိုင်းပြည်တန်ဖိုးကို နားလည်ပြီး တိုင်းပြည် ကို မဖျက်ဆီးရာ၊ တိုင်းပြုပြည်ပြု၊ ပြုလုပ်ရာ ရောက်ပါတယ်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည်သာ "တိုင်းပြည်နှင့် မဆန့်ကျင်ခြင်း"ဟု ခေါ်ပါတယ်။ ဆိုလိုရင်းမှာ–ပုဂ္ဂလဓိဋ္ဌာန်မဖက် သဘာဝဓမ္မတို့၏ အကြောင်း အကျိုးဖြစ်နိုင်ပုံကို လေ့လာ ဆည်းပူး ဆင်ခြင် ဆုံးဖြတ် ပြီး၊ အမှန်တကယ် အကျိုးရှိမည့်အလုပ်ကို လုပ်ဆောင်ခြင်းသည် သာ တိုင်းပြည်နှင့် မဆန့်ကျင်သည် မည်တယ်လို့ ဆိုလိုပါ တယ်။

အများ၏ဆန္ဒကိုလိုက်၍ အပေါ်ယံ တစ်ခဏတာအကျိုးစီးပွား ကိုသိမြင်၍ အမှန်တကယ်နစ်မွန်းစေမည့် အများအကြိုက် လမ်းစဉ် တို့ကို ချမှတ်ပြုလုပ်လျှင် ၄င်းခေါင်းဆောင်တိုင်းပြည်နှင့် ဆန့်ကျင်

ပြီး တိုင်းပြည်ကို ဖျက်ဆီးသည်ဟု ဆိုလိုပါတယ်။

(၂) **ဆေးဝါးနှင့်ဆန့်ကျင်ခြင်း။** ။ မတရားသဖြင့် နှိပ်စက်သော တိုင်းပြည်ဝယ် တိုင်းသူပြည်သားတို့သည် ရွာငယ်, ရွာကြီးတို့ကို စွန့်ခွာပြီး နယ်စပ်ဒေသ၊ ပစ္စန္တရစ်အရပ်၊ တောင်ခြေချိုင့်ဝှမ်းစသည်တို့သို့ တိမ်းရှောင်ကြကာ အခွန်အတုတ် စီးပွားဥစ္စာတို့ကို မဖော်ထုတ်နိုင်တော့ဘဲ တိုင်းပြည်၏ဝန်ထမ်းအားလုံး၊ အကျိုးအမြတ် အားလုံး ပျက်သုဉ်းတတ်ပါတယ်။ မတရားသူတို့ အုပ်စိုးသော တိုင်းပြည်ဝယ်မြေကြီးသည် အဆီသြဇာ မရှိတော့ဘဲ ဆေးပင်ဝါးပင် တို့ဟာ အဆီသြဇာမရှိဘဲ ရောဂါတို့ကို မပျောက်ကင်းစေနိုင်ဘဲ ဖြစ်တတ်ပါတယ်။ ဤသို့လျှင်ခေါင်းဆောင်ပိုင်းက မဟုတ်မတရား ပြုလုပ်ပါက ကြာရှည်လာသောအခါ ဆေးပင် ဝါးပင်တို့ မစွမ်း မထက် တော့ပါဘူး။ ဒါဟာ ဆေးပင် ဝါးပင် နှင့်ဆန့်ကျင်သည်လို့ ဆိုရပါတယ်။ ခေါင်းဆောင်ပိုင်းက အကယ်၍အသုံးပြုကာ မဖြစ်မနေပြုလုပ်မည်ဆိုလျှင် တိုင်းပြည်၏ ရေမြေသာယာပြီး အဆီသြဇာနှင့် ပြည့်စုံကာ ဆေးပင်ဝါးပင်တို့ဟာ အကျိုးအာနိသင် ထက်လာပါတယ် ရောဂါဘယတို့ကိုလည်း ပျောက်ကင်းစေနိုင်ပါတယ်၊ ဒါဟာ ဆေးပင်ဝါးပင်နှင့် မဆန့်ကျင်သည် မည်ပါတယ်။

(၃) **ဘဏ္ဍာကျီကျနှင့်မဆန့်ကျင်ခြင်း။** ။ ရောင်းဝယ်ဖောက်ကားနေကြသော နယ်မှ ကုန်သည်များကို မတရားသဖြင့် အခွန်ကောက်ခြင်း၊ မတရားသဖြင့် တရားဆုံးဖြတ်ခြင်း စသည်ဖြင့် နှိပ်စက်ပါက ရေလမ်းကြောင်း, ကုန်းလမ်းကြောင်းမှ အခွန်ဆောင်သူများနည်းပါးသွားသဖြင့်ပစ္စည်းဥစ္စာစနေဆုံးရှုံးနစ်နာတတ်ပါတယ်။ ဒါဟာ ဘဏ္ဍာကျီကျနှင့် ဆန့်ကျင်သည် မည်ပါတယ်။ ဤကဲ့သို့ မပြုမူဘဲ တရားသဖြင့် အခွန်ကောက်ခြင်း၊ ပိုင်ရှင်ကို ပိုင်ရှင် စသည်ဖြင့် မှန်မှန်ကန်ကန် တရားဆုံးဖြတ်ခြင်း။ ကုန်သည်တို့အား မနှိပ်

စက်ခြင်း၊ ကုန်ကူးသန်းရောင်းဝယ်နိုင်အောင် အဘက်ဘက်မှ အကူအညီပေးခြင်း၊ အခွန်ဆောင်မည့်ကုန်သည်များ တိုးပွားလာအောင် ပြုလုပ်ပြီး ဥစ္စာစနေဖြင့် ကြွယ်ဝချမ်းသာခြင်းတို့သည် ဘဏ္ဍာကျီကျနှင့် မဆန့်ကျင်သည် မည်ပါတယ်။

(၄) **စစ်တပ်နှင့် မဆန့်ကျင်ခြင်း။** ။ကောင်းစွာလေ့ကျင့်တတ်မြောက်ပြီးသော စစ်ပွဲပြန်ကြီးများဖြစ်ကုန်သော ထင်ရှားကျော်ကြားသော စစ်ဗိုလ်ကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ စစ်ရေး ကျွမ်းကျင်ပညာရှင်များကို ညှဉ်းပမ်းနှိပ်စက်ပါက "အလွန်ကျေးဇူး များသော၊ တိုင်းပြည်ကို ငြိမ်ဝပ်အောင် ပြုလုပ်နိုင်သော စစ်ဗိုလ်များ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ စစ်ရေးပညာရှင် ပုဂ္ဂိုလ်များကိုတောင် နှိပ်စက်သေး၏။ ငါတို့မှာ ဆိုဖွယ်ရာမရှိ" ဟု စစ်သားများက အခြေအနေကို သဘောပေါက်ပြီး၊ အခြားတိုင်းပြည်များသို့ ခိုလှုံဝင်ရောက်သွားတတ် ပါတယ်။ တိုင်းပြည်၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေနိုင်ပါတယ်။ ဒီခေါင်းဆောင်မျိုးဟာ စစ်တပ်နဲ့ဆန့်ကျင်သူ မည်ပါတယ်။ အရာမဟုတ်သည်၌ မပင်ပန်းစေဘဲ၊ အကြောင်းမဲ့ စစ်သားကို မဖြုန်းတီးသူဟာ စစ်တပ်နှင့် မဆန့်ကျင်သူမည်ပါတယ်။

(၅) **နတ်ပြည်နှင့်မဆန့်ကျင်ခြင်း။** ။သီလ, သမာဓိ, ပညာ ဂုဏ်တို့ကို ရှာဖွေကျင့်ကြံနေကြသော ရသေ့–ရဟန်း သူတော်စင်များကို ဆဲရေးခြင်း၊ ပုတ်ခတ်ခြင်း၊ ဖမ်းဆီး ချုပ်နှောင်ခြင်း၊ ခြိမ်းခြောက်ခြင်း အစရှိသဖြင့် ညှဉ်းဆဲသော မတရားသဖြင့် ပြုကျင့်သောခေါင်းဆောင်သည် သေသောအခါ အပါယ် ၄ ပါး၌သာ ကျရောက် ရပါတယ်။ နတ်ပြည်၌ မဖြစ်နိုင်ပါ။ နတ်ပြည် နှင့် ဆန့်ကျင်ရာရောက်ပါတယ်။ သူတော်စင်တို့အား တရားသဖြင့် အစောင့်အရှောက် ပေးမခြင်း၊ ပစ္စည်း ၄ ပါးတို့ဖြင့် ထောက်ပံ့ခြင်း စသည်ဖြင့် တရားသဖြင့် ပြုလုပ်သော ခေါင်းဆောင်သည် သေသည်၏

အခြားမဲ့၌ နတ်ပြည်၌ရောက်ရတတ်သဖြင့် နတ်ပြည်နှင့် မဆန့်ကျင်သည်မည်ပါတယ်။

**(၆) သားသမီးနှင့်မဆန့်ကျင်ခြင်း။** ။မိမိ၏လက်ရုံးရိပ်၌ကြီးပြင်းလာသော သားသမီးတို့ဖြင့် စည်ပင်နေတဲ့ သီလရှိတဲ့ ဇနီးကို မိတ်ဆွေတု ဂုံးချောသူတို့၏ စကားကို နားယောင်၍ ညှဉ်းဆဲသောပုဂ္ဂိုလ်ဟာ အပါယ်ငရဲသို့ရောက်ရတတ်ပါတယ်၊ အပါယ်ငရဲရောက်ကြောင်းတရားကို ဆည်းပူးမိသည်မည်ပါတယ်။။

ဤဘဝ၌ပင် သားသမီးတို့နှင့် ဆန့်ကျင်သည် မည်ပါတယ်။ သားသမီးတို့ကို သင့်တင့်လျောက်ပတ်သော အရာ၌ထား၍၊ ၄င်းတို့ကို အတတ်ပညာသင်ပေးကာ ကောင်းစွာစောင့်ရှောက်လျက် ဇနီးမယားအား စည်းစိမ်ဥစ္စာတို့၌ အစိုးတရပြုခွင့်ပေးထားခြင်း၊ အဆင်တန်ဆာ လက်ဆောင်ပေးခြင်း၊ မြတ်မြတ်နိုးနိုးကြင်နာမှု ပေးခြင်းဖြင့် ချီးမြှောက်လေသော်–သားသမီးတို့ကို တရားနှင့်အညီ ပြုသည်ဖြစ်၍ မဆန့်ကျင်သည် မည်ပါတယ်။ ဤကဲ့သို့ မဆန့်ကျင်သော ခေါင်းဆောင်သည် အစဉ်အလာကောင်းကို မဖျက်ဆီးဘဲ အုပ်ချုပ်ပါက ခေါင်းဆောင်၏တန်ခိုးအရှိန်အဝါဖြင့် ဆန့်ကျင်ဘက်ရန်သူတို့ကို ကောင်းစွာ တုန်လှုပ်စေနိုင်ပါတယ်။ အသူရာတို့ကို လွှမ်းမိုးအောင်နိုင်သော သိကြားမင်းကဲ့သို့ ဆန့်ကျင်ဖက်၊ ပြိုင်ဖက်တို့ကို တုန်လှုပ်စေနိုင်ပါတယ်။

## အများအတွက် ခေါင်းဆောင်ကောင်း

ခေါင်းဆောင်ကောင်း ဆိုတာ အလွန်ဆိုးရွားနိမ့်ကျနေသော အခြေအနေမှ တစ်ဟုန်ထိုး တိုးတက်မှုရှိလာအောင် ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဂန္ဓက်ဏ္ဍာဇာတ်မှာ နံ့သာတည်ပင်စောင့် ရုက္ခစိုးနတ်ကြီး အကြောင်းကို မှတ်သားဖွယ်ရာ

တွေ့ရပါတယ်။ ဟို – ရှေးတုန်းက မဇ္ဈာလ တိုင်းပြည်(နိုင်ငံ) ဥတ္တရ ပဉ္စာမြို့တော်မှာ ပဉ္စာလဆိုတဲ့ဘုရင်ဟာအဂတိလိုက်စားပြီး မတရား သဖြင့် တိုင်းရေး ပြည်ရာတို့မှာ ပေါ့ပေါ့ဆဆ စီရင်ခန့်ခွဲအုပ်ချုပ် မင်းလုပ်နေ ပါတယ်။ ခက်တာက ခေါင်းဆောင်ဆိုသူ မတရားရင် အားလုံးဟာလည်း မတရားမှုဆိုတဲ့ ခေတ်ရေစီးကြောင်းထဲမှာ မျော ပါ သွား တတ်ပါတယ်။ ဒီတော့ မှူးကြီး–မတ်ရာအားလုံး မတရား ကြဘူးတဲ့။ အခွန်အကောက်များလွန်းသဖြင့် တိုင်းသူပြည်သားများ တောအုံ ချုံကြား ပုန်းအောင်းနေရတဲ့အတွက်ကြောင့် ရွာတွေလည်း ပျက်စီး ကုန်သလောက် ဖြစ်ကုန်သတဲ့။ နေ့များဆိုရင် မင်းမှုထမ်း တွေကို ကြောက်လွန်းလို့ အိမ်မှာမနေရဲကြဘဲ ဆူးကာပြီး ထားကြရ တယ်။ ဆူးကာပြီး ထွက်ပြေးကြရသတဲ့။ ညရောက်မှ ပြန်ရောက် ကြပြီး အရုဏ်တက်တာနဲ့ တောထဲထွက်၊ နေ့မှာဆိုရင် မင်းမှုထမ်း တွေက လုယက်၊ ညမှာဆိုရင် သူခိုး,ဓားပြတွေက လုယက်၊ တိုင်း ပြည်ဟာ ဗလောင်ဆူပွက်နေသတဲ့။ အဲဒီတုန်းက တို့ဘုရားလောင်း က မြို့တော် အပြင်ဘက်က တည်ပင်ကြီးမှာ ရုက္ခစိုးနတ်ဖြစ်နေ သတဲ့။ ဘုရင်က ကျန်ဘာတွေ ပေါ့တီပေါ့ဆလုပ်ပေမယ့် တစ်နှစ် တစ်ကြိမ် တစ်ထောင်တန် တစ်ထောင်တန်ဗလိနတ်စာ ဆက်သမှု ကိုတော့ပြုသတဲ့။ ဘုရားအလောင်းတော်များဆိုတာ မတရားမှုကို လက်ပိုက်ပြီး ကြည့်နေတတ်ကြတာ မဟုတ်ဘူး။ တခြားပုဂ္ဂိုလ်တွေ လို မတရားရင် ဒဏ် ခတ်ပစ်လိုက်မယ်ဆိုတဲ့ စိတ်မျိုးလည်း မရှိကြဘူး၊ မတရားမှုကို ပြုပြင်ပေးဖို့နည်းလမ်းကိုသာ ရှာဖွေ တတ် ကြတာ။ ကြည့်ညို လေးစားဖွယ်ရာကောင်း၊ အတုယူစရာ ကောင်း ပါတယ်။ ဒီနတ်မင်း တွေးပုံမှာက သတိပြုစရာ အချက်အလက် တွေပါနေတယ်။ သူဟာ ဒီမင်းဟာ ပေါ့တီပေါ့ဆ တိုင်းပြည် အုပ် ချုပ်နေ တယ်၊ တစ်တိုင်းပြည်လုံး လည်း ပျက်စီးနေပြီ၊ ငါမှတစ်ပါး

ဘယ်သူမှ ဒီမင်းကို လမ်းမှန် ရောက်အောင် တင်ပေးဖို့ စွမ်းဆောင်နိုင်မှာ မဟုတ်တော့ဘူး၊ သူ ငါ့အပေါ်တော့ ကျေးဇူးများရှာပါတယ်။ တစ်နှစ်တစ်ကြိမ် နှစ်တိုင်း နှစ်တိုင်း တစ်ထောင်တန်ဗလိနတ်စာနဲ့ ငါ့ကို ပူဇော်ရှာတယ်။ ဒီ ဘုရင်ကို ဆုံးမမှပဲ လို့တွေးပါတယ်။ သူ့အတွေးကို လေ့လာမယ်ဆို ရင် "ဒီဘုရင်ကို သူမှတစ်ပါး လမ်းမှန်ကို ပို့ဆောင်နိုင်သူ မရှိတော့ဘူးလို့မြင်တယ်၊ ပြုပြင်ပေးလိုစိတ် လည်း ရှိတယ်၊ ပစ်မထားဘူး၊ ဒါအတုယူစရာပဲ၊ ဒုတိယအချက်အနေနဲ့ ဘုရင်က သူ့ကို ရိုသေ လေးစားနေတဲ့ အချက်ပဲ၊ ဒါဟာ ရုက္ခစိုး ပြုပြင်ပေးလိုတဲ့စိတ်ကို အထောက်အကူ ပြုနေတဲ့အချက်ပဲ၊ အဲဒီလို အပြန်ပြန်အလှန်လှန် ကျေးဇူးရှိနေကြတော့ တစ်ဦး မကောင်းတာကို တစ်ဦးကြည့်မနေဘဲ လမ်းမှန်တင်ပေးဖို့ အကြံဖြစ်တယ်၊ အကြံဖြစ်လောက်အောင်လည်း သူ့ကိုရိုသေလေးစားမှုရှိနေတယ်၊ တစ်နည်းအားဖြင့် ပြောရရင်လည်း ကိုယ့်ကို လေးစားကြည်ညို ပူဇော်နေတဲ့သူကို ပစ်မထားနိုင်ဘူး။ လမ်းမှားထဲမှာ မနစ်မွန်းစေချင်ဘူး၊ ဒီစိတ်ဓာတ်ကို သတိထား ရ မှာပါ။ တကယ်တော့ မိမိကိုကျေးဇူးပြုနေတဲ့ ပုဂ္ဂိုလ်ကို ဒုက္ခပေးဖို့ နေနေသာသာ လျစ်လျူရှုမထားဘဲ အကောင်းဆုံးဖြစ်အောင် စွမ်းနိုင်သမျှဆွဲတင်ပါ။ မိမိကိုကျေးဇူးပြုနေတဲ့သူ တွေကို သနားငဲ့ညှာတဲ့ စိတ်ဓာတ် အကောင်းဆုံးဖြစ်အောင် စောင့်ရှောက်လိုတဲ့ စိတ်ဓာတ် မွေးကြပါ။ အဲဒီရုက္ခစိုးနတ်ဟာ ည ရောက်တော့ ဘုရင်တိုက်ခန်းထဲဝင်ပြီး ကောင်းကင်မှာတည်နေသတဲ့။ ထွက်သစ်စနေလို တောက်ပနေတဲ့ရုက္ခစိုးနတ်ကြီးကိုမြင်တော့ ဘုရင်က မေးတယ်။ အသင် ဘယ်သူပါလဲ၊ ဘာကြောင့် ဒီကြွရောက်လာရပါသလဲတဲ့။ ရုက္ခစိုး နတ်ကြီးက မင်းကြီး ငါဟာ နံ့သာတည်ပင်ကြီးက ရုက္ခစိုးပဲ၊ သင့်ကို ဩဝါဒပေးမလို့လာခဲ့တာဘဲ။ ဘာ–ဩဝါဒများပေးချင်ပါသလဲ၊ အမိန့်ရှိပါ၊ ဘုရင်ကမေးတော့၊ မင်းကြီး

–သင်ဟာ တိုင်းပြည်ကို ပေါ့တီပေါ့ဆ အုပ်ချုပ်နေတယ်။ တစ်တိုင်းပြည်လုံးလည်း အဖျက် ဆီးခံရ၊ အလုယက်ခံရသလို ပျက်စီးနေပြီ၊ တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်ဆိုတာဟာ ပေါ့တီပေါ့ဆ တိုင်းရေးပြည်ရာမှာ ပြုလုပ်လျှင် တိုင်းပြည်ရဲ့ အရှင်သခင် မဖြစ်နိုင်တော့ဘူး၊ မျက်မှောက်မှာပဲ ပျက်စီးပြီး သံသရာမှာ ငရဲကျရတတ်တယ်။ တိုင်းပြည်အုပ်ချုပ်သူတွေ တိုင်းရေးပြည်ရာမှာ ပေါ့တီပေါ့ဆ ပြုလုပ်ပြီဆိုရင် အတွင်းအမှုထမ်း၊ အပြင်အမှုထမ်းတွေအားလုံး ပေါ့တီပေါ့ဆတွေချည်း ဖြစ်ကုန်တတ်တယ်။ ဒါကြောင့် အလွန်သတိထားပြီး မပေါ့မဆပြုလုပ်သင့်တယ်။ အဲဒီလိုဆုံးမပြီး ပေါ့ဆခြင်းရဲ့ အပြစ်၊ သတိဝီရိယရှိခြင်း၏ အကျိုး ဖော်ပြပြီးတော့ အရေးကြီးတဲ့ အချက်အလက်တွေ ထောက်ပြပြီး ဆုံးမ သွားပါတယ်၊ မာန်ရစ်ခြင်းဟာ ပေါ့တီပေါ့ဆဖြစ်စေတတ်တယ်၊ ပေါ့တီပေါ့ဆလုပ်လာလျှင် ခင်ပွန်း, ဆွေမျိုး, မိတ်သင်္ဂဟ, ဓနဥစ္စာ တွေပါ ဆုံးရှုံးနိုင်တယ်။ ဆုံးရှုံးလာရင် အပြစ်တွေ လုပ်လာ တတ် တယ်။ ဒါလေးကို နည်းနည်းအဓိပ္ပာယ်ခွဲပြီး စဉ်းစားကြရအောင်၊ မာန်ယစ်ရင် ပေါ့တီပေါ့ဆ ဖြစ်စေတယ်၊ ကျန်းမာနေတဲ့ပုဂ္ဂိုလ်ဟာ ငါကျန်းမာနေတာပဲ၊ ကိစ္စမရှိပါဘူး ဆိုပြီး ပေါ့တီပေါ့ဆ လုပ်တတ်တယ်။ အရွယ်ရှိသေးတဲ့ပုဂ္ဂိုလ်ဟာလည်း ငါ သန်တုန်းမြန်တုန်း အရွယ် ရှိသေးတာပဲ၊ ကိစ္စ မရှိသေးပါဘူးဆိုပြီး ပေါ့တီပေါ့ဆ လုပ် တယ်။ အသက်ရှင်မှုမှာ မာန်ယစ်ပြီးတော့ "ငါမှ မသေသေးဟာပဲ ဆိုပြီး ပေါ့တီပေါ့ဆ လုပ်တတ်တယ်၊ ကိစ္စမရှိပါဘူး"ဟု ပေါ့တီပေါ့ဆ လုပ်ရင်း လုပ်ရင်း ဘာတွေ ဖြစ်လာတတ်သလဲ။ ပေါ့ပေါ့ဆဆလုပ်လာရင် ဆုံးရှုံးတတ်တယ်၊ အဲဒီလို ပေါ့တီပေါ့ဆလုပ်လာရင် ကောင်းတဲ့အမှုတွေမှာလုပ်ဖို့သတိမရဘဲ သတ္တဝါတို့ရဲ့စရိုက်အတိုင်း မကောင်းမှုမှာသာ ပျော်ပိုက်ပြီး ပျော်ပျော်ပါးပါး၊ စားလိုက်,သောက်လိုက်၊ သွား

လိုက်, လာလိုက် လုပ်ရင်း မကောင်းမှုတွေ လိုက်စားလာရင်း တဖြည်းဖြည်းနဲ့ဆိုးရွားလာတတ်တယ်၊ ဆွေမျိုးလည်း ပျက် တတ်တယ်။ နောက်ဆုံး ပစ္စည်းဥစ္စာလည်း ဆုံးရှုံးတတ်တယ်၊ ဆုံးရှုံးလာပြီဆိုရင် အပြစ်တွေပိုပြီးတော့ လုပ်လာတတ်တယ်။ ရွံ့စောင်းလုပ်တာက တစ်မျိုး၊ မခံချင်လို့လုပ်တာကတစ်မျိုး၊ ဒီလိုနဲ့ အဆိုးသံသရာက မထွက်နိုင်အောင် ဖြစ်တတ်တယ်၊ ဒီတော့ ဘာမဆို ပေါ့တိပေါ့ဆ မလုပ်ပါနဲ့ ဘယ်ကိစ္စမဆို အလုပ်လုပ်ပြီ ဆိုမှတော့ အနှစ်သာရရှိအောင် အကျိုးကျေးဇူးများအောင်၊ အားလုံးချမ်းသာအောင်၊ အလေး အနက်ထားပြီး လုပ်ပါ၊ သာမန်ကိစ္စလေးပင်ဖြစ်စေကာမူ အကျိုး ဖြစ်ထွန်းတဲ့ အလုပ်ဖြစ်အောင် ကိုယ့်စိတ်ကို ပြုပြင်ပြီး လုပ်ပါ၊ ဥပမာ – အရောင်းအဝယ်လုပ်တယ် ဆိုပါစို့၊ ဝယ်ယူသုံးစွဲသူတွေ ချမ်းသာ ပျော်ရွှင်နှစ်သက်မှုရအောင်၊ ခိုင်ခံ့ကောင်းမွန်အောင် ဆိုတဲ့ မေတ္တာ တရား ထည့်ပေးလိုက်ပါ၊ ဘယ်ကိစ္စမဆို အများချမ်းသာအောင်၊ အများရဲ့အခက်အခဲ၊ ဘေးဒုက္ခတွေကို ဖယ်ရှားနိုင်အောင်၊ ကူညီနိုင်အောင်၊ ပညာရအောင် ဆိုတဲ့ အခြေခံမှုနဲ့ ပြောဆိုပြုမူပါ။

မလွဲမရှောင်သာပြုရတဲ့ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်တဲ့ မျက်နှာသစ်တာ။ ကျင်ကြီး, ကျင်ငယ်စွန့်တာကအစ အကျိုးရှိအောင် ဆောင်ရွက်ရပါတယ်၊ အကျိုးရှိအောင် ဆောင်ရွက်လိုလျှင် ဖြစ်ဆဲစိတ်ကူးတွေကို ပြုပြင်ပါ၊ အမှုမဲ့ အမှတ်မဲ့ကိစ္စတွေကို နည်းနိုင်သမျှ နည်းအောင်သတိပြုပါ၊ ခေါင်းဆောင်ပုဂ္ဂိုလ်တွေ ပေါ့တိပေါ့ဆ လုပ်ရင် တိုင်းပြည်မှာ စီးပွားပျက်ကပ်နှင့်ရင်ဆိုင်ရတတ်ပါတယ်။ ဆုံးရှုံးနစ်နာမှုတွေ ပျက်ပြားလာတတ်တယ်၊ တစ်ခါတလေကျတော့ စစ်ဘေး စစ်ဒဏ်သင့်ရတဲ့အထိ တိုင်းပြည်ဆုံးရှုံးရတဲ့ အထိ၊ ကျွန်ဘဝရောက်ရတဲ့အထိ ဖြစ်ရတတ်ပါတယ်။

တိုင်းပြည်မှာ အရေးကြီးဆုံးက ဥစ္စာစနစ်ကြွယ်ဝမှုပဲ၊ ဥစ္စာစနစ် ဆုံးရှုံးမှုမှာ ဘောင်လွန်, ကမ်းလွန်၊ စီးလွတ် ဝါးလွတ်၊ ပေါ့တီပေါ့ဆ လုပ်မှု အကျိုးရှိတဲ့ အလုပ်တွေကို သတိမပြု။ လျစ်လျူရှုကာ ပစ်ထားမှုတွေက အဓိကအကြောင်းရင်းပါပဲ၊ ဒီလိုဆိုရင် အလွန် ခေတ်မီ တိုးတက်စည်ပင်နေတယ်ဆိုတဲ့ တိုင်းပြည်ကြီးတွေတောင် မခံနိုင်ပါဘူး၊ ဒါ သတိပြုဖို့ကောင်းပါတယ်၊ လူ့ဘုံဌာနကြီးက ဥဋ္ဌာန ဖလူပဇီဝီ၊ ကမ္မဖလူပဇီဝိ ဆိုတဲ့အတိုင်း အလုပ်လုပ်မှ၊ ဉာဏ် ဝီရိယကူမှ ကံအကျိုးပေးက ဖွံ့ထွားတတ်တဲ့ ဘုံဌာနကြီး ဖြစ်လို့ပါပဲ၊ စီးပွားပျက်ခြင်းကအစ တိုင်းပြည်ကပ်ဆိုက်မှုတွေမှာ ခေါင်းဆောင်ပိုင်းကို ကျက်သရေ မရှိအောင် ပြုလုပ်တတ်တဲ့ အချက်အလက်တွေထဲမှာ

(၁) လုပ်ငန်းတို့၌ ကောင်းစွာ မစီမံ မခန့်ခွဲတတ်ခြင်း၊

(၂) မကျွမ်းကျင် မလိမ္မာခြင်း၊

(၃) မသင့်တော်သော အကြံပေးပုဂ္ဂိုလ်တို့၏ စကားကို နားထောင်ခြင်း၊

(၄) အဆီအနှစ်နှင့်တူစွာ၊ အသားပါသော အသိပညာ မရှိခြင်းတို့ပါပဲ။

ဒီလေးချက်ရှိနေလျှင် အခြေအရုံအကျော်စော၊ စည်းစိမ်ဥစ္စာတွေတောင် ပျက်စီးစေတတ်ပါတယ်။

ပျက်စီးနေတဲ့ တိုင်းပြည်ကြီးကိုတောင် ကယ်တင်မယ်ဆိုရင်

(၁) စီမံခန့်ခွဲမှုကောင်းမွန်အောင် ကြိုးစားပါ။

(၂) လုပ်သင့်သောအချိန်, လုပ်သင့်သောအလုပ်ကို ထကြွလုံ့လ ဝီရိယရှိရှိ လုပ်ပါ။

(၃) မပျင်းရိပါနှင့်။

ဒီသုံးချက်ကို ဂရုပြုမယ်ဆိုရင် အခြေအနေတွေဟာ ပြေလည်ပြီးတော့ ဦးမော့လာနိုင်ပါတယ်။ အဲဒီထဲမှာ နံပါတ်တစ်အချက် စီမံ

ခန့်ခွဲမှုကောင်းအောင်ကြိုးစားခြင်းဟာ ဘယ်လောက်အရေးပါတယ် ဆိုတာ အုပ်ချုပ်ရေးမှာ တာဝန်ယူသူတိုင်း သိပါတယ်။ ဒီတော့ စီမံခန့်ခွဲမှုကောင်းအောင် ခွဲခြမ်းစိတ်ဖြာသိနိုင်တဲ့ အသိပညာ လိုပါတယ်။ ဒီနေရာမှာလည်း ဘုန်းကြီးဆိုတော့ ဘာသာရေးအမြင်နဲ့ ပြောပါမယ်။ ဒီလို ခွဲခြမ်းစိတ်ဖြာသိရအောင် စိတ်ဓာတ် ကြည်လင်နေဖို့အတွက် ဝိပဿနာ ဘာဝနာ စရဏ တစ်ခုခုကို အရင် လုပ်ထားပါ၊ စည်းရုံးရေးကောင်းအောင် မေတ္တာပွားပါ။ ပေးကမ်းခြင်း အပြောအဆို ချိုသာယဉ်ကျေးခြင်း၊ အကျိုးဆောင်ခြင်း၊ အတူနေ၊ အတူလုပ် သဘောမျိုးဖြစ်အောင် ချီးမြှောက်ခြင်းဖြင့် စည်းရုံးရေး ကောင်းအောင် ကြိုးစားပါ။ တိုင်ပင်သင့်သူနှင့်တိုင်ပင်ပါ၊ လုပ်ငန်း အပေါ် ကျွမ်းကျင်နိုင်သမျှ ကျွမ်းကျင်အောင် လေ့လာစုံစမ်းပါ၊ အချိန်ကာလနှင့် လျော်ညီစွာ ထကြွ လုံ့လ ဝီရိယ ရှိပါ။

အကျိုးစီးပွားဥစ္စာဆိုတာ သူ့အချိန်နှင့် သူ့အခါ လုပ်တတ်မှ ဖြစ်ထွန်းတတ်ပါတယ်။ အခြေအနေကို သုံးသပ်တတ်ဖို့၊ အမြော်အမြင်ရှိဖို့၊ သတိပြုမိဖို့ လိုအပ်ပါတယ်။ မပျင်းရိဖို့ ဆိုတဲ့ နေရာမှာ ရိုးရိုးတန်းတန်း ပျင်းရိရုံသာမက ပျင်းရိတယ်ဆိုတာ နဂိုသဘာဝ သက်သက် ပျင်းရိခြင်း၊ ကျန်းမာရေးမကောင်း၍ ပျင်းရိခြင်း၊ စိတ်ဓာတ်ကျ၍ ပျင်းရိခြင်း ဒီလို ဖြစ်နိုင်ပါတယ်။ သက်သက် ပျင်းရိခြင်းကိုတော့ အလုပ်၌ပျင်းရိမှုကို အလုပ်၌စိတ်ဝင်စားအောင် ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ မိမိစိတ်ကိုမြှောက်ပင့်ပေးခြင်းဖြင့်လည်းကောင်း၊ အလုပ်၏အကျိုး အမြတ်များကို သိမြင်အောင် ကြိုးစားပြီး မလုပ်ရင် မဖြစ်တော့မည့် အခြေအနေကို ဆင်ခြင်၍လည်းကောင်း၊ ဝီရိယ တက်လာအောင် လုပ်ပါ။

ကျန်းမာရေး မကောင်း၍ ပျင်းရိခြင်းကိုတော့ သင့်လျော်သော အစားအသောက်၊ ဆေးဝါးဓာတ်စာ၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်

ခန်း စသည်ကို ရှင်လန်းတက်ကြွ သွက်လက်နေအောင် ဘယ်ကိစ္စမှာ မဆို ခန္ဓာကိုယ် အနေဖြင့် ပြုလုပ်ဖို့ အဆင်သင့် အနေအထားဖြစ်နေအောင် ပြုလုပ်ပါ။ စိတ်ဓာတ်ကျလို့ မလုပ်ချင်မကိုင်ချင်ပျင်းရိမှုမျိုးလည်း ဖြစ်တတ်ပါတယ်။ ဒါကိုတော့ ရိုးရာစကားပုံများအရ လိုလျှင်ကြံဆ နည်းလမ်းရ၊ ပျက်အစဉ် ပြင်ခဏ၊ ခုနစ်ခါလဲရှစ်ခါထ စသော ရိုးရာစကားပုံများ ရွတ်ဆိုစဉ်းစား၍ လည်းကောင်း၊ ပျို့၊ ကဗျာ၊ ဂါထာ၊ လင်္ကာတို့မှ မိမိနှစ်သက်သော စကားလုံးများ၊ အပိုဒ်များကို ရွတ်ဆို၍ လည်းကောင်း၊ စိတ်ဓာတ်တက်ကြွလာအောင် ပြန်လည်မြှင့်တင်ပါ။ မသေ သေးသမျှ၊ ကိုယ်ဖြစ်ချင်သောကိစ္စကို ယခုဘဝမှာဖြစ်စေ၊ ဒါမှ မဟုတ်သံသရာမှာဖြစ်စေ၊ ဖြစ်ပေါ်နိုင် အောင်ဆောင်ရွက်နိုင်ကြောင်း သဘောပေါက်အောင် ဆင်ခြင်၍စိတ်ဓာတ်ကို မြှင့်တင်ရမည်။ နည်းလမ်းလည်း ရှာဖွေရပါမယ်။

မည်မျှပင် မကောင်းခဲ့သည်ဖြစ်စေ၊ ပြုပြင်မှုသည် တစ်စက္ကန့်ပင်မကြာကြောင်း၊ ပြုပြင်မှု ဖြစ်နိုင်ကြောင်း သဘောပေါက်၍ လျင်မြန်စွာ ပြုပြင်နိုင်စွမ်းရှိရမယ်။ ဤကဲ့သို့ သာမန်အပျင်း၊ ကျန်းမာရေးမကောင်း၍ စိတ်သွားတိုင်းကိုယ်မပါခြင်း၊ စိတ်ဓာတ်ကျ၍ မလုပ်ချင်၊ မကိုင်ချင်ခြင်း တို့ကို ဖယ်ရှားပြီး၊ ဘယ်ကိစ္စမဆို အဆင်သင့်ဖြစ်နေအောင် စိတ်ရော ကိုယ်ပါ လန်းဆန်းနေဖို့ လိုအပ်ပါတယ်။

(၁) စီမံခန့်ခွဲမှုကောင်းခြင်း

(၂) အချိန်ကာလနှင့်အညီ ထကြွ လုံ့လ ဝီရိယ ရှိခြင်း

(၃) မပျင်းမရိခြင်း

ဒီသုံးချက်ဟာ တိုင်းပြည်ရဲ့ပျက်ကပ်ကြီးတွေကိုတောင် ဦးမော့နိုင်အောင် လုပ်နိုင်သေးတာ သာမန်ကိစ္စ ခေါင်းဆောင်တို့ အတွက်ပို၍ပင် လွယ်ကူစရာပင် ရှိနိုင်ပါတယ်။ မဖြစ်နိုင်စရာ မရှိပါဘူး။ ဒါ့ကြောင့် အဆင့်မြင့်ခေါင်းဆောင်ဖြစ်ဖို့ ကိစ္စတွေမှာ ဒီအချက်

အလက်တွေကို သတိပြုရမှာဖြစ်ပါတယ်။

နောင်အလျဉ်းသင့်ရင်လည်း တေသကုဏဇာတ်လာ ငှက်သုံးကောင် အကြောင်းကို အခြေခံပြီးတော့ ခေါင်းဆောင်များရဲ့ အကောင်းဆုံး လုပ်ဆောင်ချက်များကို ခေါင်းစဉ်းတပ်ပြီး ဟောပါဦးမယ်။ ခေါင်းဆောင် အားလုံးတွေထဲမှာ ဘုရားရှင်သည် အတုမရှိ၊ နတ်, လူ,ဗြဟ္မာသတ္တဝါတို့၏ရှေ့သွားခေါင်းဆောင်ဖြစ်တဲ့အတွက် သတ္ထာ ဒေဝမနုဿာနံ–နတ်,လူ,ဗြဟ္မာသတ္တဝါတို့ကို ဇာတိကန္တာရ ဇရာကန္တာရ မရဏ ကန္တာရ ဟူသော ကြောက်ရွံ့ထိတ်လန့်ဖွယ် လွန်စွာဆိုးရွားလှသည့် ကန္တာရခရီးတို့မှ ဝေနေယျသတ္တဝါတို့ကို ကိုယ်တော်၏ ရှေ့ဆောင် လမ်းပြ ကြည့်ရှုစောင့်ရှောက် စောင်မမှုဖြင့် ဘေးဒုက္ခကင်းရာ ခေမမြေဌ ပြည်နိဗ္ဗူသို့ ကယ်တင်တော် မူနိုင်ပါပေတယ် ဟု သတ္ထာ ဒေဝ မနုဿာနံ ဂုဏ်တော်ကြီးကို လွန်စွာ ကြည်နူး၍ ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။

သာဓု … သာဓု … သာဓု

[၁၃၅၆ ခုနှစ် ပထမဝါဆိုလဆန်း ၁ ရက် ၁၂-၆-၉၁ ရက်နေ့ည ၇ နာရီတွင် မြိတ်မြို့၊လေးကျွန်းဆီမီးသိမ်တော်ကြီး ကုန်းပေါ်၌ ဟောကြားတော်မူသည်။]

# အကျွတ်ဘာယ်မှာလေးတော့မည် တရားတော်

ကတာဓိကာရ

ပုရိမ ဗုဒ္ဓေသု ဒသပုညကိရိယဝတ္ထုဝသေန ကတာဓိကာ ရော

ရှေးဘုရားရှင်တို့၌ ပုညကိရိယဝတ္ထု ၁၀ ပါး၏အစွမ်းဖြင့် ပြုခဲ့ဖူးသော လွန်လွန်ကဲကဲ ပြုအပ်သော ကောင်းမှုရှိသူ

ကျွတ်ထိုက်သူ

ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း မိုးသောက်ကာနီး လင်းအားကြီးအချိန်၌ မဟာကရုဏာသမာပတ်မှထတော်မူ၍ ဗုဒ္ဓစက္ခု - ဘုရားဉာဏ်မျက်လုံးတော်ဖြင့် လောကကြီးကိုဖြန့်လျက် ကြည့်ရှုတော်မူလေ့ရှိကြသည်။

ယင်းသို့ ကြည့်ရှုတော်မူသောအခါ ရှေးဘုရားရှင်တို့ လက်ထက်၌ ပြုခဲ့ဖူးသော လွန်လွန်ကဲကဲ ပြုထားသော ကောင်းမှုရှိသူ ပြန့်ပြောများပြားသော ကုသိုလ်အမြစ်အရင်းရှိသူ ကတာဓိကာရ ပုဂ္ဂိုလ်များသာ ဉာဏ်မျက်လုံးတော်၌ ထင်ရှားစွာ ပေါ်လာကြသည်။

ဘုရားရှင်တို့သည် ၎င်းပုဂ္ဂိုလ်များကို ခရီးမည်မျှပင် ဝေးကွာစေကာမူ ကြွရောက်၍ ချေချွတ်တော်မူကြသည်။

## မိမိကိုယ်တိုင် ကတာဓိကာရ ဖြစ်အောင်ပြုသင့်

ဘုရားရှင်တို့သည် ကတာဓိကာရပုဂ္ဂိုလ်တို့ကိုသာ ချေချွတ်တော်မူကြသည်ဆိုလျှင် မိမိတို့ကိုယ်တိုင် ကတာဓိကာရ ပုဂ္ဂိုလ်ဖြစ်အောင်ပြုသင့်သည်။ သို့မှသာ ဘုရားတစ်ဆူဆူ၏ လက်ထက်တော်၌ ကျွတ်တန်းဝင်နိုင်ကြပေမည်။ သို့မဟုတ်ပါက ဘုရားအဆူဆူနှင့် လွဲ၍ ကျွတ်တန်းမဝင်နိုင်ဘဲ ရှိနေလိမ့်မည်။

ကတာဓိကာရဖြစ်အောင် မည်သို့ ပြုလုပ်ကြမည်နည်း

"ဘုရားတစ်ဆူဆူလက်ထက်၌ ပုညကိရိယာဝတ္ထု ၁၀ ပါးလွန်လွန်ကဲကဲ ပြုထားသူကို ကတာဓိကာရပုဂ္ဂိုလ်" ဟုဆိုရာ ယခုမိမိတို့သည်လည်း အနည်းနှင့်အများဆိုသလို ဒါနစသော ပုညကိရိယဝတ္ထု ၁၀ ပါးကို ပြုထားကြသူများဖြစ်ကြသည်။

သို့သော် ကတာဓိကာရ ဖြစ်,မဖြစ် စိစစ်ထိုက်သေးသည်၊ ဒါနစသော ကုသိုလ်ကောင်းမှုပြုရာ၌ ရတနာသုံးပါးကို အစစ်အမှန်ရောက်အောင် မည်မျှအာရုံယူနိုင်ပါသနည်း။ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ မည်မျှ ခိုင်ခံ့ပါသနည်း။ အလောဘ (တွယ်တာတပ်မက်မှုကင်းခြင်း၊ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ် လှူဒါန်းပေးကမ်းနိုင်ခြင်း)၊ အဒေါသ (ဒေါသမဖြစ်ခြင်း)၊ အမောဟ (အမှန်အတိုင်းထိုးထွင်း၍ သိနားလည်ခြင်း) ဟူသော ကုသိုလ်ကံ၏ အခြေခံ ရေသောက်မြစ် မည်မျှသန်မာနက်ရှိုင်းစွာ သက်ဆင်းပါသနည်း။ ဤသို့စသည်ဖြင့် စိစစ်ကာ ပြုပြင်အားထုတ်သင့်ပေသည်။

## အကောင်းဆုံးပူဇော်ပွဲ

အို သူတော်ကောင်းတို့၊ ယခုအခါ မြိတ်မြို့၊ မိုလ်တောင်တောရကျောင်း၌ ဗုဒ္ဓ၏အဆင်းသုံးမျိုး၊ အရွယ်အစား အမျိုးမျိုးရှိသောဓာတ်တော်များ၊ အရှင်ပစ္စေကဗုဒ္ဓါ၏ ဓာတ်တော်များ၊ အရှင်

သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါး၏ ဓာတ်တော်များ၊ ပထမဆုံး ရဟန်းတော်ဖြစ်၍ ပဥ္စဝဂ္ဂီငါးဦးတို့တွင် အကြီးဆုံးဖြစ်သော အရှင် ကောဏ္ဍည၏ ဓာတ်တော်များ၊ ဧတဒဂ်ငါးတန်ရရှိတော်မူ၍ ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော ညီတော်အရှင်အာနန္ဒာ၏ ဓာတ်တော်များ၊ မရှိဟူသောစကားကို မကြားခဲ့ဖူးသော သာကီဝင်မင်းသားဖြစ်သည့် ဒိဗ္ဗစက္ခုဧတဒဂ်ရ ညီတော်အနုရုဒ္ဓါ မထေရ်၏ဓာတ်တော်များ၊ လာဘ်လာဘပေါများစွာ အပူဇော်ခံရသူတို့တွင် ဧတဒဂ်ရတော်မူသော ရှင်သီဝလိ၏ ဓာတ်တော်များ၊ အသက် ၁၆၀ ရှည်၍ မည်သည့် အနာရောဂါမှ မဖြစ်ဖူးသော အနာရောဂါကင်းရှင်းသူတို့တွင် ဧတဒဂ်ရတော်မူသည့် အရှင်ဗာကုလ၏ဓာတ်တော်များ၊ အခြား အခြားသော တန်ခိုးဣဒ္ဓိပါဒ်ကြီးမားတော်မူသော ရဟန္တာ အရှင်မြတ်များ၏ သရီရဓာတ်တော်များကို ကြည်ညိုဖွယ်ရာ ကိန်းဝပ် စံပယ်စေ၍ ပူဇော်ထားလျက်ရှိပါသည်။

ဤကဲ့သို့ အကောင်းဆုံးဖြစ်အောင် အမြတ်ဆုံး ဓာတုပူဇော်ထားရာနေရာဝယ် မိမိတို့သည် ကတာဓိကာရဖြစ်အောင် မပြုလုပ်သင့် ကြပါသလော။

### ဗုဒ္ဓလေးပါး

(၁) သဗ္ဗညုဗုဒ္ဓ – သစ္စာလေးပါးကို သိစရာမှန်သမျှ တစ်စမကျန် အမှန်အတိုင်း ကိုယ်တော် တိုင် သိတော်မူ၍ သဘောပေါက်အောင်ဆုံးမတော်မူနိုင်သော မြတ်စွာဘုရား၊

(၂) ပစ္စေကဗုဒ္ဓ – နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီ

ဖြည့်တော်မူ၍ သစ္စာ လေးပါးကို သိ တော်မူကြသောအရှင်ပစ္စေက ဗုဒ္ဓါများ၊ (၄င်း အရှင်ပစ္စေက ဗုဒ္ဓါများ သည် သူတစ်ပါးတို့အား တရား ပေါက်အောင်မဟောပြနိုင်ကြ၊)

(၃) စတုသစ္စကဗုဒ္ဓ – သစ္စာလေးပါးကိုသိမြင်ကြသော ဗုဒ္ဓ၏ အရိယာသာဝကများ၊

(၄) သုတဗုဒ္ဓ – ဗဟုသုတကြွယ်ဝစွာ သိမြင်ကြသောပုဂ္ဂိုလ်များဟုလေးမျိုးရှိသည်။

## ဗုဒ္ဓ၏သရီရဓာတ်တော်

ဗုဒ္ဓလေးမျိုးတို့တွင် သဗ္ဗညုဗုဒ္ဓ၏သရီရဓာတ်တော်များသည် "ဗုဒ္ဓသရီရဓာတ်တော်" ဟုခေါ်သည်

တစ်လောကလုံးတွင် အမြတ်ဆုံးဖြစ်တော်မူသော ဂေါတမဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက် အရုဏ်တက်လုနီးအချိန်၌ သက်တော် ၈၀ ဝါတော် ၄၅ ဝါအရတွင် ကုသိနာရုံမြို့၊ မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်အတွင်းဝယ် အင်ကြင်းပျိုနှစ်ပင်တို့၏အကြား ခင်းထားအပ်သော ညောင်စောင်းပေါ်၌ မြောက်အရပ်သို့ဦးခေါင်းပြုကာ လက်ယာနံတောင်းဖြင့်စောင်းလျက် ပရိနိဗ္ဗာန်စံတော်မူသည်။ တေဇောဓာတ် လောင်တော်မူရာ၌ ဓာတ်တော်ပေါင်း ကုသိနြာရုံချဉ်ခွက်ဖြင့် ၈ စိတ် ကြွင်းကျန်တော်မူသည်။

အသမ္ဘိန္နဓာတ်တော် ၇ ဆူ

ညှပ်ရိုးတော် ၂ ဆူ၊ စွယ်တော် ၄ ဆူ၊ နဖူးသင်းကျစ်တော်

၁ ဆူ ဤ ၇ ဆူသော ဓာတ်တော်တို့သည် တေဇောဓာတ် လောင်ရာ၌ မကွဲမကြေဘဲ နဂိုအတိုင်းတည်နေသည့် ဓာတ်တော်များ ဖြစ်သည်။ (အသမ္ဘိန္န=မကွဲမကြေဘဲ နဂိုအတိုင်းတည်နေသည့်ဓာတ်တော်များ)။

## ဗုဒ္ဓဓာတ်တော်အဆင်းသုံးမျိုးနှင့် အရွယ်အစား သုံးမျိုး

အသမ္ဘိန္နဓာတ်တော် ၇ ဆူမှကြွင်းသော အခြားသော ဓာတ်တော် များသည် တေဇောဓာတ်လောင်ရာ၌ ကွဲကြေကြလေသည်။ ထိုသို့ ကွဲကြေရခြင်းမှာလည်း နေရာအနှံ့အပြား ကိုးကွယ်ရအောင် ဘုရားရှင်ကိုယ်တော်တိုင်အဓိဋ္ဌာန်တော်မူခြင်း ကြောင့် ဖြစ်သည်။

အကြီးဆုံးဓာတ်တော်များသည် ပဲနောက်စေ့အရွယ်ရှိ၍ ရွှေအဆင်းရှိသည်။ ငါးပြည်ခန့်ပမာဏရှိသည်။ အလတ်စား ဓာတ် တော် များသည် ထက်ဝက်ကျိုးသော ဆန်ကျိုးပမာဏရှိ၍ ဆေးထား အပ်သော ပုလဲအဆင်းရှိသည်။ ငါးပြည်ခန့်ပမာဏ ရှိသည်။ အငယ် စားဓာတ်တော်များသည် မုံညင်းစေ့အရွယ် ရှိ၍ မြလေးငုံအဆင်း ရှိသည်။ ခြောက်ပြည်ခန့်ပမာဏ ရှိသည်။

## ပထမဆုံးဓာတ်တော်ပူဇော်ပွဲ

ကုသိနာရုံမလ္လာမင်းတို့သည်တေဇောဓာတ်လောင်ပြီးသော အခါ ဓာတ်တော်များကို ပင့်ဆောင်၍ ကုသိနာရုံ မြို့တော်အတွင်းရှိ လွှတ်တော်ရုံးကြီး (သန္ထာဂါရ)၌ထား၍ လက်နက်ကိုင် အစောင့် အကြပ်များထားကာ အားရပါးရ ပူဇော်ကြလေသည်။

## ဓာတ်တော်လုပွဲ

ထိုအချိန်၌ ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်၊ ကပိလဝတ္ထု ပြည်၊ အလ္လကပ္ပပြည်၊ ပါဝါပြည်သူပြည်သားများ၊ ရွာမ ရွာနေ ကော

လိယ သာကီဝင်များ၊ ဝေဠဒီပကပုဏ္ဏားဟူသော ခုနစ် ပြည်ထောင် မင်းတို့သည် ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူကြောင်းကြားသိကုန် ၏။ ကြားလျှင်ကြားချင်းပင် ဓာတ်တော်များကို ဝေပေးဖို့ရန် တမန် များအား အသီးသီးစေလွှတ်ကြကုန်၏။ ကြည်ကြည်သာသာတောင်း ၍ မရလျှင် စစ်တပ်ဖြင့် တိုက်ခိုက်၍ ပင့်ဆောင်ဖို့ရန် စစ်ချီလျက် ကုသိနာရုံမြို့ကို ဝိုင်းရံထားကြ လေသည်။

ထို့နောက်"ဓာတ်တော်များကို ဝေပါ၊ မဝေလျှင်စစ်တိုက်ကြ ရလိမ့်မည်"ဟု ရာဇသံပေးကြလေသည်။ မလ္လာမင်းတို့ကလည်း "ငါ တို့ ပိုင်သော ရွာအပိုင်းအခြား၌ မြတ်စွာဘုရားကြွရောက် ပရိနိဗ္ဗာန် စံသောကြောင့် ဓာတ်တော်များကို မပေးနိုင်" ဟုငြင်းပယ် ကြလေ သည်။ (အကယ်၍ စစ်တိုက်ကြလျှင် နတ်များက မလ္လာမင်းတို့ဖက် က ကူညီမည်ဖြစ်၍ မလ္လာမင်းတို့ပင်နိုင်ကြမည်တဲ့။)

## ဒေါနပေါဏ္ဏားကြီး

ထိုသို့ တစ်ဖက်နှင့်တစ်ဖက် ရာဇသံပေးကာတင်းမာနေ ကြစဉ် မင်းအများ၏ဆရာဖြစ်ခဲ့ဖူးသော ဒေါနပေါဏ္ဏားကြီးသည် အလွန်မြင့်သောမြေကုန်းတစ်ခုပေါ်သို့တက်ကာ"အို--မင်း အပေါင်း တို့၊ ခေတ္တသည်းခံ၍ အကျွန်ုပ်၏စကားတစ်ခွန်းကို နားထောင်ကြ ပါဦး၊ သင်တို့ ငါတို့ အားထားကိုးကွယ်ရာ မြတ်စွာဘုရားသခင် သည် သည်းခံခြင်းကို အကောင်းဆုံးဟုပြောဟောတော်မူလေ့ရှိပါ သည်။ အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏ သရီရ ဓာတ်တော်တို့ကို ရလိုမှုကြောင့် သွေးချောင်းစီးကာ စစ်ခင်းခြင်းကာ အကောင်းမဖြစ်နိုင် အကျိုးမရှိနိုင်ပါ"စသည်ဖြင့် အသံကျယ်ကျယ် ဖြင့် အော်ဟစ်ကာ ပြောဆိုလေသည်။

## ဆရာကြီးအားလွှဲအပ်ကြ

ထိုအခါ ဆရာကြီး၏ အသံကိုမှတ်မိနေကြသော တပည့်မင်း အများသည် အားလုံးကျေကျေနပ်နပ်ဖြစ်ကာ "ဆရာကြီးသာ ဓာတ်တော်တို့ကို ရှစ်ပုံ, ပုံ၍ အညီအမျှကောင်းစွာ ဝေဖန်ကာ ဝေပေးပါလော့" ဟုလွှဲအပ်ကြလေသည်။ ထိုအခါကျမှ မင်းများအားလုံး စုရုံး၍ မင်းများရှေ့မှောက်၌ ဓာတ်တော်ထည့်သည့် ရွှေခေါင်းတော်ကို ဖွင့်လိုက်ရာ မင်းအားလုံးကိုယ့်စိတ်ကို မချုပ်တည်းနိုင်ဘဲ ဝမ်းနည်းစွာ ငိုကြွေးကြလေသည်။

## လက်ယာစွယ်တော်သိကြားပင့်ဆောင်

ထိုသို့ငိုနေကြစဉ် ဒေါနဆရာကြီးသည်လက်ယာစွယ်တော်ကိုယူ၍ သူ၏သျှောင်တုံးထဲ၌ ထည့်ထားလိုက်လေ၏။ထို့နောက်မှ ဓာတ်တော်များကိုရှစ်ပုံပုံကာ ဝေပေးလေသည်။ ထိုသို့ ဝေပေးနေချိန်၌ သိကြားမင်းသည် ဒေါနပါမောက္ခကြီးယူထားသော လက်ယာစွယ်တော်ကို "ဤဒေါနပါမောက္ခသည် လက်ယာစွယ်တော်နှင့် ထိုက်တန်အောင် ကိုးကွယ်နိုင်မည့်သူ မဟုတ်" ဟုသိသောကြောင့် တစ်ဖန်ပင့်ဆောင်၍ တာဝတိံသာဝယ် စူဠာမဏိစေတီတော်တွင် ဌာပနာသွင်း၍ ကိုးကွယ်လေသည်။ ဒေါနပါမောက္ခကြီးသည် ဓာတ်တော်များကို အားလုံးဝေပြီးသောအခါ သူယူထားသော လက်ယာစွယ်တော်ကိုလည်း မတွေ့ရ၊ မေးလည်းမမေးဝံ့တော့ရကား ဓာတ်တော် ဝေတုန်းက ချင်သော ခွက်ကလေးကိုသာ ဌာပနာ၍ စေတီတည်ကာ ကိုးကွယ်ရာလေသည်။ ဓာတ်တော်ဝေပြီးမှ ရောက်လာသော ပိပ္ပလိဝနမှ မောရိယမင်းတို့မှာကား မီးသဂြိုဟ်ရာမှ မီးသွေးခဲများကို ယူ၍ ပူဇော်ကြရလေသည်။ (မောရိယမင်းတို့သည် ဝိဋူဍဘ ဘေးကြောင့် ကပိလဝတ္ထုမှ ထွက်ပြေးလာကြသော သာကီမင်း တို့

တည်ထားအပ်သော မောရိယမြို့၌ နေထိုင်သူများတည်း)

## စေတီဆယ်ဆူ

ရှစ်ပြည်ထောင်တို့သည် မိမိတို့ဝေစုရသောဓာတ်တော်များကိုမိမိတို့နေရာ၌ အသီးသီးစေတီတည်ကာ ဌာပနာ၍ပူဇော်ကြ၏။ ဒေါနပါမောက္ခကြီးနှင့် မောရိယမင်းတို့လည်း မိမိတို့ရထားသော ဓာတ်တော်ချင်ခွက်နှင့်မီးသွေးတို့ကို စေတီအတွင်းသွင်းနံ့ပူဇော်ကြ၏။ ဤသို့လျှင် ဓာတ်တော်စေတီရှစ်ဆူ၊ ချင်ခွက်စေတီတစ်ဆူ၊ အင်္ဂါရတူပ ခေါ် မီးသွေးစေတီတစ်ဆူအားဖြင့် စေတီဆယ်ဆူဖြစ်၏။

## အသမ္ဘိန္နဓာတ်တော် ၇ ဆူတည်ရာဌာန

နဖူးသင်းကျစ်တော်ကိုသီဟိုဠ်ကျွန်း၌ပူဇော်ထားလေသည်။ လက်ဝဲညှပ်ရိုးတော်ကို ဗြဟ္မာ့ပြည်၌လည်းကောင်း၊ လက်ယာ ညှပ်ရိုး တော်ကို သီဟိုဠ်ကျွန်း၌လည်းကောင်း၊ လက်ယာ စွယ်တော်ကို တာဝတိံသာနတ်ပြည် စူဠာမဏိစေတီတော်၌လည်းကောင်း၊ လက်ယာ အောက်စွယ်တော်ကို နဂါးပြည်၌လည်းကောင်း၊ ဂန္ဓာရ တိုင်း (တရုတ်ပြည်) ၌လက်ဝဲစွယ်တော်တစ်ဆူကို လည်းကောင်း၊ ကလိင်္ဂ တိုင်း၌ စွယ်တော်တစ်ဆူကိုလည်းကောင်း အသီးသီး ပူဇော်ထားကြလေသည်။ (၄င်းစွယ်တော်မှာ ကလိင်္ဂတိုင်းပြည်စစ်ဖြစ်သောအခါ ကလိင်္ဂမင်းသမီး သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်၍ ပူဇော် ထားရာ ယခု အခါ ကန္ဒီစွယ်တော်ဟု ထင်ရှားသော စွယ်တော် ပင်ဖြစ်သည်။)

သွားတော် ၄၀ တို့ကိုလည်းကောင်း၊ ဆံတော်မွေးညှင်းတော် အားလုံးတို့ကိုလည်းကောင်း နတ်များဆောင်ယူ၍ စကြဝဠာ အသီးသီးသို့ပင့်ဆောင်ပူဇော်ကြသည်။

ဥဏ္ဏာလုံမွေးရှင်တော်ကို ကောသလတိုင်း၌ ပူဇော်ထားသည်။

**ပရိဘောဂစေတီများ**

ဝဇီရာမြို့၌ မြတ်စွာဘုရား၏ သပိတ်တော်၊ တောင်ဝှေးတော်၊ သင်္ကန်းတော်များကို ပူဇော်ထားသည်။ ကုလဃရမြို့၌ ကိုယ်ဝတ်သင်းပိုင်တော် ပူဇော်ထားသည်။

ကပိလဝတ်မြို့၌ အပေါ်လွှမ်းအိပ်ရာခင်းတော်ကို လည်းကောင်း၊ ပါဋလိပုတ်မြို့၌ ဓမ္မကရိုဏ်ရေစစ်တော် နှင့် ခါးပန်းကြိုးတော်ကိုလည်းကောင်း၊ စပ္ပာမြို့၌ ရေသနုတ်တော်ကို လည်းကောင်း အသီးသီးပူဇော်ထားကြသည်။

ဗြဟ္မာ့ပြည်၌ တောထွက်တော်မူစက ဝတ်လဲတော်ကို လည်းကောင်း၊ တာဝတိံသာနတ်ပြည်၌ တောထွက်တော်မူစက ဦးရစ်ခေါင်းပေါင်းတော်ကိုလည်းကောင်း၊ အဝန္တိတိုင်း၌ နိသီဒိုင်တော်ကိုလည်းကောင်း၊ မိတ္ထိလာမြို့၌ မီးပွတ်ခုံပွတ်ကြည်တော်ကို လည်းကောင်း၊ ဝိဒေဟတိုင်း၌ ရေစစ်တော်ကိုလည်းကောင်း၊ ဣန္ဒပတ္တနဂိုရ်ပြည်၌ ခေါင်းရိတ် လက်သည်း ခြေသည်း ဖြတ်ရ ပဲခွပ်တော် ကိုလည်းကောင်း၊ အပ်တော်နှင့် အပ်ကျည်တော်တို့ကို လည်းကောင်း၊ အပရန္တကတိုင်း၌ ကြွင်းသောပရိက္ခရာတော်များကို လည်းကောင်း အသီးသီး ပူဇော်ထားကြသည်။

**အဇာတသတ်မင်းဓာတ်တော်တိုက်တည်**

ထို့နောက် ကာလအနည်းငယ်ကြာသောအခါ အရှင်မဟာကဿပသည် ရွာမရွာ၌ရှိသော ဓာတ်တော်များမှတစ်ပါး အခြားဓာတ်ကော် များ၏ အန္တရာယ်ကို မြင်တော်မူသည်။

ထို့ကြောင့် ထိုမင်းများကိုကိုးကွယ်လောက်ရုံမျှ ချန်၍

ကျန်ဓာတ်တော်များကို ကျေနပ်အောင် အကျိုးအကြောင်းပြောပြ တော်မူလျက် ယူခဲ့ပြီးလျှင် အဇာတသတ်မင်းနှင့်တိုင်ပင်ကာ ရာဇဂြိုဟ်မြို့တော်၏ အရှေ့တောင်ထောင့်အရပ်၌ အတောင် ၈၀ နက်အောင်တွင်းတူး၍ ထိုတွင်းမှထွက်သောမြေဖြင့် အုတ်များပြုလုပ်ကာ ၎င်းအုတ်များဖြင့် ဓာတ်တော်မြုပ်မှန်းမသိရလေအောင် မဟာသာဝကကြီး ၈ ကျိပ်၏စေတီများ တည်စေသည်။

တိုင်းနိုင်ငံများ၌လည်းရဟန္တာအရှင်မြတ်များအတွက်စေတီတည်နေသည်ဟုသာ သတင်းလွှင့်ထားလေသည်။ ထို အတောင် ၈၀ အတွင်း၌မူ သံ၊ ကြေးစသည်တို့ဖြင့် အခိုင်အမာ ပြုလုပ်ကာ ဓာတ်တော်များအားလုံးကို မြှုပ်နှံပြီးနောက် ထိုမြေအောက် ဓာတ်တော်များကို "နောင်အခါအသောကမည်သော ဓမ္မရာဇာသည် ဤဓာတ်တော်တို့ကို ပျံ့နှံ့အောင် ပြုလုပ်လိမ့်မည်"ဟု ကမ္ပည်း ရေးထိုး၍ လက်နက်ကိုင်ယန္တရားအရုပ်များကို အစောင့်အရှောက် ထားပြီးမှ ဥာပနာသေသပ်စွာ ပိတ်လိုက်လေသည်။

မှတ်ချက်။ ။ ရာမရွာမှဓာတ်တော်များကို နဂါးများယူဆောင်သွားခဲ့သည်။ ထိုဓာတ်တော်များကို နောင်အခါ လင်္ကာဒီပ ခေါ် သီဟိုဠ်ကျွန်း၌ မဟာဝိဟာရကျောင်း တော်မဟာစေတီဝယ် မြှုပ်နှံလိမ့်မည်ဖြစ်၍ အန္တရာယ် မရှိသောကြောင့် အရှင်မဟာကဿပ အရှင်မြတ် ချန်တော်မူထားခဲ့သည်။

## အသောကမင်းကြီးဓာတ်တော်ဖြန့်

ထိုအချိန်မှ နှစ်ပေါင်း ၂၁၈ နှစ်ကျော်လွန်သောအခါ ငယ်နာမည် ပိယဒါသမည်သော မင်းသားသည် ထီးဖြူကိုစိုက်ထူ၍ ဓမ္မာသောကမင်းအဖြစ်ဖြင့် မင်းပြုကာ ဇမ္ဗူဒီပခေါ် မဇ္ဈိမဒေသ အနှံ့

အပြား စေတီတော်ပေါင်းရစ်သောင်းလေးထောင်တည်ရာ ဓာတ်တော်တိုက် ကိုရှာ၍တွေ့သဖြင့် ထိုဓာတ်တော်များကို တူးဖော် လေ၏။

လက်နက်ကိုင် ယန္တရားအရုပ်များကို နတ်တို့၏အကူအညီဖြင့် ပယ်ရှားပြီးလျှင် ကမ္ပည်းစာတမ်းကိုလည်း တွေ့ရသဖြင့် အလွန်ဝမ်းမြောက်စွာဓာတ်တော်များကို ပင့်ဆောင်ပြီးလျှင် စေတီတော်တို့၌ ဌာပနာလေသည်။

ဤနည်းဖြင့် ဗုဒ္ဓ၏ဓာတ်တော်များသည် ယနေ့တိုင်အောင် ကမ္ဘာလောကဓာတ်အနှံ့ ပြန့်၍ အပူဇော်ခံလျက်ရှိပေသည်။

## ဓာတုပရိနိဗ္ဗာန်

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကွယ်ပ၍ကိုးကွယ်ဆည်းကပ်မည့်သူ မရှိသောအခါ နေရာအသီးသီးဝယ်တည်ရှိနေကြသော ဓာတ်တော် များသည် တစ်ဆူတလေမျှ ပျောက်ပျက်မှု မရှိဘဲ အားလုံးစုံပင် မူလမဟာဗောဓိပင်ရှိရာသို့စုပေါင်းကြွတော်မူကြလိမ့်မည်။

**မှတ်ချက်။** ။ ဗုဒ္ဓမြတ်စွာ၏အဓိဋ္ဌာန်အားလျော်စွာ သရီရဓာတ်တော်များရှိသေမြတ်နိုးမှု၊ ကိုးကွယ်ပူဇော်မှု မရှိကြရာ မြို့ရွာနိဂုံးဇနပုဒ်၊စေတီ ပုထိုး စသည်တို့၌ ကိန်းဝပ်တော်မမူဘဲ ရှိသေမြတ်နိုးစွာ ကိုးကွယ်ပူဇော်မှုရှိရာဌာနသို့ ကြွရောက်၍ သီတင်းသုံးကိန်းဝပ်တော်မူကြလိမ့်မည်။

ပဋိဝေဓ၊ ပဋိပတ္တိ၊ ပရိယတ္တိ သာသနာသုံးရပ်အစဉ်အတိုင်းကွယ်၍ ကြာမြင့်သောအခါ မည့်သည့်အရပ်မှ သရီရဓာတ်တော်တို့ကို ရှိသေမြတ်နိုးခြင်း၊ ကိုးကွယ်ပူဇော်ခြင်းမရှိကြတော့သဖြင့် ဘုရားရှင်၏သရီရဓာတ်တော်အားလုံး သီဟိုဠ်ကျွန်းအနုရာဓမြို့ မဟာစေတီ၌ စုရုံးကုန်၍ ယင်းမဟာစေတီမှ နာဂ

ကျွန်း (ယခု ဂျပ္ပနား အနီး ကျွန်း) ရာဇာယတနစေတီ
ပုထိုး၊ ယင်းမှ မဇ္ဈိမဒေသ မဟာဗောဓိပင်အောက်
မဟာဗောဓိပလ္လင်သို့ ကြွတော်မူကြလိမ့်မည်။

နဂါးပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်မှ ဓာတ်တော်
တို့သည်လည်း မဟာဗောဓိပင်သို့ကြွတော်မူလိမ့်မည်။

ဓာတ်တော်အားလုံးမဟာဗောဓိမဏ္ဍိုင်၌ စုဝေးမိသောအခါ
သက်ဝယ် ပလ္လင်ဖြင့်ထိုင်နေသော ဘုရားအသွင်ဖန်ဆင်းပြီး၍ အလုံး
နှံ့ ကြည်ညိုဖွယ်သော အသရေတော်ကို ပြလိမ့်မည်။ သုံးဆယ့်
နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်
ငယ်၊ တစ်လံမျှသော ရောင်ခြည်တော်တို့ဖြင့် သက်တော်ထင်ရှား
ဘုရားရှင်တော်မြတ်အတိုင်း အပြည့်အစုံ ဖြစ်တော်မူလိမ့်မည်။

ထို့နောက် ယမိုက်ပြာဋိဟာပြသောနေ့၌ကဲ့သို့ ရေ,မီးအစုံ
တန်ခိုး ပြာဋိဟာ ပြတော်မူလိမ့်မည်။ ထိုဓာတုပရိနိဗ္ဗာန်ပြုသော
ပွဲတော်၌ လူသားဖြစ်သော ပုဂ္ဂိုလ်တစ်ဦးတလေမျှ ရောက်လာလိမ့်
မည် မဟုတ်၊ စကြဝဠာတစ်သောင်းမှ နတ်တို့သည် အားလုံးကုန်ပင်
စည်းဝေးရောက်လာ၍ "ယနေ့မှပင် ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်ပြုတော်မူ
တော့မည်။ ဤနေ့မှစ၍ အမိုက်တိုက်ကြီး ဖြစ်တော့မှာပါတကား"
ဟုပြောဆို ငိုကြွေးကြလိမ့်မည်။

ထိုစဉ် ဓာတ်တော်ကိုယ်တော်မြတ်ကြီးမှ တေဇော ဓာတ်
တောက်လောင်လိမ့်မည်။ တောက်လောင်သော တေဇောမီးအလျှံ
သည် ဗြဟ္မာ့ပြည်တိုင်အောင် တက်လိမ့်မည်။ မုန်ညင်းစေ့မျှလောက်
သော ဓာတ်တော်ကျန်လျှင်လည်း တစ်ခဲနက်သောမီးလျှံသည်ပင်
ဖြစ်လိမ့်မည်။ ဓာတ်တော်အားလုံးကုန်မှ မီးလျှံတော် ငြိမ်းပျောက်
မည်။ ဤကဲ့သို့ ကြီးကျယ်လှစွာသော တန်ခိုးအာနုဘော်ကို ပြလျက်
ဓာတ်တော်များ ပရိနိဗ္ဗာန်ပြုတော်မူကြလိမ့်မည်။

ထိုအခါ စည်းဝေးရောက်လာကြသော နတ်ဗြဟ္မာတို့သည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့၌ကဲ့သို့ နတ်ပြည်၌ ဖြစ်သော ပန်းနံ့သာ, တူရိယာ စသည်တို့ဖြင့် အထူးတလည် ပူဇော်မှုကိုပြု၍ လက်ယာရစ်သုံးကြိမ်လှည့်ကာ ရှိခိုးကြကုန်ပြီးလျှင် "မြတ်စွာဘုရား၊ နောင်အခါဖြစ်တော်မူလတ္တံ့သော ဘုရားရှင်ကို ဖူးမြင်ခွင့်ရပါလိုကုန်၏ အရှင်ဘုရား"ဟုဆုတောင်းကုန်၍ မိမိတို့နေရာ အရပ်သို့ ပြန်သွားကြကုန်လိမ့်မည်။

## ဓာတ်တော်များအဘယ်ကြောင့် ပရိနိဗ္ဗာန်ပြုသနည်း

အထက်၌ပြဆိုခဲ့သော ဓာတုပရိနိဗ္ဗာန်ပြုတော်မူပုံကို ကောက်ချက်ချကြည့်လျှင် ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်များကို မည်သည့်နေရာ၌မျှ ရှိသေမြတ်နိုးစွာ ကိုးကွယ်ပူဇော်မည့်သူ မရှိသောကြောင့် ဓာတုပရိနိဗ္ဗာန်ပြုရခြင်းဖြစ်သည်။

အကယ်၍သာ ရှိသေမြတ်နိုးစွာ ကိုးကွယ်ပူဇော်မည့်သူ ရှိနေသေးပါက ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်များ ဓာတုပရိနိဗ္ဗာန် မပြုသေးဟု အဓိပ္ပာယ်ရသည်မှာ ထင်ရှားလှသည်။

လောကသားတို့၏ ကောင်းကျိုးစီးပွားကို အတုမရှိ ရွက်ဆောင်တော်မူသော ဂေါတမဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီးသည်လည်း ဓာတုပရိနိဗ္ဗာန်ပြုသည်နှင့်တစ်ပါတည်း ကွယ်ပသွားတော့မည်ဖြစ်၏။

သာသနာတော်ကြီး ကွယ်ပလျှင် ဓာတုပရိနိဗ္ဗာန်ပြုပွဲလာ နတ် ဗြဟ္မာတို့ ငိုကြွေးကြသလို လောကကြီးသည် မောဟအမှောင်ထု ဖုံးလွှမ်း၍ မိုက်ကန်းစွာ ပြုမူနေထိုင်ကြကုန်တော့မည်။

**မိမိဒေသ သာသနာမကွယ်ပအောင် ကြိုးပမ်းကြ**

အထက်ပါစကားများအရ ဗုဒ္ဓမြတ်စွာ၏သရီရဓာတ်တော်

များ ကွယ်ပသောဒေသသည် သာသနာကွယ်ပသော ဒေသ ဖြစ်လေတော့ရာ မိမိတို့ဒေသကို သာသနာကွယ်ပသောဒေသ မဖြစ်ရလေအောင် မကြွရောက်လာသေးသော သရီရဓာတ်တော်များ ကြွရောက်ကိန်းဝပ်စံပျော်စေရန်၊ ကြွရောက်လာပြီးသော သရီရဓာတ်တော်များ အမြဲတည်တံ့ကိန်းဝပ်စံပျော်စေရန် ရိုသေလေးမြတ်စွာ ကိုးကွယ်ပူဇော်မှု အထူးပြုသင့်ကြပေသည်။

(တယိဒံ သာသနေသက္ကနံ ဓာတုပရိနိဗ္ဗာနေသာနံ - သာသနာတော်ဆုတ်ယုတ် ကွယ်ပခြင်းသည် ဓာတုပရိနိဗ္ဗာန်ပြုခြင်း၌အဆုံးသတ်၏) ✱ ✱ ဥပရိပဏ္ဏာသဋီကာ - စာမျက်နှာ ၃၃၄

## ဓာတု ပူဇက မဟာထေရ်အမှတ် ၁

သိဒ္ဓတ္ထဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူစဉ် ဓာတ်တော်တစ်ဆူရရှိ၍ ငါးနှစ်ပတ်လုံးသက်တော်ထင်ရှား ဘုရားအလား ပူဇော်ခဲ့သောကောင်းမှုတော်ကြောင့် အပါယ်လေးပါးမကျရောက်ဘဲ ဘုရားရှင်လက်ထက်၌ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသော ရဟန္တာဖြစ်၍ ဓာတုပူဇနကမထေရ် ဟု ထင်ရှားသည်။

## ဓာတုပူဇက မထေရ်အမှတ် ၂

သိဒ္ဓတ္ထဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံစဉ်ဆွေမျိုးတို့ကို ဖိတ်ခေါ်၍ ဓာတ်တော်ပူဇော်ခဲ့သောကောင်းမှုကြောင့် အပါယ်လေးပါး မကျဘဲ ဤဘုရားရှင်လက်ထက်၌ပဋိသမ္ဘိဒါလေးပါး၊အဘိညာဉ် ခြောက်ပါး၊ သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသော ရဟန္တာဖြစ်၍ ဓာတုပူဇကမထေရ်ဟု ထင်ရှားသည်။

**ဓာတ်တော်ကိုကဲ့ရဲ့မိသဖြင့် ပြိတ္တာဖြစ်ရသူများ ၁**

ဘုရားရှင်၏ဓာတ်တော်များကသိနာရုံမှ ရာဇဂြိုဟ်သို့ ၇ နှစ် ၇ လ ၇ ရက်ပင့်ဆောင်၍ ဓာတ်တော်ပူဇော်ပွဲပြုလုပ်စဉ် သဒ္ဓါတရားဖြင့် ဓာတ်တော်ပူဇော်သူ၊ ကြည်ညိုသူတို့ အသချေ် အနန္တ နတ်ပြည်ရောက်ကြကုန်၏။ သဒ္ဓါတရား မရှိသူ၊ အယူမှောက်မှားသဖြင့် ပြစ်မှားသူရှစ်သောင်းခြောက်ထောင်ခန့် ပြိတ္တာဖြစ်၍ ဒုက္ခရောက်ကြကုန်၏။

**ဓာတ်တော်ကိုကဲ့ရဲ့မိသဖြင့် ပြိတ္တာဖြစ်ရသူများ ၂**

ရာဇဂြိုဟ်မြို့နေ သူကြွယ်တစ်ဦးသည် ပန်းနံ့သာ စသည်တို့ဖြင့် ဓာတ်တော်ပူဇော်သော ဇနီး၊ သမီးနှင့် ချွေးမတို့အား "အရိုးကို ပူဇော်သဖြင့် ဘာအကျိုးရှိမည်နည်း" ဟုဓာတ်တော်ပူဇော်ခြင်းကို ကဲ့ရဲ့မိသဖြင့် သေပြီးနောက် ကောင်းကင်ယံ၌ပြိတ္တာ ဖြစ်နေရသည်။ သူ့ပတ်ဝန်းကျင်တစ်ခုလုံး အပုပ်နံ့များလှိုင်နေသည်။ သူ၏ခံတွင်းသည် ပုပ်ပွနေ၍ ပိုးလောက်များကျိကျိတက် ကိုက်စားနေကြသည်။ သူသည် ဓားကိုယူလျက် ပါးစပ်ကို အထပ်ထပ်အခါခါ လှီးဖြတ်နေရသည်။ ဆားငံရေဖြင့် အထပ်ထပ်အခါခါ ပက်ဖြန်းလျက် လှီးဖြတ်ပြီးရင်း လှီးဖြတ်နေရသည်။

သူ၏ရှေးမကောင်းကံကို မေးမြန်းသောအခါ သူ၏ဖြစ်ပုံကို ပြောပြရာ၏။ "သူသည် ရာဇဂြိုဟ်မြို့မှာ သူကြွယ် တစ်ယောက်ဖြစ်ကြောင်း၊ ဓာတ်တော်ကို ပူဇော်နေကြသော ဇနီးနှင့်သမီး၊ ချွေးမတို့အား "အရိုးတို့ကို ပူဇော်သဖြင့် ဘာအကျိုးရှိမည်နည်း" ဟု ဓာတ်တော်ပူဇော်ခြင်းကို ကဲ့ရဲ့မိသဖြင့် ဤကဲ့သို့ အကျိုးခံစားရကြောင်း ဝမ်းနည်းစွာ ပြောပြရာလေသည်။

ထို့နောက် ၄င်းပြိတ္တာက "မြတ်စွာဘုရား၏ဓာတ်တော်

ပူဇော်ပွဲ စေတီပုထိုးပွဲကျင်းပရာ၌ အပြစ်ပြောသူများကို တပည့်တော်ကဲ့သို့ ခံရမည်စိုးသောကြောင့် နားလည်အောင်ပြောပြတားမြစ် ပေးတော်မူကြပါဘုရား၊ အရှင်ဘုရားရှုစားတော်မူပါဘုရား၊ နတ်၌ ဖြစ်သော ပန်းနံ့သာများပန်ဆင်ကာ တန်ဆာဆင်ကုန်လျက် သရီရဓာတ်တော်တို့ကို ပန်းစသည် ပူဇော်ရခြင်း၏အကျိုးကိုခံစားနေကြကုန်သော၊ အလုံးစုံပြည့်စုံ၍ အခြွေအရံ ပေါများကုန်သော ကုသိုလ်ရှင်နတ်သမီးများသွားလာနေသည်ကို ရှုစားတော်မူပါဦးဘုရား၊ အဲဒီနတ်သမီး နတ်သားများကို အံ့သြဘနန်းတွေ့မြင်နေရသောကြောင့် ကြောင်းကျိုးသိမြင် ပညာရှင်တို့သည် ထိုဘုရားရှင်ကိုဖူးမြင်ကြခြင်းဖြစ်ပါသည်။

အကယ်၍ တပည့်တော် ကံကောင်းထောက်မ၍ လူ့ပြည်လောက တစ်ခေါက်ပြန်လည် ရောက်ခဲ့လျှင် ဓာတ်တော် ပူဇော်မှု၊ ဓာတ်တော်ကိန်းဝပ်သော စေတီပုထိုးပူဇော်မှုကို မမေ့မလျော့ အထပ်ထပ် အခါခါပြုလုပ်ပါမည်ဘုရား” ဟု ပြောပြရာသည်။

ဤဝတ္ထုမှတ်ချက်။ ။ မြတ်စွာဘုရား၊ အရှင်ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်ကြီးတို့သည် အတုမရှိ ကြီးမားလှစွာသောသီလ,သမာဓိ,ပညာ,ဝိမုတ္တိဉာဏဒဿန (အရဟတ္တဖိုလ်ကိုဆင်ခြင်သောဉာဏ်)နှင့်ပြည့်စုံတော်မူကြသောကြောင့် ဂုဏ်တော်တို့ဖြင့် ထုံမွှမ်းထားကြသော သရီရဓာတ်တော်များတိုင်အောင် အကောင်းဆုံးလယ်ယာမြေများသဖွယ် ဖြစ်တော်မူသည်။ ထိုလယ်ယာမြေ၌ကောင်းသောကုသိုလ်မျိုးစေ့စိုက်ပျိုးလျှင် မကြဲစည်နိုင်လောက်အောင် ပေါက်ရောက်စည်ပင်သကဲ့သို့ မကောင်း

သော အကုသိုလ်မျိုးစေ့စိုက်ပျိုးလျှင်လည်း
မယုံကြည်နိုင်လောက်အောင်ပင် စည်ပင်
ပေါက်ရောက်၍ ခါးသီးသော ဒုက္ခအသီး
အပွင့်တို့ကို ခံစားရတတ်ပေမည်။

ဤသို့ဖြစ်ရာ၌ ဘုရား, ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်ကြီးတို့နှင့် သရီရဓာတ်တော်များက ဆိုးကျိုးခံစားစေလိုသော စိတ်စေတနာ ရှိ၍မဟုတ်။ မိမိပြုလိုက်သော အကုသိုလ်ကံက အားကြီးသောကြောင့် ခံစားရခြင်းဖြစ်ပေသည်။

ဤအကြောင်းနှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးကအရှင်နာဂသိန်အား မေးမြန်းခဲ့ဖူးရာ အောက်ပါအတိုင်းဖြေကြားတော်မူခဲ့ဖူးလေသည်။

အနာရောဂါဥပမာ

မဟာရာဇာ၊ ဘုရားပရိနိဗ္ဗာန်စံပြီးနောက်သရီရ ဓာတ်တော်စသည်တို့သည် သာယာတတ်သော စိတ်စေတနာ မရှိ သော်လည်း ၄င်းတို့အပေါ် ပြုအပ်သောကောင်းမှု–မကောင်းမှု ကံ အကျိုးရှိ၏။

မမြို (မအောင်မြင်သောမျိုးစေ့မဟုတ်)

မဟာရာဇာ .. လူတို့သည် ကိုးဆယ့်ခြောက်ပါးသော အနာရောဂါများကိုယ်၌ ဖြစ်ကြပါစေဟု သာယာမှုဖြစ်ကြပါသလား (ဖြစ်စေချင်ကြပါသလား)

မဖြစ်စေချင်ကြပါဘုရား။

မဟာရာဇာ .. အဘယ်ကြောင့် ၄င်းအနာရောဂါများသည် မသာယာပါဘဲ(မဖြစ်စေချင်ပါဘဲ)ကိုယ်၌ကျရောက်ဖြစ်ပေါ်လာကြသနည်း။

ရှေးကပြုခဲ့သော မကောင်းမှု ဒုစရိုက်ကြောင့် ဖြစ်ရပါသည်

မဟာရာဇာ .. အကယ်၍ ရေးကပြုခဲ့သော အကုသိုလ်ကံကြောင့် ယခုခံစားရသည်ဖြစ်လျှင် ရေးကပြုခဲ့သောကံဖြစ်စေ။ ယခုပြုသောကံဖြစ်စေ၊ ကုသိုလ်ကံ အကုသိုလ်ကံ ၂ မျိုးလုံးသည် မမြဲ (မအောင်မြင်သောမျိုးစေ့ မဟုတ်) အကျိုးပေးနိုင်သည်သာ ဖြစ်၏" ဟုအရှင်နာဂသိန်မိန့် တော်မူခဲ့သည်။

မှတ်ချက်။ ဤအမေးအဖြေ၏ ဆိုလိုရင်းမှာ သရီရဓာတ်တော်များက သာယာတတ်သော စိတ်, စေတနာ ရှိ၍ မဟုတ်၊ မိမိပြုလုပ်လိုက်သောကုသိုလ်ကံ အကုသိုလ်ကံ၏ သဘာဝသတ္တိအတိုင်းအကျိုးအပြစ်ဖြစ်ရကြောင်းပြဆိုသည်။

မြေကြီးဥပမာ

မဟာရာဇာ ...မဟာပထဝီမြေကြီးသည် အလုံးစုံသော မျိုးစေ့ များ ငါ့အပေါ်၌ ပေါက်ပါစေဟု သာယာတတ်သော စိတ်စေတနာ ရှိပါသလော။

မရှိပါဘုရား

မဟာရာဇာ ... အဘယ်ကြောင့် ၄င်းမျိုးစေ့များသည် သာယာ တတ်သော စိတ်စေတနာ မရှိသော မဟာပထဝီမြေကြီး ပေါ်၌ ပေါက် ရောက်၍ ခိုင်မြဲရှုပ်ထွေးသောအမှုများဖြင့် တည်ရှိကာ ပင်စည်၊ အနှစ်၊ အခက်၊ အရွက် စည်ပင်ပြန့်ကျယ်ကုန်လျက် သီးပွင့်ဝေဆာ ရှိနေကြပါကုန်သနည်း

အရှင်ဘုရား .. မဟာပထဝီမြေကြီးသည် သာယာတတ်သော စိတ်စေတနာမရှိသော်လည်း မျိုးစေ့များ၏တည်နေရာ အနေဖြင့် စည်ပင်ပေါက်ရောက်ဖို့ရာ ကျေးဇူးပြုတတ်ပါ၏။

မျိုးစေ့များသည် မဟာပထဝီမြေကြီးဟူသော တည်ရာ မှီရာ

ရရှိခြင်းဟူသော အကြောင်းကြောင့်ပင် ပေါက်ရောက် စည်ပင် နိုင်ခြင်း ဖြစ်ပါသည်။

မဟာရာဇာ .. ဤသို့ဖြစ်လျှင် မဟာပထဝီမြေကြီးသည် မြတ်စွာဘုရားနှင့်တူ၏။

မဟာပထဝီမြေကြီးသည် တစ်စုံတစ်ခုကိုမျှ မသာယာ တတ်သကဲ့သို့ မြတ်စွာဘုရားသည်လည်း တစ်စုံတစ်ရာမျှ သာယာမှု မရှိ။

မဟာရာဇာ .. မျိုးစေ့များသည် မြေကြီးကိုမှီ၍ ပေါက်ရောက် စည်ပင်သကဲ့သို့ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် တစ်စုံတစ်ရာ သာယာမှုမရှိသော ပရိနိဗ္ဗာန်စံတော်မူပြီးသော မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကိုလည်းကောင်း၊ ဘုရားဂုဏ်တော်တို့ကို လည်းကောင်း အမှီပြု၍ခိုင်ခံ့သော ကုသိုလ် အမြစ်တွယ်ပြီးလျှင် စည်ပင်ပြန့်ပွားကာ မဂ်ဖိုလ်နိဗ္ဗာန်ထိ အကျိုးရှိကြရကြသည်။

မှတ်ချက်။ ။ ဤအမေးအဖြေ၏ဆိုလိုရင်းမှာ မြေကြီးသည် မသာယာတတ် မသိတတ်သော်လည်း မျိုးစေ့များ၏တည်ရာ ဖြစ်သဖြင့်ကျေးဇူးပြုသောကြောင့် မျိုးစေ့ အားလျော်စွာ ပေါက်ရောက်စည်ပင်သီးပွင့်ကြသလို ဗုဒ္ဓမြတ်စွာ၏သရီရဓာတ်တော်တို့သည် မသာယာတတ် မသိတတ်သော်လည်း တည်ရာ အာရုံအနေဖြင့် ကျေးဇူးပြုကာ ပြုလုပ်သူ၏ ကုသိုလ်ကံ အကုသိုလ်ကံ အားလျော်စွာ အကျိုးအပြစ် ရရှိနိုင်သည် ဟုဆိုလိုပါသည်။

**ကေဒိပိယမ်ထေရ်**

သိဒ္ဓတ္ထဘုရားရှင်ပရိနိဗ္ဗာန်ပြုစဉ် လူ,နတ်,ဗြဟ္မာ တို့ပူဇော်လျက် စန္ဒကူးထင်းပုံထက်အလောင်းတော်ကိုတင်စဉ် စန္ဒကူးထင်း

ပုံနှင့် မနီးမဝေး၌ ဒကာတစ်ဦးသည် ဆီမီးတိုင်တစ်တိုင် လှူခဲ့ဖူးသည်။ တစ်ညလုံးလင်းသည်။

၄င်းကောင်းမှုကြောင့် ဆီမီးတစ်သိန်း အမြဲထွန်းလင်းလျက်ရှိသည်။ ထွက်သစ်စ နေလုလင်ကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါ အမြဲတောက်ပ နေသည်။ တောင်နံ့ရံခြား ကွယ်စေကာမူ ယူဇနာ ၁၀၀ ပကတိ စက္ခုဖြင့် မြင်နိုင်သည်။

၇၇ ကြိမ်နတ်သားဖြစ်ခဲ့သည်။ ၃၁ ကြိမ်နတ်မင်းဖြစ်ခဲ့သည်။ ၂၈ ကြိမ် စကြဝတေးမင်းဖြစ်ခဲ့သည်။ ပဒေသရာဇ်မင်းအဖြစ်ကား ရေတွက်၍ မရ။

ဘုရားရှင်လက်ထက်၌ နတ်ပြည်မှစုတေ၍ ပဋိသန္ဓေ နေသောအခါမှစ၍ မျက်စိမှိတ်ဖွယ်မလို၊(မျက်စိမှိတ်ရခြင်းသည် မျက်စိအားနည်းသောကြောင့် မျက်တောင်ခတ်ရခြင်းဖြစ်သည်။ အားကောင်း သောသူတို့မှာ မျက်တောင်ခတ်ကာ အနားယူဖွယ်ရာ မလို)

လေးနှစ်သားအရွယ် ကိုရင်ဝတ်ခဲ့သည်။ ၁၅ ရက် မပြည့်မီ ရဟန္တာဖြစ်သည်။ ဒိဗ္ဗစက္ခုအဘိညာဏ် အထူး ထက်မြက်သည်။

မည်သည့်တောင်နံ့ရံကြီးများ ကာခြားနေစေကာမူ မြင်နိုင်ခြင်းမှာ ဓာတ်တော်ကို ဆီမီးတစ်တိုင်လှူရခြင်းကြောင့်သာ ဖြစ်သည်။

ရဟန္တာဖြစ်ရခြင်းသည်လည်း ထိုဆီမီးတိုင်တစ်တိုင် လှူရခြင်း၏ အကျိုးပင်ဖြစ်သည်။

မညီညွတ်သော အရာများ ညီညွတ်သွားရခြင်း၊ အမိုက်မှောင် ကင်းခြင်း၊ တစ်ကြိမ်တစ်ခါမျှ အမှောင်ကိုမတွေ့ဖူးခြင်း တို့သည်လည်း ဓာတ်တော်ကို ဆီမီးတိုင်တစ်တိုင် လှူရခြင်း၏ အကျိုးများပင် ဖြစ်သည်။

၉၄ ကမ္ဘာလုံးလုံး အပါယ်မကျရခြင်းနှင့်ပဋိသမ္ဘိဒါလေး

ပါး၊ အဘိညာဏ်ခြောက်ပါး၊ သမာပတ် ရှစ်ပါး၊ ဝိဇ္ဇာ သုံးပါးတို့နှင့် ပြည့်စုံသော ရဟန္တာဖြစ်ရခြင်းသည်လည်း ထိုဆီမီးတစ်တိုင်၏ အကျိုးများပင်ဖြစ်သည်။

မှတ်ချက်။ ။ဤဝတ္ထု၌ ဆီမီးတစ်တိုင်ပူဇော်ကာမျှဖြင့် များပြားလှစွာသော စည်းစိမ်ချမ်းသာများကိုရရှိ၍ မဂ်ဖိုလ်နိဗ္ဗာန် တရားထူး တရားမြတ်များရရှိရန် အထောက်အပံ့ဖြစ်ကြောင်းသိရသည်။

ဤသို့ဆိုလျှင် ဆီမီးတစ်တိုင်ဖြင့် သည်းကောင်း၊ စည်းစိမ်ချမ်းသာများ မယုံကြည်နိုင်လောက်အောင် လဲလှယ်ယူလိုက်သလို ဖြစ်နေသည်ကိုလည်းကောင်း ကိုးဆယ့်လေးကမ္ဘာအထက်က ပြုခဲ့သောကုသိုလ်သည် ယခုဘုရားရှင်လက်ထက်၌ အကျိုးပေးနေသည်ကိုလည်းအံ့သြဖွယ်ရာတွေ့ရသည်။

ကံတစ်ခုသည် ပဝတ္တိ(မျက်မှောက်ကျိုး) ကိုများစွာ ပေးနိုင်သော်လည်း ပဋိသန္ဓေကျိုးကိုမူ တစ်ခုသာ ပေးနိုင်သည်။

ဤဝတ္ထု၌အကြိမ်များစွာ အကျိုးပေးနေခြင်းမှာ ဆီမီးပူဇော်စဉ်က ကုသိုလ်စိတ်တွေ အကြိမ်များစွာဖြစ်နေကြောင်းကို(လက်ဖျစ်တစ်ချက်အတွင်း စိတ်ပေါင်းကုဋေတစ်သိန်းခန့်ဖြစ်နိုင်ကြောင်းကို) လက်ခံသဘောကျမှသာ စိတ်ရှင်းစွာ သဘောပေါက် နိုင်သည်။

ထို့ကြောင့် တစ်ခုသောအချိန် အခိုက်အတန့်တွင် လွန်လွန်ကဲကဲ ပြုလိုက်သောကုသိုလ်များ

သည် အလွန်အားကိုးရကြောင်း အားတက်ဖွယ်
တွေ့ရလေသည်။

## ခေမကသူဌေးသားဝတ္ထု

ရှေပန်းတိမ်သည်သားတစ်ဦးသည် ကဿပဘုရားရှင်၏ တစ်ခဲနက်ရွှေတုံးကြီးကဲ့သို့ ဖြစ်သော သရီရဓာတ်တော်ကိုရွှေပန်းခိုင်ဖြင့် ပူဇော်ကာ "ဤကောင်းမှုကြောင့် ဆွေမျိုးဖြစ်သော အမျိုးသမီးများမှ တစ်ပါး အခြားအမျိုးသမီးများသည် တပည့်တော်ကိုမြင်ရသော အခါ မြင်လျှင်မြင်ချင်းပင် ကြွေမဆည်နိုင်လောက် အောင်နှစ်သက်စွဲလမ်းပါစေသတည်း" ဟု ဆုတောင်းခဲ့သောကြောင့် ယခုဘုရားရှင်လက်ထက်၌ အနာထပိဏ်သူဌေး၏တူဖြစ်ကာ ဆုတောင်းခဲ့ သည့်အတိုင်း မြင်မြင်သမျှ အမျိုးသမီးများက စွဲလမ်းကြသကဲ့သို့ သူကလည်း မိစ္ဆာစာရကံကို အလေးမထား မှောက်မှားချင်တိုင်း မှောက်မှား၍နေရာ ကောသလမင်းအား တိုင်တန်းပါသော်လည်း မင်းကြီးက အနာထပိဏ်သူဌေးကြီးထံ ခဏခဏ ပြန်၍အပ်နှံနေသဖြင့် သူဌေးကြီးက ရက်လွန်းလှသဖြင့် ကြံရာမရသောကြောင့် မြတ်စွာဘုရားထံခေါ်၍ တရားနာစေ၏။

မြတ်စွာဘုရား၏တရားတော်အဆုံး၌ သောတာပန်တည်သွားသည်။ ထိုအခါကျမှ အမျိုးသမီးများစိတ်ချမ်းမြေ့စွာ အငြိမ်နေကြရတော့သည်တဲ့။

ဤဝတ္ထုမှတ်ချက်။ ။ ဤဝတ္ထု၌ ခေမကသူဌေးသားသည် အနာထပိဏ်သူဌေးနှင့် ဗုဒ္ဓမြတ်စွာဟူသော ပတ်ဝန်းကျင်ကောင်းနှင့်တွေ့ရသောကြောင့် သာ အပယ်ဘေးမှ လွတ်မြောက်ရခြင်း ဖြစ်သည်။

အကယ်၍ပတ်ဝန်းကျင်ကောင်းနှင့်
မကြုံတွေ့ရပါက ခေမကာဘဝသည် တွေးဝံ့
စရာ မရှိအောင် ကြောက်မက်ဖွယ် ကောင်း
လှသည်။

## ဆုတောင်းမမှားသင့်

အရှင်အာနန္ဒာ၏အလောင်းအလျာဖြစ်သော ရွှေပန်းတိမ်သည်၏သားသည်လည်း ထိုကဲ့သို့ကုသိုလ်ပြု၍ ဆုတောင်းရာဆုတောင်းတိုင်း ပြည့်၍ ကာမေသုမိစ္ဆာစာရကံကျူးလွန်မှား သဖြင့် ငရဲကျရသည်။

ငရဲမှလွတ်သော်လည်း မိန်းမဘဝ, နပုန်းပဏ္ဍုက်ဘဝ, ဝေးစေ့ ထုတ်ခံရသော ဘဝတို့၌ များစွာ ကျင်လည်ရဖူးလေသည်။

ထို့ကြောင့် ကုသိုလ်မှ ကုသိုလ်ဖြစ်အောင်သာ ဆုတောင်းသင့်ကြပြီး ဆုတောင်းမလွဲဖို့ရန်လည်း အထူးသတိချပ်သင့်ကြပေသည်။

## ဇနီးလသူဌေးကြီးဝတ္ထု

ရွှေပန်းတိမ်သည်တစ်ဦးသည် သူ့ဇနီးနှင့်ရန်ဖြစ်၍ စိတ်ဆိုးနေခိုက် ရဟန္တာတစ်ပါးကြွလာ၍ ကဿပမြတ်စွာဘုရားရှင်၏ သရီရဓာတ်တော် ဌာပနာမည်ဖြစ်သော ရွှေစေတီတည်ဆောက်နေရာ မှုခ်တစ်ခုရွှေလိုနေကြောင်းပြောပြလေ၏။

ထိုအခါ ဇနီးသည်အားစိတ်ဆိုးနေခိုက်ဖြစ်၍ "ကိုယ့်တော်ဘုရား ရေထဲမျောပစ်လိုက်" ဟု ရုတ်တရက် ပြောလိုက်မိ၏။

နောက်မှ ဇနီးသည်က သတိပေးသဖြင့် နောင်တရကာ ရဟန္တာကြီးထံ တောင်းပန်၏။

ရဟန္တာကြီးက မိမိကို ပြစ်မှားပြောဆိုသည် မဟုတ်၊ ဘုရား

ရှင်ကို ပြစ်မှားပြောဆိုသည်ဖြစ်သောကြောင့် ဘုရားရှင်အား တောင်းပန်ထိုက်ကြောင်း ပြောပြရာ သရီရဓာတ်တော် ဌာပနာသောအခါ၌ ရွှေပန်းခိုင် သုံးခိုင်ဖြင့် ပူဇော်ကန်တော့ခဲ့၏။

ထို့ကြောင့် လူ့ပြည် နတ်ပြည် ချမ်းသာဇွာ ကျင်လည်ခဲ့ရပြီး ယခုဘုရားရှင်လက်ထက်တော်၌ ထူးဆန်းစွာပေါက်လာသော အတောင် ၈၀ မြင့်သည့် ရွှေတောင်ကြီးပိုင်ရှင် ဇဋိလသူဌေးကြီး ဖြစ်လာ၏။

"ကိုယ့်တော်ဘုရား ရေထဲမျှောပစ်လိုက်"ဟုဝစီကံဖြင့် ပြစ်မှား မိခဲ့သောကြောင့် ဘဝပေါင်းများစွာ မွေးဖွားပြီးကာစ ရေမျှော ခံရသည်မှာ နောက်ဆုံးဘဝတိုင်အောင်ပင်ဖြစ်လေသည်။

ထို့ကြောင့် ရတနာသုံးပါးနှင့် ပတ်သက်လာလျှင် ကံသုံးပါး မလွန်ကျူးမိကြဖို့ အထူးသတိထားသင့်ကြပေသည်။

**အဘယ်ကြောင့် ဘုရားရှင်ကဓာတ်တော်များထားခဲ့**

ကျွတ်ထိုက်ကြသူ ကျွတ်တမ်းဝင်မည့်သူများသည်

(၁) ဗုဒ္ဓဝေနေယျ ဘုရားရှင်ကို ကိုယ်တိုင်ဖူးမြင်ရ၍ ဘုရားရှင် ကိုယ်တိုင်ချွတ်မှ ကျွတ်တမ်းဝင်မည့်သူ၊

(၂) သာဝက ဝေနေယျ ဘုရားရှင်ကို မမြင်ဖူးရသော်လည်း သာဝကတစ်ပါးပါးနှင့်တွေ့ရ၍ ၎င်းသာဝကမှ ကျွတ်မည့်သူ ရှိသကဲ့သို့

(၃) ဓာတုဝေနေယျ ဓာတ်တော်တို့ကို ဖူးမျှော်ရမှ မိမိစိတ်ကို ဆုံးမနိုင်၍ ကျွတ်တမ်းဝင်မည့်သူ

ဟု သုံးမျိုးရှိရာ ၎င်းဓာတုဝေနေယျ ပုဂ္ဂိုလ်တို့အတွက် ဓာတ်တော်များကိုယ်တော်စား ထားရစ်ခဲ့ဖို့လိုအပ်သောကြောင့် ဘုရားရှင် ကိုယ်တော်မြတ်တိုင်း သရီရဓာတ်တော်များ ကိုယ်တော်စား ထားတော်မူခဲ့ခြင်းဖြစ်သည်။

## ဘာသာခြားတစ်ဦး၏ကိုယ်တွေ့

ဘာသာခြားတစ်ဦးသည် သေနတ်တစ်လက်ဖြင့် တောလည် ထွက်စဉ် တောတွင်းတစ်နေရာမှ တစ်လက်လက် တစ်ဝင်းဝင်း တောက်ပနေသောဓာတ်တော်တစ်ဆူကို ဖူးတွေ့ရရာမှ အကျွတ်တရားရ၍ ဗုဒ္ဓဘာသာဝင်ဖြစ်လာကာ ရတနာသုံးပါး ကုသိုလ်တရားတို့၌ လေးနက်စွဲမြဲကာ ဆောက်တည်အားထုတ်သူ ဖြစ်လာပါသတဲ့။

## အဘယ်ကြောင့် ဓာတ်တော်ပူဇော်သဖြင့် အကျိုးရ

ဓာတ်တော်များသည် ဗုဒ္ဓမြတ်စွာစသောပုဂ္ဂိုလ်တို့၏ အတုမရှိသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့ဖြင့် ထုံမွှမ်းအပ်ထားသောကြောင့် အတုမရှိသော လယ်ယာမြေကောင်းကြီးများသဖွယ် အကျိုးတရားများကို ဖြစ်ထွန်းစေနိုင်ကြသည်။ ထို့ကြောင့် ဓာတ်တော်များသည် သက်တော်ထင်ရှားဘုရားကဲ့သို့ အကျိုးရစေနိုင်ခြင်း ဖြစ်သည်။

## ဓာတ်တော် ပူဇော်နည်း

(၁) ဓာတ်တော်တို့ကို ပူဇော်ရာ၌ ဆီမီး၊ ပန်း၊ ရေချမ်း စသော ပစ္စည်းအာမိသတို့ဖြင့် ပူဇော်ခြင်း။

(၂) မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း လိုက်နာခြင်း၊ တရားထိုင်ခြင်း ၊ တရားတော်တို့ကို ရွတ်ဖတ်၍ ပူဇော်ခြင်း

ဟူသော ဓမ္မဖြင့်ပူဇော်ခြင်း ဟု နှစ်မျိုးရှိသည်။

ပူဇော်မှုနှစ်မျိုးလုံးပင် ဓာတ်တော်ရတနာများကိုသာ အာရုံမယူဘဲ မြတ်စွာဘုရား၏ ဂုဏ်တော်များနှင့် ဗုဒ္ဓ၏ ကြီးမြတ်သော သဗ္ဗညုတဉာဏ်တော်ကိုပါ အာရုံပွားများ၍ ပူဇော်ရမည်။

## ဖုဿထေရဝတ္ထု

ရှေးက ဖုဿအမည်ရှိသော မထေရ်တစ်ပါးသည် စေတီ ရင်ပြင်ကို တံမြက်လှည်း၍ ဘုရားရှင်၏ဂုဏ်တော်များကို အာရုံပြု ကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းစဉ် ဖြစ်ပေါ်လာသော ပီတိကိုခွာ၍ အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာရှုရာ ထိုတစ်ထိုင်တည်းဖြင့် မဂ် လေးကန်၊ ဖိုလ်လေးဟန်ရရှိ၍ ရဟန္တာဖြစ်တော်မူသွားသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ အရှင်ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင် မြတ်များ၏ သရီရဓာတ်တော်များကို ကံကောင်းထောက်မသဖြင့် ဖူးမြော်ခွင့်ရသည့်အခိုက်ဓာတ်တော်ရတနာများကို "ကိလေသာ အားလုံးတို့မှ ဝါသနာနှင့်တကွ ဂေးကွာတော်မူသော မြတ်စွာဘုရား ၏ သရီရဓာတ်တော်များပါတကား" "နှစ်အသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်တော်မူခဲ့၍ သစ္စာလေးပါး မဂ်လေးပါး ဖိုလ် လေးပါးကို ကိုယ်တော်တိုင် သိတော်မူနိုင်သော အရှင်ပစ္စေကဗုဒ္ဓါ ၏ဓာတ်တော်များပါတကား"။ "ကိလေသာ အားလုံးကင်းတော်မူ၍ ဉာဏ်ပညာအားဖြင့် ဘုရားရှင်နှင့် အရှင်ပစ္စေကဗုဒ္ဓါအောက် အထက်မြက်ဆုံး အရှင်သာရိပုတ္တရာ ၏ ဓာတ်တော်များပါတကား" စသည်ဖြင့် ဂုဏ်တော်နှင့် တွဲစပ်ကာ အာရုံပြု၍ ကြည်ညိုလေးမြတ် စွာ ပူဇော်ပြီးလျှင် အတုမရှိသော တန်ခိုးတော်၊ ဘုန်းကျက်သရေ တော် နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး နှင့် အရှင်ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်ကြီးသော်မှ ပရိနိဗ္ဗာန် ဝင်စံ တော်မူရသေး၏။ မိမိတို့မှာ ဆိုဖွယ်ရာမရှိ။

ဤရုပ် ဤနာမ် ဤခန္ဓာကိုယ်ကြီးသည် အကြောင်းရှိလျှင် အချိန်ရှိတိုင်း ဖြစ်၍ ဖြစ်၍ ။ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၍ ပျက်၍ နေသော အနိစ္စ တို့ပါတကား၊ အဖြစ်အပျက် အနှိပ်အစက်ဒဏ်ကို အမြဲခံနေရသောဒုက္ခတို့ပါတကား၊ ခိုင်မြဲသော အနှစ်သာရ အတ္တ

ဘာဝ တစ်ခုမျှ မရှိသောကြောင့် အနတ္တတို့ပါတကား ဟု ဝိပဿနာ ရှု၍ အကောင်းဆုံးကုသိုလ်ကို ပွားများအားထုတ်၍ အားပါးတရ ပူဇော် ကြပါကုန်၊ နိဗ္ဗာန်အတွက် အစွမ်းထက်သော ကုသိုလ်ကောင်းမှု တို့ကို နောက်ဘဝများအတွက်ပါ မမေ့မလျော့ ကြိုးစား ဆည်းပူး ယူဆောင်သွားကြပါကုန်။

# အချိန်ရှိတုန်း
# အကောင်းဆုံးမြေကြီးထဲ၌
# သစ်ပင်စိုက်ပါ

### အဓိကနှင့်သာမည

မြေကြီးဆိုတာ မျိုးစေ့များ ရှင်သန် ပေါက်ဖွား ကြီးထွား စည်ပင်ရာ ဖြစ်ပါတယ်။

ဘုရား၊ တရား၊ သံဃာ ဟာလည်း ကုသိုလ်မျိုးစေ့တွေ ရှင်သန် ပေါက်ဖွားကြီးထွားစည်ပင်ရာဖြစ်သောကြောင့် မြေကြီးလို့ ခေါ်နိုင်ပါတယ်၊ အဲဒီမြေကြီးနှစ်မျိုးထဲမှာ ပကတိမြေကြီးဟာ အား ထားဖို့အတွက် သာမညသာဖြစ်၍ ဘုရား၊ တရား၊ သံဃာ ဟူသော မြေကြီးသည်သာ အဓိကအားထားစရာ မြေကြီးဖြစ်ကြောင်း ပြောလို ပါတယ်၊ ဘုရား, တရား, သံဃာဆိုတဲ့မြေကြီးထဲမှာ ကုသိုလ် မျိုးစေ့ တွေ ခနစ်ပါကျ စိုက်ပျိုးလျှင် အားလုံးပြည့်စုံနိုင်ပါတယ်။

### မိုးခေါင်လည်း အရေးမကြီး

ဆိုမာလီနိုင်ငံနှင့် အာဖရိက နိုင်ငံတချို့မှာ မိုးခေါင်ရေရှား ဖြစ်ပြီး၊ အငတ်ဘေးဆိုက်နေတယ်လို့ သတင်းစာထဲမှာ ဖတ်ရတယ်။ "ပကတိမြေကြီးမှ တစ်ပါး အားထားစရာမရှိ" လို့ထင်မှတ်နေကြတဲ့ အတွက်ကြောင့် အငတ်ဘေး မတွန်းလှန်နိုင်ကြတာပါ၊ တိုင်းပြည် နှင့်ချီပြီး အငတ်ဘေးဆိုက်ရောက်ရာမှာ ပြင်ပနိုင်ငံများက စားနပ် ရိက္ခာကူညီရုံမျှဖြင့် 'ဆင် ပါးစပ် နှမ်းပက်'သလို ထိရောက်ပုံ မရပါ ဘူး၊ တို့မြန်မာပြည်မှာတော့ ဒီလို ဘေးမျိုးတွေ မဖြစ်နိုင်ဘူး၊ မြန်

မာပြည်က ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ မြေကြီးထဲမှာ ကုသိုလ် မျိုးစေ့ စိုက်ပျိုးသူတွေ အများ အပြား ရှိနေလို့ပါပဲ။

အပြင်ဗဟိဒ္ဓ ပကတိမြေကြီးက မိုးခေါင်လို့စိုက်မရ၊ ပျိုးမရ ဖြစ်နေပေမယ့် အရေးမကြီးပါဘူး။ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ မြေကြီးထဲမှာ ကုသိုလ်မျိုးစေ့တွေ စနစ်တကျ စိုက်ပျိုးဖို့သာ အရေး ကြီး တာပါ။ စိုက်ပျိုးနိုင်ရင် အားလုံးပြည့်စုံနိုင်ပါတယ်။ ဒါကြောင့် ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ မြေကြီးတွေဟာ အနုတ္တရံပုညက္ခေတ္တ- အတုမရှိ အကောင်းဆုံး လယ်ယာမြေကြီးတွေ ဖြစ်၍ အဓိက အား ထားစရာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှေးတုန်းက ဖြစ်ခဲ့တဲ့ ဇာတ်ကြောင်းလေးတစ်ခုကို ပြောပြပါမယ်။

## ဗာရာဏသီ သူဌေးတစ်ယောက်

တစ်ခါတုန်းက ဗာရာဏသီက သူဌေးတစ်ယောက်ဟာ နန်းတော်ညီလာခံမှ အပြန် ပုရောဟိတ်နှင့်တွေ့၍ နက္ခတ်အကြောင်း မေးမြန်းရာ နောင်သုံးနှစ် ကျော်လွန်က ဒုဗ္ဘိက္ခန္တရဘေး ဆိုက်ရောက် နိုင်သည့်အကြောင်း သိလိုက်ရပါတယ်။ သိချိန်မှစ၍ သူဌေးဟာ ၂၅၀ သော ကျီတိုက်ကြီးများကို ဆောက်လုပ်စေပြီး စပါးတွေ အပြည့် ဖြည့်၍ ပိုလျှံသော စပါးများကို အိုးစရည်ကြီးစသည်ဖြင့် ရသလောက်ထည့်ပြီး၊ ကျန်သောစပါးများကို မြေ၌ တွင်းတူးမြုပ် ထားကာ သိုလှောင်ထားပါတယ်၊ အဲဒီမှ ပိုလျှံတဲ့ စပါးများကို လည်း ကျိန်ရုံများမှာ မြေညက်နဲ့နယ်ပြီးလိမ်းကျံထားပါတယ်။ ဒီသူဌေးဟာ ဒုဗ္ဘိက္ခန္တရဘေးကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားတာပါ။

ဒါပေမဲ့တကယ့်ဒုဗ္ဘိက္ခန္တရဘေးဆိုက်ရောက်လာပြီဆိုတော့ ကျီတိုက်ထဲက စပါးတွေရော၊ အိုးထဲက စပါးတွေရော မကြာခင်ပဲ ကုန်သွားပါတယ်။ လူပေါင်းများစွာ ထိုင်စားနေတာ ဘယ် မကုန်ဘဲ

ရှိပါ့မလဲ။

## အလုပ်ရှင်နှင့် အလုပ်သမား လေးစားချစ်ခင်

ကျီထဲက စပါးတွေ အိုးထဲကစပါးတွေ ကုန်တော့ အလုပ်သမားများ၊ အခြွေအရံများ၊ မိခိုနေသူများကို တောတောင် စသည်တို့၌ သစ်ဥသစ်ဖု ရှာဖွေ စားသောက်ကာ အသက်မွေးကြဖို့ လွှတ်လိုက်ရ ပါတယ်။ ဒီနေရာမှာ မှတ်သားစရာကလေးတစ်ခု ရှိပါတယ်။ အလုပ်ရှင်သူဌေးကို ၇ ရက်ကောင် အလုပ်သမားများက ရှိခိုးကန်တော့နှုတ်ဆက်ကြတယ်ဆိုတဲ့ အချက်ပါပဲ။ အလုပ်ရှင်သူဌေးရဲ့ မေတ္တာ, စေတနာ, ကရုဏာကို ခံစားရတဲ့ အတွက် ကြောင့် ဒီလောက် ရိုသေလေးစားကြခြင်းဖြစ်ပါလိမ့်မယ်။

အလုပ်ရှင်နဲ့အလုပ်သမားဆိုတာ အပြန်ပြန်အလှန်လှန် ကျေးဇူးပြုနေကြသူများဖြစ်လို့ အလုပ်ရှင်က မေတ္တာ၊ ကရုဏာနှင့် ဆက်ဆံပြောဆိုပြုမူသလို အလုပ်သမားများကလည်း သစ္စာရှိရှိ ပေးအပ်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ဖို့ လိုပါတယ်၊ ဒါဆိုရင် အလုပ်ရှင်နဲ့ အလုပ်သမား ပဋိပက္ခတွေဟာ နည်းသွားနိုင်ပါတယ်။ မိသားစုလို လေးစားချစ်ခင်မှုတွေ ဖြစ်သွားပြီး လုပ်ငန်းများ ပိုမို အောင်မြင်နိုင်ပါတယ်။

အားလုံးသွားကြတော့ သူဌေးရယ်၊ သူဌေးကတော်ရယ်၊ သားရယ်၊ ချွေးမရယ်၊ ဝေယျာဝစ္စဆောင်ရွက်ပေးတဲ့ မောင်ပုဏ္ဏ ဆိုတဲ့ ကျွန်တစ်ယောက်ရယ် ကျန်ရစ်ခဲ့ပါတယ်။ သူတို့ဟာ ထောင်းထု၊ ချက်ပြုတ်စားကြရပါတယ်။ ဒါတွေလည်း ကုန်ပြန်တော့ ဟိုတစ်စေ့၊ သည်တစ်စေ့ ကျနေတဲ့ စပါးစေ့တွေကို သူဌေးကတော်ကြီးက လိုက်ကောက်ပြီး စုလိုက်တော့ စပါးတစ်ပြည် ရပါတယ်။ ထုထောင်းလိုက်တော့ ဆန်တစ်စလယ်ခန့် ထွက်လာ ပါတယ်။ ဒီဆန်လေးပဲ သူတို့ အတွက် ကျန်ပါတော့တယ်။

## နောက်ဆုံးထမင်း

သူဌေးကြီးဟာ ဆာလောင် မွတ်သိပ်လာတော့ "သူဌေးကတော်ကြီးရယ်၊ တစ်စုံတစ်ရာ စားစရာရှိသေးရဲ့လား" လို့ မေးလိုက်တယ်။ "ဆန် တစ်စလယ်တော့ ရှိတယ် သူဌေးကြီးရယ်" လို့ ပြောလိုက်တော့ "ဒါဆိုရင် ချက်စမ်းပါဦး သူဌေးကတော်ကြီး ရယ်" လို့ ပြောတော့ "သူဌေးကြီးရေ၊ ယာဂု ကျိုသောက်ရင်တော့ နှစ်နပ်လောက်တော့ သောက်ရလိမ့်မယ်။ ထမင်း ချက်ရင် တော့ တစ်နပ်ပဲ ရမယ်။ ဘာချက်ရမလဲ။ သူဌေးကြီး" လို့ ပြန်မေးလိုက်တယ်၊ "တို့မှာ ယာဂုသောက်ပြီးလည်း သေကြမှာပဲ၊ ထမင်းစားပြီးလည်း သေကြ ရမှာပဲ။ တခြားအကြောင်း မရှိတော့ဘူး၊ သေမယ့်သေလည်း ထမင်းစားပြီးသာ သေပါတော့မယ် သူဌေးကတော်ရယ်၊ ထမင်းသာ ချက်ပါ"လို့ခိုင်းလိုက်တယ်။ သူဌေးကတော် ကြီးက ထမင်းချက်ပြီး ၅ ပုံ,ပုံ၍ သူဌေးကြီးအတွက် ဝေစုကို ကိုယ်တိုင် ယူလာပြီး သူ့ရဲ့ ရှေ့မှာ ချပေးလိုက်တယ်။

## တူးဆန်းသောအလှူခံ

အဲဒီအချိန်မှာ ဟိမဝန္တာ ဂန္ဓမာဒန တောင်ပေါ်က အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးဟာလည်း ၇ ရက်တိုင်တိုင် နိရောဓသမာပတ်ဝင်စားပြီးလို့ ထလာကာစ အချိန်ဖြစ်နေတယ်။ ၇ ရက်လုံးလုံး မည်သည့် အစားအသောက်မှ စားသောက်မှု မရှိတာကြောင့် ဝမ်းမီးတောက်လောင်နေတယ်။ ဒါကြောင့် အရှင်ပစ္စေက ဗုဒ္ဓါများဟာ ဒီလိုအချိန်မျိုးမှာ ဒိဗ္ဗစက္ခုအဘိဉာဏ်ဖြင့်ကြည့်ပြီးတော့မှ ဆွမ်းရ လောက်တဲ့ နေရာကို ကြွရောက်လေ့ရှိကြတယ်။

အဲဒီအခါမျိုးမှာ အရှင်ပစ္စေကဗုဒ္ဓါကို လှူဒါန်းရရင် စစ်သူကြီး ရာထူး၊ သူဌေးကြီးရာထူးအစရှိတဲ့ ဒိဋ္ဌဓမ္မအကျိုးတွေကို ရ

တတ်ပါတယ်။ ဒါကြောင့် ဒီအရှင်ပစ္စေကဗုဒ္ဓါဟာလည်း ဆွမ်းရမည့်နေရာကို အဘိညာဏ်ဖြင့် ကြည့်တော်မူလိုက်တဲ့အခါ ဇမ္ဗူဒိပ် တစ်ခုလုံး ဒုဗ္ဘိက္ခန္တရဘေးဆိုက်နေပုံ၊ သူဌေးအိမ်မှာတော့ ထမင်းချက်ထားပုံ၊ သဒ္ဓါတရားကောင်းပုံနှင့် မိမိကို လှူဒါန်းရခြင်းကြောင့် ရနိုင်မည့် အကျိုးကျေးဇူးတွေကို သိမြင်တော်မူတဲ့အတွက်ကြောင့် သင်္ကန်းရုံ သပိတ်ပိုက်ပြီး သူဌေးအိမ်ရှေ့ တံခါးပေါက်ဝမှာ ရပ်တော်မူလျက် ကိုယ်တော်ကို ထင်ရှားပြတော်မူလိုက်ပါတယ်။

## သူဌေး၏သဒ္ဓါတရား

အရှင်ပစ္စေကဗုဒ္ဓါကိုမြင်တော့ သူဌေးမှာ စိတ်ကူးတွေပေါ်လာတယ်၊ "ငါဟာ အရင်က မလှူခဲ့ဖူး လို့ ဒီလို ဒုဗ္ဘိက္ခန္တရ ဘေးကြီးနဲ့ ကြုံရတာ၊ ဒီထမင်းကို ငါစားလိုက်မယ်ဆိုရင် တစ်နေ့တာပဲ မဆာအောင် စောင့်ရှောက်နိုင်မှာ၊ အရှင်မြတ်ကြီးကို လှူလိုက်ရင်တော့ ကမ္ဘာကုဋေကုဋာ မရေနိုင်အောင် အကျိုး ရလိမ့်မယ်" ဒီလို စိတ်ကူး သဘောပေါက်ပြီး စားတော့မည့် ထမင်းခွက်မှ လက်ကို ရုပ်သိမ်းပြီးတော့ အရှင်ပစ္စေကဗုဒ္ဓါကို ထိခြင်းငါးပါးဖြင့် ဝတ်ချတယ်၊ အိမ်ထဲပင့်နေရာထိုင်ခင်းပေးပြီး၊ ခြေတော် လက် တော်များကို ပွတ်သတ်ဆေးကြောပေးပြီးနောက် ရွှေအင်းပျဉ်ပေါ်မှာ ထိုင်စေပြီး ထမင်းခွက်ယူလာကာ သပိတ်ထဲလောင်းထည့်လှူလိုက် ပါ တယ်။

## အလှူခံဆိုတာ အတိုင်းအရှည်သိရတယ်

သူဌေးကြီး တစ်ဝက် လောက် လောင်းထည့်မိတော့ တော်လောက်ပြီဆိုတဲ့အနေနဲ့ အရှင် ပစ္စေကဗုဒ္ဓါက လက်တော်နဲ့ သပိတ်တော်ကို ပိတ်ထားပါတယ်။ အလှူခံပုဂ္ဂိုလ်ဆိုတာ အတိုင်း အရှည်ကို သိဖို့ လိုပါတယ်၊ ပစ္စည်းအင်အား၊ သဒ္ဓါအင်အား၊ မိမိ အတွက်

မှုတရုံကြည့်ပြီးတော့ အလှူခံ ရပါတယ်။

## ဝတ်ချင်လို့သေချင်သေပါစေ၊ လှူပါရစေတဲ့

သူဌေးကြီးရဲ့ လှူလိုတဲ့စိတ်တွေဟာလည်း ဒလဟော ဖြစ်နေပါတယ်၊ စိတ် စေတနာအလျဉ်တွေဟာ တောင်ကျရေအလျင်လို စီးဆင်းနေတယ်။ သူဌေးကြီးကလျှောက်တယ်။ "အရှင်ဘုရား၊ ဆန်တစ်စ လယ်ချက်ကို ငါးယောက်စာ ခွဲထားရတာပါ၊ ဒီတစ်ယောက်စာ ကလေးကို ထပ်ပြီးတော့ ခွဲလို့မဖြစ်တော့ပါဘူး၊ ဒကာတော် ဒီလောက ဒီဘဝအတွက် ချီးမြှောက်တော် မမူပါနဲ့၊ နောင်သံသရာအတွက်သာ ချီးမြှောက် တော်မူကြပါ၊ အကုန်လောင်းလှူလိုပါတယ်ဘုရား" လို့ခွင့်တောင်း ပြီး အကုန်လုံးလှူလိုက်ပါတယ်။

## သူဌေးကြီး၏ဆုတောင်း

လှူပြီးတော့သူဌေးကြီးဆုတောင်းလိုက်ပုံက "နောင်တစ်ဖန်ဖြစ်လေရာဘဝတွေ မှာ ဒီလို ဒုဗ္ဘိက္ခန္တရဘေး မတွေ့ပါရစေနဲ့ဘုရား၊ ဒီနေ့ဒီဘဝကစပြီးတော့ ဇမ္ဗူဒီပါကျွန်း တစ်ခုလုံးနေသူတွေ အားလုံးကို စားနပ်ရိက္ခာ မျိုးစေ့စပါး ပေးခြင်းငှာ စွမ်းနိုင်သူ ဖြစ်ရပါလို၏ဘုရား၊ မိမိလက်ဖြင့် အလုပ် လုပ်ပြီး အသက်မွေးရသူ ဘယ်တော့မှ မဖြစ်ရပါစေနှင့် ဘုရား၊ ၂၅၀ သော ကျီတိုက်ကြီးတွေကို သုတ်သင်ရှင်းလင်းပြီး ခေါင်းလျှော် သန့်စင်၍ ကျီတိုက်ဝမှာ ထိုင်ကာ မိုးပေါ်မော့ကြည့် လိုက်တယ်ဆိုရင်ပဲ၊ သလေးစပါးနီတွေဟာ မိုးပေါ်ကမိုးရွာချသလို အဆက်မပြတ် ကျလာပြီး၊ ကျီတိုက်အားလုံး ပြည့်ပါစေသား အရှင်ဘုရား၊ ဖြစ်လေရာ ရာ ဘဝတွေမှာ ဒီမယား၊ ဒီသား၊ ဒီချွေးမ၊ ဒီကျွန်သာ ဖြစ်ပါစေ ဘုရား" လို့ဆုတောင်းလိုက်တယ်။

## သူဌေးကတော်ရဲ့ဆုတောင်း

သူဌေးကတော်ကြီးကလည်း သူ့အတွက် ဝေစုရတဲ့ထမင်းကို လှူပြီး ဆုတောင်းပုံက ဖြစ်လေရာဘဝတိုင်းမှာ ဒီလို ဒုဗ္ဘိက္ခန္တရဘေးဆိုးမမြင်မတွေ့ပါရစေနဲ့ ဘုရား၊ ထမင်းအိုးတစ်လုံး ရှေ့မှာချပြီး ဇမ္ဗူဒီပါတစ်ကျွန်းလုံးနေသူများကို ထမင်းပေးသော်လည်း တပည့်တော် မထမချင်း ခူးခပ် ယူငင်ရာမထင်၊ ထမင်းတို့သည် ပြည့်မြဲပြည့်နေပါစေဘုရား၊ ဒီလင်၊ ဒီသား၊ ဒီချွေးမ၊ ဒီကျွန်သာဖြစ်ရပါလို၏ဘုရားလို့ ဆုတောင်း လိုက် တယ်။

## သူဌေးသားဆုတောင်း

သူဌေးသားကလည်း သူ့ဝေစုကိုလှူပြီး ဆုတောင်းပုံက ဖြစ်လေရာဘဝတိုင်းမှာ ဒီလို ဒုဗ္ဘိက္ခန္တရဘေးဆိုး မမြင်မတွေ့ပါရစေနဲ့ ဘုရား။ အသပြာတစ်ထောင်အိပ် ယူပြီး ဇမ္ဗူဒီပါ တစ်ကျွန်းလုံးနေသူများကို အသပြာတွေမည်မျှပင် ထုတ်ယူပေးသော်လည်း အသပြာတစ်ထောင်အိတ်သည် လျော့မသွားဘဲ ပြည့်မြဲပြည့်နေစေဘုရား၊ ဒီမိဘ၊ ဒီမယား၊ ဒီကျွန်ပဲ ဖြစ်လေရာဘဝတိုင်း ဖြစ်ပါစေဘုရား။

## ချွေးမဆုတောင်း

ချွေးမကလည်း သူ့ဝေစုရ ထမင်းကို အရှင်ပစ္စေကဗုဒ္ဓါအား လှူပြီးဆုတောင်းပုံက "ဒီဘဝမှစ၍၊ ဒီလို ဒုဗ္ဘိက္ခန္တရဘေးကြီးမျိုး မတွေ့ရပါစေနှင့်ဘုရား။ စပါးတစ်တောင်း ချထားပြီး ဇမ္ဗူဒီပါ တစ်ကျွန်းလုံးနေသူများကို စားနပ်ရိက္ခာ စပါးမျိုးစေ့များ ပေးဝေသော်လည်း တပည့်တော်မ မထမချင်းမကုန်ပါစေနှင့်ဘုရား။ ဒီယောက္ခမ၊ ဒီယောက်ျား၊ ဒီကျွန်သာဖြစ်လေရာ ဖြစ်ပါစေဘုရား။

**ကျွန်မောင်ပုဏ္ဏဆုတောင်း**

ကျွန်လုပ်သူမောင်ပုဏ္ဏကလည်း သူ့ဝေစုသြမင်းကို အရှင် ပစ္စေကဗုဒ္ဓါအား လှူဒါန်းပြီး ဆုတောင်းလိုက်ပုံက "ဒီဘဝမှစ၍ ဒီလိုဒုဗ္ဘိက္ခန္တရမျိုး မကြုံပါရစေနှင့် ဘုရား၊ ဖြစ်လေရာဘဝတိုင်းမှာ ဒီအရှင်သခင်များသာ ဖြစ်ပါစေ ဘုရား။ တပည့်တော် လယ်ထွန် သောအခါ ဒီဘက်က သုံးကြောင်း၊ ဟိုဘက်က သုံးကြောင်း၊ အလယ်ကတစ်ကြောင်း၊ တစ်ခါထွန်လျှင် သစ်သားလုံးထွင်းလှေ ပမာဏရှိသော ခုနစ်ကြောင်း၊ ခုနစ်ကြောင်းသော ထွန်ကြောင်း တို့သည် ဖြစ်ပါစေဘုရားလို့ ဆုတောင်းလိုက်တယ်။အကောင်း ဆုံးကို ရွေးချယ်ရယူနိုင်ပါလျက် ဘာကြောင့် မယူတတ်ကြသလဲ။

တကယ်တော့ မောင်ပုဏ္ဏဟာ အဲဒီနေ့ကစစ်သူကြီးဆုကို တောင်းလျှင်တောင်ပြည့်စုံနိုင်ပါတယ်။ ဒါပေမဲ့ သခင်တွေ အပေါ် မှာ ချစ်ခင်တွယ်တာမှုကြောင့် ဒီပုဂ္ဂိုလ်တွေလည်း တပည့်တော်ရဲ့ အရှင်သခင်တွေ ဖြစ်ပါစေလို့ဆုတောင်းတယ်လို့ စာထဲမှာဆိုပါ တယ်။ ဒါကြောင့် ကျွန်စိတ်များဟာ အရိုးစွဲနေပြီ ဆိုလျှင်၊ သခင် စိတ်ဝင်ဖို့ခဲယဉ်းတတ်ပါတယ်။ မိမိဘာသာ လွတ်လပ်စွာ ရွေးချယ် ၍ အကောင်းဆုံးဆုကို ရယူနိုင်ခွင့်ရှိပါလျက် ဘာကြောင့် ရွေးချယ် မယူချင်ကြသလဲ၊ ဒါဟာ ဗဟုသုတမရှိခြင်းက တစ်ကြောင်း၊ သခင် ကောင်းတွေနှင့် ဆုံရလို့ မိမိကျွန်ဘဝကို နှစ်သက်နေတာက တစ် ကြောင်း၊ အဆင့်နိမ့်တဲ့ ကိုယ့်ဘဝကို ကျေနပ်တာကတစ်ကြောင်း၊ သခင်တွေအပေါ် ချစ်ခင်တွယ်တာမှု ကလည်း တစ်ကြောင်းကြောင့် ဒီလိုဆုတောင်းမိတာနေမှာပါ။

ဒီဆုတောင်းတွေ အားလုံးကို ခြုံငုံလေ့လာကြည့်ရင် မိမိ ဆိုင်ရာ လက်ရှိတွေ့ကြုံနေရတဲ့အခက်အခဲတွေအပေါ်မှာ စိတ်ကူး ကျက်စားမှု ရှိနေပုံကိုသတိပြုရပါလိမ့်မယ်။ ဒီတော့ကို အကောင်း

ဆုံးကို ရွေးချယ်ရယူနိုင်ခွင့် ရှိလျှင် လက်ရှိ အကြပ် အတည်းတွေ ထဲက စိတ်ကူးကို ရုန်းထွက်စေပြီး၊ အမြင့်ကနေ တက်ကာ အားလုံး ကို ခြုံငုံကြည့်ရှုသုံးသပ်လိုက်ပါ။ အမြော်အမြင်ရှိရှိဆင်ခြင်သုံးသပ် ပါ။ ပြီးတော့မှ လိုအပ်သလို လုပ်ပါ။ ဒီဆုတောင်းတွေထဲမှာ မောင် ပုဏ္ဏာရဲ့ဆုတောင်းကို သတိထားဖို့ အလွန်အရေးကြီးပါတယ်။

ဘာကြောင့်လဲဆိုရင် ဘုန်းကြီးကိုယ်တိုင် ဒီလိုပုဂ္ဂိုလ်မျိုး ပေါင်းများစွာတွေ့ကြုံခဲ့ဖူးလို့ပါပဲ။ လောကကြီးမှာ အဆင့်မြင့်မားတဲ့ စိတ်ဓာတ်ရှိသူတွေဟာ သတ္တဝါတွေနဲ့စာရင် အလွန်ကြီးမများ လှပါ ဘူး၊ သခင်စိတ်ထက်ကျွန်စိတ်ပေါ်သူတွေကများ နေတတ်ပါတယ်။ ဒါကို ခေါင်းဆောင်လုပ်တဲ့ပုဂ္ဂိုလ်များက သတိပြုမိကြပြီး မိမိ ဆိုင် ရာ ဆိုင်ရာပုဂ္ဂိုလ်များကို ကျွန်စိတ်မဝင်ရအောင် သတိပေးဖို့လိုပါ တယ်။ ကျွန်စိတ်နဲ့ အလုပ်ကို လေးလေးစားစား လုပ်ဆောင်ခြင်းကို လည်း မရောထွေးပါစေနဲ့။ ဆိုလိုတာက အကြောင်းအမျိုးမျိုးကြောင့် ကျေးကျွန်အစေခံဖြစ်နေရရင်တောင် သစ္စာရှိဖို့လိုပါတယ်။ ပေးအပ် တဲ့တာဝန်ကို ရိုရိုသေသေ လေးလေးစားစား ကျေပွန်စွာ ထမ်းဆောင် ဖို့ သာလိုပါတယ်။ အမြဲတမ်း ကျေးစိတ် ကျွန်စိတ်တွေ အောက်ကျ သေးသိမ်ပြီးအားငယ်နေဖို့ မလိုပါဘူး။

## တန်းတူရည်တူလွတ်လပ်စွာရွေးချယ်ရယူပိုင်ခွင့်

ကျွန်မဗိုက်ထဲက မွေးလာလို့ ကျွန်ချည်းသာဖြစ်ရမယ်၊ အလုပ်သမား ဗိုက်ထဲကမွေးလာလို့ အလုပ်သမားချည်းဖြစ်ရမယ်။ လယ်သမား ကုန်သည်သမား ဗိုက်ထဲကမွေးလာလို့ လယ်သမား ကုန်သည်သမား ချည်းဖြစ်ရမယ်။ အဲဒီလိုမဟုတ်ပါဘူး။ ရှေးကံ အကြောင်းမလှလို့ ကျွန်မဗိုက်ထဲဖြစ်ရသော်လည်း သူ့ခေတ်သူ့အခါ ထုံးစံအတိုင်း တော်လှန်မယ်ဆိုရင်လည်း ဖြစ်ပါတယ်။ တကယ်

တော့ ဒါတွေဟာ အသိ အမှတ်ပြု၊ ပညတ်မှုတွေ သက်သက်ပါ၊ အာဏာပိုင်တွေရဲ့ ဥပဒေ စည်းကမ်းတွေအပေါ်မှာသာ မှီတည်နေတာ ပါ။ ရှင်သန်နေတာပါ။ ဒီဥပဒေတွေကိုပယ်ဖျက်ခြင်း အသိအမှတ်ပြုမှု တွေကို ရုပ်သိမ်းခြင်း၊ ဒီပညတ်မှုတွေကို ဖယ်ရှားခြင်းကို အာဏာပိုင်တွေပြုလုပ်လာအောင် ဆောင်ရွက်နိုင်လျှင် ကျွန်ဆိုတဲ့ အဖြစ်က လွတ်မြောက်နိုင်ပါ တယ်။ သံသရာမှာတော့ ဘယ်ဥပဒေ၊ ဘယ်လူ့ထုံးစံ၊ ဘယ် အသိအမှတ်ပြုမှုတွေကမှ ချုပ်ကိုင်ထား နိုင်တာ မဟုတ်ပါဘူး။ ဟန့်တား နိုင်တာ မဟုတ်ပါဘူး၊ ဝေဖန်နိုင်တာ၊ စီမံနိုင်တာ မဟုတ်ပါဘူး။

တကယ်ဝေဖန်နိုင်တာ၊ စီမံနိုင်တာကမိမိရဲ့စိတ်ကူးတွေပါ၊ စိတ်ကူးတွေတိုင်း စိတ်ကူးတွေတိုင်းမှာ အမြဲပါဝင်နေတဲ့ စေတနာတွေပါ၊ ဒီစိတ်ကူး၊ ဒီစေတနာတွေကသာ ကောင်းရင်ကောင်းသလို ဆိုးရင်ဆိုးသလို၊ သူ့သဘာဝသတ္တိအတိုင်း စီမံဝေဖန်ပြီး ဖြစ်ပေါ်စေတာပါ၊ ဒီစိတ်၊ ဒီစိတ်ကူး၊ ဒီစေတနာ တွေကိုလည်း ဒီဘဝ၊ ဒီအဖြစ်ကို ကျေနပ်နှစ်သက် လက်ခံမှု ဆိုဟဲ့ နိကန္တိ အတိုင်းဖြစ်ချင်တယ်။ ဒီအတိုင်း ဖြစ်ရတော့မည်လို့ စွဲလမ်းနေတဲ့ ဥပါဒါန်တွေက ဝင်ရောက် စိုးမိုးချယ်လှယ်ပြီး ဘဝလမ်းကြောင်းကို ပုံကိုင်တတ်ပါ။ စိတ်၊စေတနာတွေရဲ့ အစွမ်းသတ္တိနဲ့တန်ဖိုးကို နားလည်ပါ။

မိမိရဲ့ ကျေနပ်နှစ်သက်သဘောကျ လက်ခံမှုဟာ အောက်ကျ နောက်ကျ အညံ့စား မဖြစ်ဖို့ အရေးကြီးပါတယ်။ စိတ်၊ စိတ်ကူး၊ စေတနာတွေရဲ့ အစွမ်းသတ္တိဟာ အတိုင်းအဆ မရှိပါဘူး ဘာနှင့်မျှ မတူအောင် အလွန်အင်အားကြီးပါတယ်။ အလွန်တန်ဖိုး ရှိပါတယ်။ ဒါ့ကြောင့် ကောင်းတဲ့ကိစ္စတွေမှာစိတ်ကူးကို ထိန်းချုပ် မထားပါနဲ့။ ဟန့်တားမထားပါနဲ့၊ လွတ်လွတ်လပ်လပ်ရှိပါစေ၊ တန်ရာတန်ရာ ဆိုတဲ့ ဝါဒတွေဟာ (တန်ရာတန်ရာနေ၊ တန်ရာတန်ရာစား၊ တန်ရာ

တန်ရာလုပ်ဆိုတဲ့ ဝါဒတွေဟာ) အောက်ကျသိမ်ဖျင်းတဲ့ ဘဝကိုဖြစ်စေ တတ်ပါတယ်။ လက်ရှိအခြေအနေက ရုန်းထွက်နိုင်တဲ့နည်းလမ်းကို မရှာပါဘူး။ အကြောင်းအားလျော်စွာ အခွင့်အရေးကြုံလို့ အခွင့်ကောင်း အခါကောင်း မိမိထံမှောက် ဆိုက်ရောက်လာလျှင်တောင် ခေါင်းငုံ့ပြီး ရှောင်သွားတတ်ပါတယ်။

## လူထက်တို့၏စိတ်ဓာတ်

ထက်မြက်တဲ့ပုဂ္ဂိုလ်တွေ ကျတော့ဘာမဆို အကောင်းဆုံးမှ အကုန်လုံးမှ ဒီလိုစိတ်ဓာတ်မျိုးရှိ ကြတယ်။ ဒီစိတ်ဓာတ်တွေဟာ အကြောင်းအကျိုး ခွဲခြားသိနိုင်တဲ့ ဗဟုသုတအသိပညာကလည်း ထောက်ပံ့မယ်၊ တက်တက်ကြွကြွ ဝီရိယကလည်း ရှိမယ်၊ မေတ္တာ ကရုဏာနဲ့ ပတ်ဝန်းကျင်ကို လွှမ်းမိုး နိုင်မယ်ဆိုရင်လည်း အထွတ်အထိပ် ရောက်သည်အထိ အောင်မြင် စေတတ်ပါတယ်။ ဒါကြောင့် ဘယ်ဘဝရောက်ရောက်၊ ဘယ် ပတ်ဝန်းကျင်ပဲကြုံကြုံ အောက်ကျသေးသိမ်တဲ့ စိတ်ဓာတ် ဘယ်တော့မှ မကိန်းပါစေနဲ့။

## အလှူခံပုဂ္ဂိုလ်များက ပရစေတနာ ထက်သန်အောင် စီမံစောင့်ရှောက်သင့်

အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးကတော့ "ဆုတောင်းကြသည့် အတိုင်းပြည့်စုံစေ" ဆိုပြီး အနုမောဒနာဂါထာများ ရွတ်ဆိုဆုပေးပါတယ်။ အလှူရှင်တွေ ကြည်ညိုသဒ္ဓါစိတ် ဖြစ်သည်ထက် ဖြစ်အောင် တန်ခိုး အဘိညာဏ်နဲ့ အဓိဋ္ဌာန်တော်မူပြီး ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူနေပုံ၊ အရှင်ပစ္စေကဗုဒ္ဓါ ၅၀၀ အား ခွဲဝေလှူဒါန်းနေပုံ၊ အရှင်ပစ္စေကဗုဒ္ဓါ ၅၀၀ တို့ လောက်လောက် ၄၄ ဘုဉ်းပေးတော်မူနေပုံတို့ကို အလှူရှင်များ မြင်အောင်

ပြတော် မူပါတယ်။

## ကုသိုလ်စိတ်အင်အားကို တိုးပွားအောင်လုပ်ပေးပါ

ဘုန်းကြီးတို့ မြန်မာလူမျိုးတွေဟာ ကုသိုလ်တစ်ခုပြုပြီးလျှင် ထပ်ထပ် တိုးပွားအောင် ပြန်လည်ဆင်ခြင်စဉ်းစားတဲ့ အလေ့အထ နည်းပါးကြပါတယ်။ စာဂါနုဿတိဘာဝနာ တစ်ရပ် အနေနဲ့လည်း မမြင်ကြပါဘူး၊ ကောင်းတဲ့အပြော၊ ကောင်းတဲ့အလုပ်၊ ကောင်းတဲ့ စိတ်ကူးတွေ၊ စေတနာတွေ ထပ်ကာထပ်ကာ ဖြစ်အောင် ဆင်ခြင်စဉ်းစားရ၊ သဘော ပေါက်အောင် သုံးသပ်ရ၊ ဝမ်းသာကြည်နူးအောင် ကိုယ့်စိတ်ကိုအား အဆင့်ဆင့်ပေးရပါတယ်။ ဥပမာ စေတနာ တစ်ခုက ပဋိသန္ဓေကျိုး တစ်ခုပေးမယ်ဆိုလျှင် နောက်ဖြစ်တဲ့ စေတနာတွေကလည်း ပဋိသန္ဓေကျိုးတစ်ခုစီပေးမယ်ဆိုရင် စိတ်ကူးတွေ၊ စေတနာတွေ များစွာ ဖြစ်လေ အကျိုးများစွာရလေ ဖြစ်နိုင်ပါတယ်။

## ပန်းတစ်ပွင့်လှူရုံဖြင့် ကမ္ဘာပေါင်းများစွာ အပါယ်မကျ ဖြစ်နိုင်ပုံ

ပန်းတစ်ပွင့်ကို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာကြီးများကို အာရုံပြုလှူလျှင် ၊ မလှူခင်၌လည်း စိတ်ကူးပေါင်း များစွာ ၊ စေတနာပေါင်းများစွာဖြစ်သလို လှူဆဲမှာလည်း စိတ်ကူးပေါင်းများစွာ၊ စေတနာပေါင်းများစွာ ဖြစ်နေပါတယ်၊ နောက်လည်း ၄င်းအလှူကို သတိရ၍ အဖန်ဖန်အထပ်ထပ်ပြန်လည်စဉ်းစား၍စိတ်ကူးပြန်လျှင် စိတ်ကူးပေါင်းများစွာ စေတနာပေါင်းများစွာ ဖြစ်ပြန်ပါတယ်။ ပြန်လှန် စိတ်ကူးဟူသည် ဆုံးနိုင်သည်မရှိပါ၊ သတိရတိုင်း၊ စိတ်ကူးချင်တိုင်း ပြန်လှန်စိတ်ကူးနိုင်ပါတယ်။ စေတနာပေါင်းများစွာ ဖြစ်အောင် လုပ်နိုင်ပါတယ်။ လက်ဖြစ်တစ်တွက်တီးခန့်၌ စိတ် ပေါင်း

ကုဋေတစ်သိန်းဖြစ်နိုင်၏ဟုဆိုရာ စိတ်စေတနာပေါင်းများစွာဖြစ်နိုင်ပါတယ်။ စေတနာ တစ်ခု တစ်ခု က ပဋိသန္ဓေကျိုး တစ်ခု တစ်ခုကို ပေးလျှင် ဘဝပေါင်းများစွာ အကျိုး ပေးနိုင်ပါတယ်။

ကုသိုလ်ကြောင့် ဖြစ်ပေါ်လာသော ဘဝပဋိသန္ဓေတို့သည် ကောင်းသော လူ့ဘဝနတ်ဘဝ ပဋိသန္ဓေတို့သာ ဖြစ်ကြရပါတယ်။ ဘဝပေါင်းများစွာခြား၍ နေသော်လည်း သတိကောင်း၍ ပြန်လည် ဆင်ခြင်လျှင် ကုသိုလ်စိတ် စေတနာတွေ ဖြစ်ပြန်ပါတယ်၊ စုတေခါနီး ကာလဝယ် ဆင်ခြင်နေကျအထုံရ၍ ပေါ်လာပြန်လျှင် ၄င်းကုသိုလ် က လူ့ဘဝ နတ်ဘဝ ကောင်းသောဘဝတို့၌ ဖြစ်စေ ပြန်ပါတယ်။ ဤနည်းဖြင့် ပန်းတစ်ပွင့်လှူသော ကောင်းသော အမှုလေး တစ်ခုသည် ကမ္ဘာပေါင်းများစွာ အပါယ်မကျအောင် ဆွဲတင်နိုင်ပါတယ်။

(စေတနာတစ်ခုက ပဋိသန္ဓေကျိုးတစ်ခုကိုသာပေး၍ ပဝတ္တိကျိုးကိုမူကား အကြိမ်များစွာ မရေမတွက်နိုင်အောင်လည်း အကျိုးပေးတတ်ပါသည်။)

## ကုသိုလ်ပွားအောင်လုပ်ပါ

ကုသိုလ်ပြုနေစဉ်မှာ ကုသိုလ်စေတနာ ဖြစ်သလို နောက်ထပ် တစ်ခါပြန် ဆင်ခြင်လျှင် နောက်ထပ် ကုသိုလ်တစ်မျိုး ထပ်ရကြောင်း နောက်တစ်ခါပြန်ဆင်ခြင်လျှင် နောက်ထပ်ကုသိုလ်တစ်မျိုးထပ်ရကြောင်း သဘောပေါက်၍ ကုသိုလ်နှင့်စပ်သော စိတ် စေတနာတွေ မိမိခန္ဓာအစဉ်၌ ထပ်ကာ ထပ်ကာ ဖြစ်ပေါ်သွားအောင် လှုံ့ဆော်ပေးသင့်ပါတယ်။ ကုသိုလ်နှင့်စပ်သော စိတ် စေတနာကို မိမိခန္ဓာအစဉ်၌ အထပ်ထပ်အခါခါ ဖြစ်ပေါ်သွားအောင်ဆိုလျှင် ကုသိုလ်နှင့်စပ်သော စိတ်ကူးတွေ ပြန်လည် ဆင်ခြင်စဉ်းစားမှုတွေ အထပ်ထပ်

အခါခါ ဖြစ်အောင် လုပ်သင့်ပါတယ်။

(စိတ်၊စေတနာ ဟူသည် တခြားမဟုတ်၊ စိတ်ကူးထဲ၌ ပါသော နာမ်ဓာတ်တစ်မျိုးပင်ဖြစ်၏။ စိတ်ကူးတိုင်း စိတ်ကူးတိုင်း အကျိုးပေးစေနိုင်သော စိတ် စေတနာများ ပါရှိကြသည်သာ ဖြစ်၏။ ထို့ကြောင့် စိတ်စေတနာ ဖြစ်အောင် စိတ်ကူးပေးပါ ဟုဆိုလိုခြင်း ဖြစ်သည်။)

နောက်စိတ်ကူးတွေကို အာရုံကောင်းထဲမှာ သက်ဝင် ယုံကြည် နစ်မြုပ်နေအောင် ရေစိတ်ကူးဖြင့်တွန်းအားပေးပြီး ပြုပြင်စီမံပေးသင့်ပါတယ်။ အလှူခံပုဂ္ဂိုလ်များကလည်း အလှူရှင်များ ပရစေတနာ မချို့တဲ့ရအောင် စောင့်ရှောက်သင့်သလို ပရစေတနာ ထက်သည်ထက်ထက်၊ တိုးပွားသည်ထက် တိုးပွားအောင် စီမံပေးသင့်ကြပါတယ်။ အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်နှင့်သူဌေးကြီးတို့ အတုယူပါ။

## စိုက်ပျိုးလိုက်သောကုသိုလ်အပင်ကြီး ချက်ချင်းသီးပွင့်လာပြီ

မွန်းတည့်တော့ သူဌေးကတော်ကြီးက ထမင်းအိုးကြီးကို ဆေးကြောပြီး ဖုံးပိတ်လိုက်ပါတယ်။ သူဌေးကြီးလည်း ဆာလောင်လွန်းလို့ လဲလျောင်းရာကနေ အိပ်ပျော်သွားပါတယ်။ ညနေပိုင်းနီးလာတော့ "ရှင်မရေ အလွန့်အလွန်ဆာလိုက်တာ၊ ထမင်းအိုးထဲမှာ ကပ်နေတဲ့ ထမင်းချိုးလေးများ ရှိသေးလား" လို့မေးလိုက်ပါတယ်။ သူဌေးကတော်ကြီးဟာ ထမင်းအိုးကို ကိုယ်တိုင်သေချာစွာ ဆေးကြော ပြီးထားတာကို သတိရပေမယ်လို့ "မရှိတော့ဘူး သူဌေးကြီးရယ် လို့" မပြောရက်ဘဲ ထမင်းအိုးကို ဖွင့်ကြည့်ပြီးမှ ပြောပါတော့မယ်လေ လို့ စိတ်ကူးပြီး ထမင်းအိုးနား ထသွားကြည့်လိုက်တော့ အဖုံးကြွတက်နေတာကို ထူးဆန်းစွာ တွေ့ရပါတယ်။ အဖုံးကိုဖွင့်ကြည့်လိုက်တော့ မြတ်လေးငုံ ကလေးများစီထည့်ထားသလို စားချင်

စဖွယ် အဆင်း၊ အနံ့၊ အရသာနဲ့ ပြည့်စုံတဲ့ ထမင်းတွေ တစ်အိုးလုံး ပြည့်မောက်နေတာကို တွေ့လိုက်ရပါတယ်။ ဒီတွင်မှ သူဌေးကတော်ကြီးကလည်း ပီတိတွေ တစ်ကိုယ်လုံး စိမ့်သွားပြီး "အရှင် သူဌေးကြီးရေ၊ ထတော့၊ ကျုပ် ကိုယ်တိုင် သေချာဆေးကြောပြီး ပိတ်ထားတဲ့ ထမင်းအိုးထဲမှာ မြတ်လေးငုံတွေ စီထားသလို ထမင်းတွေနဲ့ပြည့်နေပြီ၊ သြော် ကုသိုလ်များ ပြုသင့်ပြုထိုက်လိုက်တာနော်၊ ဒါနဆိုတာ အလွန်ပြုသင့်တာပဲ သူဌေးကြီးရေ၊ ထတော့၊ ထတော့၊ ထမင်း သုံးဆောင်ပါတော့" လို့ပြောပြီး သားအဖနှစ်ယောက်ကို အရင်ကျွေးပါတယ်။ သူတို့စားပြီးတော့ သူနဲ့သူ့ချွေးမနဲ့ အတူစား၊ မောင်ပုဏ္ဏကိုလည်း ကျွေး၊ ဒါပေမဲ့ ရှုးရာတောင်မထင်ဘူးတဲ့။ ဒီထမင်းတွေဟာ ပကတိလယ်မြေထဲစိုက်ပျိုးလို့ရရှိတဲ့ ထမင်း မဟုတ်ပါဘူး အရှင် ပစ္စေကဗုဒ္ဓါဆိုတဲ့ မြေကြီးထဲမှာ ဒါနပြုခြင်းဆိုတဲ့ကုသိုလ်မျိုးစေ့တွေ စိုက်ပျိုးလိုက်လို့ ဖြစ်ပေါ်လာတဲ့ ထမင်းတွေပါ။ ကံကြောင့်ဖြစ်တဲ့ ထမင်းတွေ ဆိုပါတော့။

## တစ်ကမ္ဘာလုံးဒုဗ္ဘိက္ခန္တရဘေးကြီးကို ဇာရာဏသီသူဌေးကြီးက တွန်းလှန်လိုက်ပြီ။

ဗာရာဏသီသူဌေးရဲ့ ကျီတိုက် ၂၅၀ လည်း အလိုအလျောက် မိုးပေါ်ကကျလာတဲ့ အကောင်းဆုံးသလေးစပါးတွေနဲ့ ပြည့်နေပါတော့တယ်။ ဝမ်းသာလိုက်ကြသည်ဖြစ်ခြင်း။

ဗာရာဏသီသူဌေးအိမ်မှာထမင်းဖြစ်ပြီ၊ စပါးတွေရလာပြီ၊ စားနပ်ရိက္ခာမျိုးစေ့အလိုရှိသူတွေ လာရောက် ယူလှည့်ကြပါ" လို့ တစ်ပြည်လုံး ကြွေးကြော်ကြေညာလိုက်ပါတယ်။ လူတွေဟာ ဒီ သူဌေးကြီးအိမ်က စားနပ်ရိက္ခာ,မျိုးစေ့စပါးတွေကိုယူကြရပါတယ်။ ဇမ္ဗူဒီပါတစ်ကျွန်းလုံး ဒီသူဌေးကို အမှီပြုပြီး အသက်ရှင်ကြရတာ

ပါ၊ အဲဒီခေတ်က လူပေါင်းများစွာ သတ္တဝါပေါင်းများစွာ ငတ်မွတ်ပြီး အသက်သေဆုံးစေတဲ့ ကြောက်မက်ဖွယ် ဒုဗ္ဘိက္ခန္တရ ဘေးဆိုးကြီးကို ဒီဗာရာဏသီ သူဌေးက တွန်းလှန်ခဲ့တာပါ၊ လူရဲ့စွမ်းအားမြင့်လာပြီ ဆိုတော့ သဘာဝကပ်ဘေးတွေ အလို အလျောက် ငုပ်လျှိုး ပျောက်ကွယ် သွားကြရပါတယ်။ အရာရာမှာ "လူသာပဓာန" ဆိုတာ သဘောပေါက်ကြပါ။ လူမှာလည်းပဲ ပြောဆို ကြံစည်မှုတွေ၊ အပြုအမူ ဖြစ်ပေါ်စေတဲ့ စိတ်ကူးကောင်းတွေဖြစ်ပေါ်ဖို့ ပဓာနဆိုတာ သဘောပေါက်ကြပါ။ ဒီသူဌေးရဲ့ကျိုကိုက်ထဲသို့ ရောက်ရှိလာကြတဲ့ စပါးတွေဟာ ပကတိမြေကြီးထဲမှာ ထွန်ယက်စိုက်ပျိုးလို့ရရှိလာတာ မဟုတ်ပါဘူး၊ အရှင်ပစ္စေကဗုဒ္ဓါဆိုတဲ့ မြေကြီးထဲမှာ ဒါနဆိုတဲ့ ကုသိုလ်မျိုးစေ့ စိုက်ပျိုးလိုက်လို့ရရှိ လာတာပါ။

ယခုဆိုမာလီနိုင်ငံတို့မှာ မိုးခေါင်ရေရှား ဖြစ်ပြီး အငတ်ဘေး ဆိုက်နေကြောင်း သတင်းစာတွေဖတ်လို့ သိရပါတယ်။ ကိုင်းရပ်ပြီးတော့ စဉ်းစားပါ၊ ဆိုမာလီနိုင်ငံသားတွေ ဘာလုပ်သင့်ကြသလဲ၊ ပတ်ဝန်းကျင်နိုင်ငံတွေကို အကူအညီပေးဖို့ရန် တစာစာ အော်ပြီး ဖြန့်တောင်းနေရုံနဲ့ ဒီဘေးဆိုးကြီး ဖယ်ရှားနိုင်ပါ့မလား၊ ဒီအငတ်ဘေးကြီးကို တွန်းလှန်နိုင်ပါ့မလား။ ပတ်ဝန်းကျင်နိုင်ငံတွေကလည်း ဘယ်လောက်များ ကူညီနိုင်မှာမို့လဲ၊ အကူအညီ ပေးနေကြတာတွေရော ထိရောက်မှု ဘယ်လောက်ရှိပါတုံး၊ သုံးသပ် ကြည့်ကြပါ။

## ကမ္ဘာ့ဒုဗ္ဘိက္ခန္တရဘေးတွေကို တွန်းလှန်ကြစို့

ယခုခေတ်၊ ယခုအချိန်တွေဟာ ကမ္ဘာကြီးရဲ့ အကောင်းဆုံးအချိန်တွေပါ။ သဗ္ဗညုတဉာဏ်တော်ကို ပိုင်ဆိုင်ရရှိထားတဲ့ မြတ်စွာ ဘုရားဟောကြားထားခဲ့တဲ့ နည်းပညာပေါင်းစုံ ထွန်းလင်း

တောက်ပနေတုန်း အချိန်ပါ၊ ထက်မြက်တဲ့သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ ဆိုတဲ့ ဣန္ဒြေရင့်ကျက်တဲ့ပုဂ္ဂိုလ်တွေ၊ ကောင်းတဲ့အလုပ်တွေမှာ နောက် မဆုတ်တမ်း ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား ပြုလုပ်ရဲတဲ့ အာဇာနည်သူတော်ကောင်းတွေဟာ ကမ္ဘာကြီးက မွေးထုတ်ပေးနိုင်ဖို့ လိုဘာပါ။ အကယ်၍သာ ဒီလိုပုဂ္ဂိုလ်မျိုးကို မွေးထုတ်ပေးနိုင်မယ်ဆိုရင် ဗုဒ္ဓဘာသာ တရားတော်တွေက အဲဒီအာဇာနည် ဘာလုပ်ရမယ်ဆိုတာ ညွှန်ပြပြီး ကမ္ဘာ့ကပ်ဘေးတွေကို ဆွဲထုတ်ပစ်လိုက်ရုံပါပဲ။ ယခုတော့ ဟိုနားသည်နား ယူးထူးခြားခြားပါရမီ ရှိသူတွေရှိကြပါရဲ့။ သို့သော် စိတ်ဓာတ် တစ်ကမ္ဘာလုံးအတိုင်းအတာအထိ စွန့်စွန့်စားစား ဆောင်ရွက်လိုတဲ့ စိတ်ဓာတ်မမွေးကြတဲ့အတွက်ကြောင့် ကမ္ဘာကြီးအနေနဲ့ သူ့အတွက်လိုအပ်နေတဲ့ ကမ္ဘာ့အာဇာနည်ကို မျှော်နေရဦးမှာပါဘဲ။

## ဒီလိုလုပ်ပါ

ကမ္ဘာကြီး လိုက်မစွမ်းနိုင်ရင် ကိုယ့်နိုင်ငံ အလိုက်၊ ကိုယ့်မြို့ အလိုက်၊ ကိုယ့်ရွာ ကိုယ့်မိသားစုအလိုက် အငတ်ဘေး မဆိုက်အောင် လုပ်ကြပါ။ အချိန်ရတိုင်း အကောင်းဆုံး မြေကြီးထဲမှာ သစ်ပင် စိုက်ပါ။ အကောင်းဆုံးမြေကြီးဆိုတာ ပထမ သဗ္ဗညုမြတ်စွာဘုရား၊ ဒုတိယ အရှင်ပစ္စေကဗုဒ္ဓါ၊ တတိယ အဂ္ဂ သာဝက အရှင်မြတ်ကြီးနှစ်ပါး စသည်ဖြင့် အဆင့်အတန်း အမျိုးမျိုး ရှိကြပါတယ်။ အဲဒီအထဲမှာတောင် ဘုရားအမှူးရှိတဲ့ သံဃာတော်များကျတော့ အတုမရှိတဲ့ အကောင်းဆုံး လယ်ယာ မြေကြီး ဖြစ်နေပြန်ပါတယ်။ ပကတိမြေကြီးမှာ စိုက်ပျိုးရင် တစ်ဘဝတစ်သက်စာတောင် ပြည့်စုံ လုံလောက်အောင် မရနိုင်ပါဘူး။ ဘဝပေါင်းများစွာ တစ်သံသရာလုံး ဆိုတာကတော့ ပေးပါသေးရဲ့။ ဒါ့ကြောင့် ပကတိ မြေကြီးတွေဟာ

တကယ် အားကိုး အားထားပြုလောက်တဲ့ အခြေ အနေ မရှိပါဘူး။

ယခုပြောပြခဲ့တဲ့ ဘုရားအစရှိတဲ့ လယ်ယာမြေကောင်းကြီးတွေထဲ စိုက်ပျိုးနိုင်ကြမယ်ဆိုရင် တစ်ဘဝလည်းမက၊ ဆယ်ဘဝလည်းမက, ဘဝရာ ထောင် သိန်း သန်း ကုဋေမက အသင်္ချေ အနန္တ မရေမတွက်နိုင်အောင် အကျိုးကျေးဇူး အသီးအပွင့်တွေကို ခံစားရပါတယ်။ ကုသိုလ်အင်အားကြီးမားရင် ကြီးမားသလောက် ဒုက္ခအားလုံးကင်းဝေးတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်အထိ အကျိုးကျေးဇူး ခံစားရပါတယ်။ ဒါ့ကြောင့် အချိန်ရတိုင်း အကောင်းဆုံးမြေကြီးထဲမှာ သစ်ပင်စိုက်ကြပါ

သဗ္ဗညုဘုရား။ ။လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ကို ဖြည့်ကျင့်တော်မူပြီး၍ မဟာဗောဓိပင်အောက်ဝယ် အရဟတ္တမဂ်ဉာဏ်တော်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူနိုင်သည်နှင့် တစ်ပြိုင်နက်၊ ကိလေသာတွေအားလုံး မကောင်းသော စိတ်ဓာတ်တွေ အားလုံးကို ဝါသနာနှင့်တကွနောင်တစ်ဖန်မဖြစ်အောင် ဖယ်ရှားသုတ်သင်နိုင်ပြီး၊ သဗ္ဗညုတဉာဏ်တော်ကိုပါရရှိ၍၊ သိစရာ မှန်သမျှအကုန်လုံး အမှန်အတိုင်း ကိုယ်တော်တိုင် အလိုလို သိတော်မူနိုင်သော မြတ်စွာဘုရား။

အရှင်ပစ္စေကဗုဒ္ဓါ။ ။နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့ပြီး ဖြစ်၍ နောက်ဆုံးဘဝဝယ် ဘယ်သူကမှတရားမဟောရပါပဲ မိမိဘာသာ သံဝေဂဉာဏ်ရကာ ဝိပဿနာရှုပွားပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ကိလေသာအားလုံး၊ မကောင်းသောစိတ်ဓာတ် အားလုံး ဖယ်ရှားသုတ်သင်နိုင်သော ဘုရားငယ်များ။

အဂ္ဂသာဝက။ ။တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးနောက် မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သာဝက ပါရမီဉာဏ်ရင့်ကာ ဝိပဿနာပွားပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ကိလေ

သာတွေအားလုံး မကောင်းသောစိတ်ခတ်တွေ အားလုံးကို နောင် တစ်ဖန် မဖြစ်အောင် ဖယ်ရှားသုတ်သင်နိုင်သော သာဝက အားလုံး တို့တွင် အမြတ်ဆုံး သာဝကကြီးများ။

လက်ယာတော်ရံအဂ္ဂသာဝက။ ။မြတ်စွာဘုရားနှင့် ရှင် ပစ္စေကဗုဒ္ဓါတို့အောက်ဉာဏ်ပညာအားဖြင့်အမြင့်မြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည်။

လက်ဝဲတော်ရံအဂ္ဂသာဝက။ ။မြတ်စွာဘုရားနှင့် ရှင် ပစ္စေကဗုဒ္ဓါတို့အောက်တန်ခိုးတော်အားဖြင့်အမြင့်မြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည်။

## မျိုးစေ့ဆိုတာဘာလဲ

မျိုးစေ့ဆိုတာ စပါး၊ ပဲ၊ ပြောင်း စတဲ့ မျိုးစေ့တွေကို ဆိုလို တာ မဟုတ်ပါဘူး၊ စပါး၊ ပဲ၊ ပြောင်း စတဲ့ မျိုးစေ့ဟာ ဘယ်လောက် မှ စွမ်းဆောင်နိုင်တာ မဟုတ်ပါဘူး၊ ဒီ မျိုးစေ့တွေသာမဟုတ်ပါဘူး၊ သူနဲ့ အလားတူဖြစ်တဲ့ ရုပ်တရားများဟာလည်း ဘဝပေါင်းများစွာ ချီပြီးတော့ မစွမ်းဆောင်နိုင်ပါဘူး၊ တစ်ဘဝ တစ်ခဏတာ စွမ်း ဆောင်နိုင်မှု စွမ်းရည်သတ္တိ ရှိကြတာပါ။ အဏုမြူဗုံးတွေ၊ အဏုမြူ အင်အားတွေ ဘယ်လောက် ကြီးမားတယ် ဆိုတာ၊ ဘယ်လောက် ထက်တယ်ဆိုတာ၊ ဘယ်လောက် လျင်မြန်စွာ ဆောင်ရွက်နိုင်တယ် ဆိုတာ ငြင်းစရာ မလိုပါဘူး၊ အားလုံးအသိပါ၊ ဒါပေမဲ့ နောက်ဘဝ၊ နောက်ခေတ်၊ နောက်ကမ္ဘာသိ စွမ်းဆောင်နိုင်တယ်လို့တော့ မရှိပါ ဘူး။ ဒါ့ကြောင့် ရုပ်တရားများကို အသီးပွင့်နိုင်ဆုံး၊ အကျိုးပေးနိုင် ဆုံး မျိုးစေ့အဖြစ် အားထားလို့မရပါဘူး၊ ဒါဖြင့် ဘဝသံသရာ အဆက်ဆက် ပွင့်ဝေဆာအကျိုး ကျေးဇူးပေးတတ်တဲ့ မျိုးစေ့ဆိုတာ ဘာလဲ၊ တို့ မြန်မာလို နားလည်အောင် လွယ်လွယ် ကလေး ပြောရ

ရင်တော့ စိတ်ကူးတွေပါပဲ။

စိတ်ကူးဆိုလို့ စိတ်ကူးယဉ်နေတဲ့ စိတ်ကူးမျိုးကိုသာ ဆိုလိုတာ မဟုတ်ပါဘူး၊ နိုးကြားနေစဉ်မှာ ဖြစ်ပေါ်နေတဲ့ ပြောဆိုမှုဆို တဲ့ နှုတ်အမူအရာ၊ ပြုမူမှုဆိုတဲ့ ကိုယ်အမူအရာ၊ ကြံစည်စဉ်းစားတွေးတောမှုဆိုတဲ့စိတ်အမူအရာတွေကို ဖြစ်ပေါ်စေနိုင်တဲ့ ဖြစ်ပေါ်စေတတ်တဲ့ စိတ်ကူးတွေ ဆိုလိုပါတယ်။ နိုးကြားနေချိန် အသိစိတ်နှင့် ပြောဆိုတိုင်း၊ ပြုလုပ်တိုင်း၊ စဉ်းစားတိုင်းမှာ ဒီစိတ်ကူးတွေပါနေတယ်ဆိုတာ သတိပြုပါ၊ ဒီစိတ်ကူးတွေက ပြောဆိုမှု၊ ပြုလုပ်မှု။ စဉ်းစားမှုတွေကို ဖြစ်ပေါ်စေနိုင်တာ သတိပြု။ ဒါကြောင့် လွယ်လွယ်လေး ပြောလျှင် အဲဒီစိတ်ကူးတွေဟာ နိုးကြားနေစဉ်မှာ ဖြစ်ပေါ်နေတဲ့ စိတ်ကူးတိုင်းဟာ မျိုးစေ့တွေပါပဲ။

ကောင်းတာစိတ်ကူးတယ်၊ ကောင်းတဲ့စိတ်ကူးကြောင့် ကောင်းတာပြောတယ်၊ ကောင်းတဲ့စိတ်ကူးကြောင့် ကောင်းတာလုပ်တယ်၊ ကောင်းတဲ့စိတ်ကူးကြောင့် ကောင်းတာတွေ စဉ်းစားတယ်။ ကောင်းတဲ့ကုသိုလ်ကံဖြစ်တယ်၊ ကောင်းတဲ့မျိုးစေ့ ဖြစ်တယ်၊ မကောင်းတာစိတ်ကူးတယ်၊ မကောင်းတဲ့စိတ်ကူးကြောင့် မကောင်းတာပြောဆိုတိုင်ပင်တယ်၊ မကောင်းတဲ့စိတ်ကူးကြောင့် မကောင်းတာလုပ်တယ်၊ မကောင်းတဲ့စိတ်ကူးကြောင့် မကောင်းတာကြံစည်စဉ်းစား တယ်၊ မကောင်းတဲ့ကုသိုလ်ဖြစ်တယ်၊ မကောင်းတဲ့မျိုးစေ့ဖြစ်တယ်၊ ဒါကြောင့် စိတ်ကူးသည်မျိုးစေ့ကို တို့မြန်မာလို နားလည်အောင် လွယ်လွယ်လေး မှတ်ထားခဲ့ပါဦး၊ ထပ်ဆင့်ပြီးတော့ ရှင်းပေးပါဦးမည်။

## အကောင်းဆုံး မြေကြီးထဲ၌ သစ်ပင်စိုက်ပုံ

နံပါတ် ၁ =ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသံဃာတော် အရှင်သူမြတ်တွေကို အာရုံပြုကာ စိတ်မျက်စိဖြင့် မြင်အောင် ကြည့်ပါ။

ရုပ်ပုံတော်၊ ဆင်းတုတော်များ ကို ပကတိမျက်စိဖြင့်ကြည့်ရှု၍ ယံခု သက်တော်ထင်ရှား မရှိကြသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်ကြီးများ၊ လွန်ခဲ့သော နှစ်ပေါင်း ၂၅၃၀ ကျော်လောကက အမှန်တကယ် သက်တော် ထင်ရှား ပွင့်တော်မူသွားသော မြတ်စွာဘုရား၊ ဘုရားမပွင့်သော ခေတ်ကာလများ၌ အမှန်တကယ် ပွင့်တော်မူခဲ့ကြသော အရှင်ပစ္စေကဗုဒ္ဓါများ၊ လောကကြီး၌ ကိလေသာအားလုံးတို့ကို အမှန်တကယ် နောင် တစ်ဖန်မဖြစ်အောင် ဖယ်ရှားနိုင်သော ရဟန္တာအရှင်မြတ်ကြီးများ၊ ရဟန္တာဖြစ်အောင်ကြိုးစားအားထုတ်နေကြသော သံဃာတော် အရှင်မြတ်များကို ဤရုပ်ပုံတော်၊ ဤ ဆင်းတုတော်အတိုင်း ထိုင်တော်မူ၍၊ ရပ်တော်မူ၍၊ ကြွတော်မူ၍၊ လျောင်းတော်မူ၍ တရားဟော ဆုံးမတော်မူကြပြီး သူတော်ကောင်းတရားများ ကိုထုတ်ဖော်ဟောပြ ဆုံးမတော်မူကြပြီး၊ သတ္တလောက အကျိုးစီးပွားကို ဆောင်တော်မူကြ လိမ့် မည်ဟု ပကတိ အသွင်သဏ္ဍာန်ကို စိတ်၌ဖန်ဆင်း၍ စိတ်မျက်စိဖြင့် မြင်အောင်ကြည့်ပါ။

နံပါတ် ၂။ ။စိတ်၌ ပကတိအသွင်သဏ္ဍာန်ဖန်ဆင်းထားသော တကယ်ပွင့်တော်မူခဲ့ကြသော ဘုရားရှင်များသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်တော်မူကြပြီး၍မဟာဗောဓိပင်အောက်ဝယ် သစ္စာလေးပါးကို သိမြင်သော၊ ကိလေသာ အားလုံးကို ဝါသနာနှင့်တကွ နောင်တစ်ဖန် ဘယ်တော့မှ မဖြစ်အောင် ဖယ်ရှားနိုင်သော၊ အရဟတ္တမဂ်ဉာဏ်တော် အသိဉာဏ်ရောင်အလင်းဖြစ်ပေါ်နေပုံ၊ ၎င်းဉာဏ်တော်နှင့်တစ်ပြိုင်နက် အကုန်လုံးသိနိုင်သော သဗ္ဗညုတဉာဏ်တော်ကြီး ကိန်းအောင်းလာပုံ၊ ဘုရား ဂုဏ်တော် အားလုံးနှင့် ပြည့်စုံတော်မူပုံ၊ ဘုရားဂုဏ်တော်၊ ဘုရား၏ အရည်အချင်းတော်များကို ဗဟုသုတရှိသလောက် သဘောပေါက်အောင် လုပ်ပါ။ ကြည်ညိုလာအောင် ဆင်ခြင်ပါ။ အရှင်ပစ္စေကဗုဒ္ဓါတို့၏ ပုံသဏ္ဍာန်ဝယ် နှစ်

သချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော်မူခဲ့ကြသောကြောင့် သံဝေဂဉာဏ်ရင့်သန်ကာ ကိလေသာ အားလုံးတို့ ကို နောင်တစ်ဖန် မဖြစ်အောင် ဖယ်ရှားနိုင်သော အရဟတ္တမဂ်ဉာဏ်တော်ကြီး ဖြစ်တော်မူပုံ၊ ပစ္စေကဗောဓိဉာဏ်ကြီး ကိန်းဝပ်တော်မူပုံ၊ ရဟန္တာသာဝကကြီးများ၏ ပုံသဏ္ဌာန်ဝယ် အသီးသီး ဒါနစသော ပါရမီတော်ဖြည့်တော်မူသောကြောင့် ကိလေသာ အားလုံးတို့ကို နောင်တစ်ဖန် မဖြစ်အောင် ဖယ်ရှားနိုင်သော အရဟတ္တမဂ်ဉာဏ်တော်ကြီး ဖြစ်ပေါ်နေပုံ၊ အသီးသီး သာဝကဗောဓိဉာဏ်များ ဖြစ်ပေါ်နေပုံ၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များ၏ စိတ်အစဉ်တော်သည် ကိလေသာသန့်ရှင်း၍ပြောဆို၊ ပြုလုပ်၊ ကြံစီမှု၌ အပြစ်ကင်းစင်ပုံတို့ကို သဘောပေါက် ကြည်ညိုအောင် ဆင်ခြင်လိုက်ပါ။ မျက်ဝါးထင်ထင် မြင်ရသော သံဃာတော် အရှင်မြတ်တို့၌လည်း ၎င်းတို့၏ ကောင်းမြတ်သောသီလ၊ သမာဓိ၊ ပညာတို့ကို ကိုယ်သိသလောက် သဘောပေါက်အောင် ကြည်ညိုနိုင်အောင် ဆင်ခြင်ပါ။။

နံပါတ် ၃ ။ ။ မိမိပိုင်ဆိုင်ထားသော ပစ္စည်း၊ ဝတ္ထုတစ်ခုခုကို ၎င်းအရှင်သူမြတ်ကြီးများ အသုံးပြုနိုင်ရန်အတွက် ပေးလှူလိုက်ပါ။ ပေးလှူနေချိန် "ဤပစ္စည်းများကို သုံးစွဲရ၍ ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်များကို ပေးလှူခြင်း ဖြစ်ပါစေ။ ဤပစ္စည်းများကို သုံးစွဲ၍ သမာပတ်ဝင်စားခြင်း၊ တရားဟောတော်မူခြင်း စသည်ဖြင့် သတ္တဝါတို့၏ အကျိုးစီးပွား ကိုယ်တော်မြတ်၏ အကျိုးစီးပွားကို ဆောင်တော်မူနိုင်ပါစေလို့ "ဤကဲ့သို့ ကောင်းသော စိတ်ကူးများ ဖြစ်ပေါ်၍ နေပါစေ။

ပုထုဇဉ် သံဃာတော်များဖြစ်ပါက "ဤပစ္စည်းဝတ္ထုများကို သုံးစွဲ၍ ပရိယတ်၊ ပဋိပတ် သာသနာတော်မြတ်ကြီးကို ထမ်းဆောင်ကြပြီး ရဟန္တာဖြစ်သည့်တိုင်အောင် ကြိုးစားအားထုတ်နိုင်ပါစေ၊ မိမိ

၏အကျိုးစီးပွား၊ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်တော်မူနိုင်ပါစေလို့ ဤကဲ့သို့စိတ်ကူးများ ဖြစ်ပေါ်၍ နေပါစေ၊ ဖြစ်ပေါ်အောင်လည်း တမင်ကို စိတ်ကူးပေးပါ။

နံပါတ် ၄။ လှူဒါန်းမှု အထမြောက်သွားသောအခါ အကောင်းဆုံးမြေကြီးထဲ၌ သစ်ပင်စိုက်ပျိုးမိပြီ၊ အောင်မြင်သွားပြီ မြေကြီးလက်ခတ်မလွဲ အကျိုးကျေးဇူးခံစားရမှာပဲလို့သဘောပေါက်ပြီး ဝမ်းမြောက်ပါ။ အရှင်မြတ်ကြီးများ ဤပစ္စည်းဝတ္ထုများကို သုံးစွဲ၍ ချမ်းချမ်းသာသာ မိမိ၏အကျိုးစီးပွား၊ သတ္တဝါတို့၏အကျိုးစီးပွား ကို ထမ်းဆောင်နိုင်မည့်အရေးကို သဘောပေါက်အောင် တွေးတောစဉ်းစားပါ။

နံပါတ် ၅ ။ ။အားလုံးကို ပြန်လည်ဆင်ခြင်စဉ်းစားပါ၊ ရုပ်ပုံတော် ဆင်းတုတော် သံဃာတော်တို့ကို ပကတိမျက်စိဖြင့် သိသော စိတ်ဖြစ်ပုံ၊ ထိုစိတ်များ ခု မရှိတော့ပြီ၊ ထိုအသိစိတ်များ ယခုမရှိတော့သဖြင့် မမြဲပုံ၊ ဖြစ်ပေါ်ပြီး ပျက်သွားသဖြင့် အဖြစ်အပျက်ဒုက္ခအမြဲနှိပ်စက်၍ ခံနေရ၍ မကောင်းပုံ ဖြစ်ပေါ်လာသော ၄င်းအသိကို မပျက်ဘဲတည်နေအောင် တစ်စုံတစ်ယောက်မှ ဖန်ဆင်း၍ မရပုံ၊ အကြောင်းတရားတို့လည်း ပြုပြင်၍ မရပုံ၊ မပျက်စေလိုသော မိမိအလိုသို့မလိုက်ပုံ။ ဖြစ်ပြီး ပျက်သွားခြင်းသည် သူ၏ရုပ်နာမ် သဘာဝအတိုင်းသာ ဖြစ်ပုံတို့ကို သဘောပေါက်အောင်ဆင်ခြင် သုံးသပ်ပါ။

ရုပ်ပုံတော်မှတစ်ဆင့် သက်တော်ထင်ရှား ဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များကို စိတ်ကူးဖြင့် မှန်းဆ၍ သိပုံနှင့် သိပုံအခြင်းအရာများ၊ ဂုဏ်တော်ကို ဆင်ခြင်စဉ်းစားသော စိတ်ကူးများ ယခုမရှိတော့ပုံ စသည်ဖြင့် ရှေးနည်းအတိုင်း ဆင်ခြင်ပါ။ ပ ။ မိမိပိုင်ပစ္စည်းဝတ္ထုကို လှူဒါန်းလိုသော စိတ်ကူးပေါ်ပုံ။ ယခုမရှိတော့ပုံ၊

ထိုစိတ်ကူးကြောင့် နှုတ်ဖြင့်ပြောဆိုတိုင်ပင်မှု၊ နှုတ်အမှုအရာများ ဖြစ်ပေါ်လာပုံ၊ ယခု မရှိတော့ပုံ၊ ပ၊ ပေးလှူလိုသောစိတ်ကူးများဖြစ် ပေါ်လာပုံ၊ ယခုမရှိတော့ပုံ။ ပ ။ပေးလှူလိုသောစိတ်ကူးကြောင့် လက်လှုပ် ခြေလှုပ် စသည်ဖြစ်ပေါ်လာပုံ၊ ယခု မရှိတော့ပုံ။ ပ ။ ဤကဲ့သို့ဆင်ခြင်သုံးသပ်ပါ။ (ယခုပြောဆိုခဲ့သည်မှာ အများနှင့် သင့်လျော်ရုံထုတ်ဖော်ပြခြင်းသာ ဖြစ်သည်။ စိတ်ကူးဆန်းကြယ် သည့်အားလျော်စွာ အကျိုးပေးစွမ်းလည်း ဖြစ်တတ်ရကား အကျိုး ပေးရာမှာလည်း ဆန်းကြယ်လှပါသည်။ တစ်ဦးနှင့်တစ်ဦး စိတ်ထား ပုံခြင်း ဆန်းကြယ်သောကြောင့် အများဆိုင် သင့်လျော်ရုံမျှသာ ထုတ်ပြခြင်းဖြစ်ပါသည်။

ဒါနှင့်ပတ်သက်ပြီး ကုသိုလ်အမျိုးအစား သုံးမျိုးခွဲခြားထား တာလေးတွေကိုလည်း နားလည်သင့်ပါတယ်။ နံပါတ် ၁ ကံသာ လျှင် ကိုယ်ပိုင်ဥစ္စာဖြစ်ပုံ၊ ကံ၊ ကံ၏ အကျိုးပေးပုံကို သဘောပေါက် နားလည်သောဉာဏ်၊ အလှူခံပုဂ္ဂိုလ်၊ လှူဒါန်းသောပစ္စည်းဝတ္ထု၊ အလှူပေးသော မိမိတို့၏ ရုပ်နာမ် သဘာဝတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံကိုသိသော ဉာဏ်တစ်မျိုးမျိုးပါဝင်စေပြီး ကုသိုလ် မပြု မီ ရှေးပိုင်းကာလမှာရော၊ ကုသိုလ်စိတ်ပြုပြီး နောက်ပိုင်းကာလမှာ ရော ကုသိုလ်စိတ်ချည်းဖြစ်နေလျှင် ဉာဏ်ပါသော ကောင်းမြတ် သော ကုသိုလ် ဖြစ်ပါသည်။ ၄င်းအသိဉာဏ်မျိုးမပါ၊ ကြည်ညိုသဒ္ဓါ ထက်စွာဖြင့် ကုသိုလ်၏ရှေ့ပိုင်းကာလမှာရော၊ နောက်ပိုင်းကာလမှာ ရော ကုသိုလ်စိတ်အစဉ်များဖြစ်နေလျှင် ဉာဏ်မပါသော အကောင်း, အဆိုး ကုသိုလ်ဖြစ်နေပါတယ်။

အသိဉာဏ်ပါသော်လည်း ရှေ့ကာလ နောက်ကာလတို့၌ အကုသိုလ်ခြံရံနေလျှင် ဥပမာထင်ပေါ်ကျော်ကြားမှု၊ ဂုဏ်တု ဂုဏ် ပြိုင်မှု၊ ကြွားဝါမှု၊ ထိပါးနှိပ်စက်မှု၊ အကြောင်းတစ်ခုခု ချွတ်ယွင်း၍

မကျေမနပ်ဖြစ်မှုစသော အကုသိုလ်ခြံရံနေလျှင် ဉာဏ်ပါသော အညံ့စား ကုသိုလ် ဖြစ်နေပါတယ်၊ ဉာဏ်လည်း မပါ၊ အကုသိုလ်လည်း ခြံရံနေလျှင် ဉာဏ်မပါသော အညံ့စား ကုသိုလ်ဖြစ်နေပါတယ်။ နံပါတ် ၁ ကုသိုလ်ကြောင့် အကျိုးဖြစ်ပေါ်လာသောအခါပဋိသန္ဓေပါ ဉာဏ်ထက်သူဖြစ်ရပြီး၊ ဈာန်၊ မဂ်၊ ဖိုလ်ကိုပင် အကြောင်း ညီညွတ်ပါက ရနိုင်လောက်သော အခြေခံရှိသူ ဖြစ်နိုင်ပါတယ်။

နံပါတ် ၂ နှင့် နံပါတ် ၃ ကုသိုလ်ကြောင့်အကျိုးဖြစ်ပေါ်လာသောအခါ ပဋိသန္ဓေ၌ ဉာဏ်မပါသော ကြီးပွား ချမ်းသာမှု မျိုးဖြစ်ရပါတယ်။ ဈာန် မဂ်၊ ဖိုလ်ရဖို့ရန် အထောက်အပံ့ မဖြစ်၊ နံပါတ် ၄ ကုသိုလ်ကြောင့်လည်း ကောင်းရာသုဂတိသို့ ရောက်ပါ၏။ သို့သော် လူစဉ်မှီသူမဟုတ်။ လူ့အဆင့်အတန်း မမှီသူ၊ နတ် အဆင့်အတန်းမမှီသူ အောက်ကျ နောက်ကျသူ ဖြစ်ရပါတယ်။ ဒါ့ကြောင့် ကုသိုလ်မျိုးစေ့ စိုက်ပျိုးပုံသည် အလွန်အရေးတကြီး သိသင့်သိထိုက်ပါတယ်။

## အသီးအပွင့်အကျိုးအမြတ်ခံစားရပုံ

ပကတိ မြေကြီးထဲ၌ စားသုံးနိုင်သော သီးပင်၊ ပွင့်ပင်များကို စိုက်ပျိုးလျှင် အခြေအနေကောင်း အကြောင်းညီညွတ်လျှင် သီးပွင့်လာပြီး စားသုံးရ၊ အကျိုးအမြတ်ခံစားရသလို၊ ဤကုသိုလ်မျိုးစေ့သည်လည်း အကြောင်းညီညွတ်၍ ရင့်ကျက်ချိန်တန်လျှင် အသီးအပွင့် အကျိုး အမြတ်သုံးစွဲ ခံစားရပါတယ်။ ဤနေရာ၌ ပကတိ မျိုးစေ့ကို သီးပွင့်ချိန် ရောက်လာအောင် ရင့်ကျက်ချိန် စောင့်ရသလို ကုသိုလ်မျိုးစေ့ ကိုလည်း အကြောင်းညီညွတ်က အကျိုးဖြစ်ပေါ်လာသည် ရောက်အောင် ရင့်ကျက်ချိန်ဆိုတာ စောင့်ကြရပါတယ်။ စောစောတုန်းက ဗာရာဏသီသူဌေးရဲ့ ဝတ္ထုကိုပြန် စဉ်းစား

လျှင် ကုသိုလ်ကံ၏အကျိုးခံစားရပုံကို နာရီပိုင်းမျှ စောင့်ရသည်ကို သတိပြုပါ။ ဒါဟာ နိရောဓသမာပတ်ထပြီးကာစ ရှင်ပစ္စေကဗုဒ္ဓါကြီး ကိုလည်း ကိုယ်တိုင် ဖူးတွေ့ရတယ်။ မစားရလို့ အသက် သေချင် သေပါစေဆိုပြီး မိမိရဲ့ နောက်ဆုံးထမင်းကို အရှင်ပစ္စေကဗုဒ္ဓါကြီးကို အလွန့်အလွန်ကြည်ညိုသဒ္ဓါစိတ်ဖြင့် လှူလိုက်ရတယ်။ မိမိလှူဒါန်းလိုက်သော ဆွမ်းကို ကောင်းကင်က မြန်းကြွပြီး ဂန္ဓမာဒနတောင်မှာ အရှင်ပစ္စေကဗုဒ္ဓါ ၅၀၀ နှင့်ဝေဖန်ဘုဥ်းပေးနေတာကိုလည်း ပကတိမျက်စိဖြင့် တွေ့မြင်လိုက်ရပါတယ်။ ဒါလောက် အကြောင်းညီညွတ်တဲ့ ကုသိုလ်ကံတောင် နာရီပိုင်းလောက်တော့ စောင့်ရပါတယ်။

နောက်ပိုင်းတော့ ဒီသူဌေးကြီးရဲ့ အတိတ်ကံဟာလည်း ယခုဘဝမှာတောင် သူဌေးကြီးဆိုတော့ ပြုခဲ့ဖူးကဲ့ အတိတ်ကံက လည်းရှိတယ်ဆိုတာ သေချာတယ်။ ဒါတောင် ဒီလောက်စောင့်ရသေးတယ်။ ဒီလို စိတ်ဖြင့်မှန်း၍ လုပ်ရတဲ့ ကုသိုလ်၊ အသက်စွန့်နိုင်လောက်တဲ့အထိ ထက်သန်လှတဲ့ ကုသိုလ်လည်းမဟုတ်ဘူးဆိုလျှင် ကိုယ့်ရဲ့အာရုံ ကိုယ့်ရဲ့စိတ်ဓာတ် ကောင်းမြက်ထက်သန်မှု အခြေအနေ ကြည့်ပြီးတော့ အချိန်ကာလဆိုတာစောင့်ကြည့်ကြရမှာပါ၊ ခု မျိုးစေ့စိုက် ခုအသီးသီးဆိုတာ မင်္ဂလို ကုသိုလ်မျိုးစေ့က လွဲလို့ မရှိ ပါဘူး၊ ကျန်တဲ့ မျိုးစေ့မှန်သမျှ အနည်းနှင့်အများ အချိန်စောင့်ရ တာချည်းပါပဲ။

## ဘယ်လောက်အတိုင်းအတာအထိ အကျိုးပေးသလဲ

အာရုံယူပုံကလည်းကောင်းတယ်။ သိပုံအခြင်းအရာ ကလည်း ကောင်းတယ်။ ထက်သန်မည်ဆိုလျှင် အကျိုးပေးမည့်ဘဝ တွေ ဆိုတာလည်း မရေနိုင်ပါဘူး။ ကမ္ဘာတွေဆိုတာလည်း မရေနိုင်

ပါဘူး။ သူ့အကျိုးပေးနိုင်တဲ့နောက်ဆုံး ရုပ်နာမ်ချုပ်ငြိမ်းရာဖြစ်တဲ့ ရဟန္တာဘဝနဲ့ ပရိနိဗ္ဗာန်စံရတဲ့အထိ အကျိုးပေးတတ်ပါတယ်။

## ဘာကအကျိုးကိုဖြစ်တာလဲ

ဒီအကျိုးတွေကို ဘာက ဖြစ် စေတာလဲ၊ ဖန်တီးရှင်ဘယ်သူလဲ၊ ကုသိုလ်မျိုးစေ့စိုက်တုန်းက ဖြစ်ပျက်ပုံ အခြေအနေကို ပြန်လည်သုံးသပ်ပါ၊ ကုသိုလ်မျိုးစေ့ စိုက်တယ် ဆိုတာ ကိုယ်ဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ စိတ်ဖြင့်သော်လည်းကောင်း ကုသိုလ်ပြုခြင်း ဖြစ်ပါတယ်။ ဒီကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတွေ ပေါ်လာအောင် စိတ်ကူးတွေကပြုလုပ်နေပါတယ်။ (လုပ်ချင်တဲ့စိတ်ကူးကြောင့် လုပ်မိပုံ၊ ပြောချင်တဲ့စိတ်ကူးကြောင့် ပြောမိပုံ၊ စဉ်းစားချင်တဲ့ စိတ်ကူး ကြောင့် စဉ်းစားမိပုံကို သတိပြုပါ)

ကစ်ခါ ဒီစိတ်ကူးတွေဟာလည်း အာရုံသိပုံ အခြင်း အရာများကို မိမိတို့ဆိုင်ရာဆိုင်ရာကိစ္စကို ဆောင်ရွက်နိုင်အောင် လှုံ့ဆော်နိုင်တဲ့ သဘောတရားလေးက ဦးဆောင်နေပါတယ်။ အဲဒီ သဘောတရားလေးဟာ ရုပ်တရား နာမ်တရားတွေကို ဖြစ်ပေါ်အောင် လုပ်မှု၊ ပြုပြင်မှု ကောင်းအောင် ဆိုးအောင် စီမံခန့်ခွဲမှု၊ ရုပ်သစ်၊ နာမ်သစ် ပေါ်အောင် ဖန်တီးမှုများမှာ ကြောင့်ကြစိုက် အားထုတ်တတ်တဲ့ သဘောလေးပါပါတယ်။ သူ့ကို စေတနာလို့ခေါ်ပါတယ်။ ကံလို့လည်း ခေါ်ပါတယ်။။

သူ့အလုပ်ကိုက ရုပ်သစ် နာမ်သစ် ပေါ်အောင်ဖန်တီးမှု၊ ပြုပြင်မှု၊ ကောင်းအောင် ဆိုးအောင် စီမံခန့်ခွဲမှု၊ ဒီကိစ္စတွေကို ဆောင်ရွက်နိုင်တဲ့ သဘာဝသတ္တိရှိတဲ့ ဓာတ်သဘောလေးပါ။ ဒါကို ကမ္မသတ္တိလို့ခေါ်ပါတယ်။ (သူ့ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အနာဂတ် အကျိုးတရားတွေကို ဖြစ်ပေါ်လာအောင် စီမံဖန်တီးပြီးမှ

ချုပ်ပျောက်သွားတယ်လို့ သဘောပေါက်နိုင်ပါတယ်။)စိတ်ကူးတိုင်းမှာ ဒီသဘောလေးက ပါနေတာဖြစ်တော့ စိတ်ကူးတွေ ဖန်တီးတယ်လို့လည်း ဆိုနိုင်ပါတယ်။ အမှန်တကယ်တော့ စိတ်ကူးထဲမှာ ပါကဲ့ဒီစေတနာက ဖန်တီးတာပါ။ သူ့ထက်လျှင် စိတ်ကူးထက်သလို၊ စိတ်ကူးထက်တာကို သိရလျှင်လည်း သူထက်နေကြောင်း သိရပါတယ်။ ဒါ့ကြောင့် စေတနာထက်မထက်ကို စိတ်ကူးထက်မထက်ကြည့်ပြီးတော့ သုံးသပ်ဆင်ခြင် နိုင်ပါတယ်။ ဒါ့ကြောင့် စိတ်, စေတနာ, စိတ်ကူးထက်အောင်လုပ်ပါ၊ သူတို့က အကျိုးတရားတွေ ကိုဖန်တီးနိုင်ပုံကို သဘောပေါက်ပါ။

## ဝတ္ထုကြောင်းကို ပြန်လည်သုံးသပ်ပါ

ဗာရာဏသီသူဌေးရဲ့အိမ် နောက်ဆုံးလက်ကျန် ထမင်းချက်ပြီး ဝေစု ၅ စု ခွဲထားပါတယ်။ ဒီထမင်းမှတစ်ပါး တခြားစားစရာ မရှိတော့ပါဘူး။ ဒီတော့ ဒီထမင်းဟာ အရေးကြီးတဲ့ထမင်းဖြစ်နေတယ်ဆိုတာ သတိပြုပါ၊ ဒါဘာကြောင့် ပြောနေရသလဲ ဆိုရင် လှူဖွယ်ဝတ္ထုရဲ့အရေးပါပုံကိုသိစေချင်လို့ပါပဲ၊ နိရောဓ သမာပတ်မှ ထကာစ အရှင်ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရတော့ သူဌေးကြီးရဲ့စိတ်ကူးတွေကို ပြန်စဉ်းစားပါ။ ကံ၊ ကံ၏ အကျိုးတရားကို နားလည် နေပါတယ်။ ဒီထမင်းကို စွန့်လွှတ် လှူ ဒါန်းဖို့ ဆုံးဖြတ်လိုက်တာပါ။ ရှင်ပစ္စေကဗုဒ္ဓါကိုလည်း ဆာလောင် နေလိမ့်မယ်လို့ သိလို့မိမိမစားရလို့ သေချင်သေပါစေ၊ အရှင်ပစ္စေကဗုဒ္ဓါကိုတော့ ဆာလောင်မှုဒဏ်ကို မခံစားစေရဘူးဆိုတဲ့ သဒ္ဓါအဟုန်တွေက အရှင်ပစ္စေကဗုဒ္ဓါ တား၍ မရလောက်အောင်တောင် ဖြစ်နေပုံကိုလည်း သတိပြုပါ။

ကုသိုလ်ရဲ့ ရှေ့ရောနောက်ရော ကုသိုလ်စိတ်တွေ တစ်ဟုန်

ထိုး ဖြစ်နေပုံကိုသတိပြုပါ။ အရှင်ပစ္စေကဗုဒ္ဓါ၏ ကောင်းကင်ယံ ပြန်တက်ကြွသွား၍ ဂန္ဓမာဒနတောင်မှာ အရှင်ပစ္စေကဗုဒ္ဓါ ၅၀၀ အား ခွဲဝေလှူဒါန်းဘုဥ်းပေးနေတာ မြင်ရတဲ့အခါ မဖြစ်စဖူး အထူး အဆန်း အံ့ဖွယ်သရဲ ဖြစ်ပုံ မြင်နေရတဲ့ အတွက်ကြောင့် ပရစေတနာ တွေ၊ ဝမ်းသာကြည်နူးမှုတွေ လှူလိုက်ရခြင်းသည် ကောင်းလေစွဟု စိတ်ဖြစ်မှုတွေ အဖန်ဖန် အထပ်ထပ် ဖြစ်ပွားပုံကို သတိပြုပါ။ ဒါ တွေဟာ အောင်မြင်သော ကုသိုလ်မျိုးစေ့ စိုက်ပျိုးဖို့ စံနမူနာတွေပါ ပဲ။

## ကောင်းတဲ့အလုပ် နောက်မဆုတ်တန်းလုပ်ပါ

ကောင်းတဲ့အလုပ်တွေလုပ်တဲ့အခါ ကိုယ့်စိတ်ကိုယ့်အလုပ် ကို အားပေးပြီး နောက်မဆုတ်တန်းလုပ်ပါ။

နံပါတ် ၁ = ကောင်းမှန်းသိလို့၊ လုပ်ချင်လွန်းလို့ လုပ်တာ၊ ဘာကြောင့်မှ အဖျက်အဆီး အနှောင့်အယှက် မခံဘူး၊ မဖြစ်ဖြစ် အောင် လုပ်မည် ဆိုပြီး လုပ်ပါ။

နံပါတ် ၂ = ငါက ဘာမဆိုထက်ထက်သန်သန်လုပ်လေ့ ရှိတာ၊ ကောင်းတဲ့အကျိုးရှိတဲ့ကုသိုလ်ရေးကျမှ လျော့လျော့ရဲရဲမလုပ် နိုင်ဘူး အားရပါးရ လုပ်လိုက်ရမှ ကျေနပ်မည်ဆိုပြီး ခွန်အား စိုက် ထုတ်၍ ထက်သန်စွာ လုပ်ပါ။

နံပါတ် ၃ = ငါဟာ ကောင်းမှန်းဆိုးမှန်း ဘာမှခွဲခြားမသိ နိုင်တဲ့ လူပြိန်းမှ မဟုတ်ဘဲ စိတ်ဆောင်လျှင် ဘာမဆို ဖြစ်နိုင်တယ် ကုသိုလ်ကိစ္စအထမြောက်အောင်လုပ်မည်ဆိုပြီး စိတ်ကိုတင်း၍ လုပ် ပါ။

နံပါတ် ၄ =ဘာမဆိုနည်းပညာသာပဓာနဆိုပြီးအကောင်း ဆုံး ကုသိုလ်လုပ်နည်း ပညာရှာဖွေပြီးတော့ အကောင်းဆုံး ကုသိုလ်

မဖြစ်,ဖြစ်အောင် လုပ်မည်ဆိုပြီးတော့လုပ်ပါ။ ကုသိုလ် လုပ်ချင်လျှင် ယခုချက်ချင်း အောင်မြင်အောင်လုပ်ပါ။ တစ်ခါတုန်းက ယုဒ်ဒွိ လရင်ဘုရင်က သူ့ရဲ့ဆရာ ပုရောဟိတ်ကြီးကို ခမ္မယာဂ ပြဿနာ အဖြေကို အထူးလေ့လာရှာဖွေရေးအဖွဲ့ ဥက္ကဋ္ဌ အဖြစ်ခန့်အပ်ပြီး ဇမ္ဗူဒီပါ တစ်ကျွန်းလုံးကို ပြဿနာ အဖြေ ရှာဖွေခိုင်းပါတယ်။ အဲဒီ အခါမှာ ၇ နှစ်အရွယ် သမ္ဘဝသတို့သားနှင့်တွေ့တော့ ကစားနေရင်းမှ ဖုန်ခါ ပုဆိုးဝတ်ပြီး ပညာရှိပဏ္ဍိတ်ကြီးတို့၏ ဟန်အမူအရာ အပြည့် ဖြင့် ပြဿနာအဖြေကိုပေးလိုက်ပါတယ်။ အဲဒီအထဲမှာ ယခုဘဝ မှာရော နောင်သံသရာတွေမှာပါ အကြီးအကဲအဆင့်မြင့်ဘဝမှ တစ်ပြားသားမှ မလျော့ဘဲ နေလိုလျှင် နံပါတ် ၁ ကုသိုလ်လုပ်ချင် စိတ် ဖြစ်ပေါ်လာပါက နက်ဖြန်သန်ဘက်မရွှေ့ဘဲ မည်သူတွေက တားမြစ် တားမြစ် မဖြစ်ဖြစ်အောင် ထမြောက်အောင်မြင်အောင် ပြု လုပ်ရမည် ဆိုတဲ့အချက်တစ်ချက် မှတ်သားရပါတယ်။

ကောင်းတဲ့အလုပ်တွေဆိုလျှင် လုင်ချင်စိတ်ပေါက်လျှင် ယခုချက်ချင်းလုပ်ပါ၊ စီမံကိန်းကြီးတစ်ရပ်ချမှတ်လုပ်ဆောင်ရမည် ဆိုလျှင်တောင်မှ ပတ်ဝန်းကျင်အခြေအနေကိုလှူ့ဆော်ပြီးတော့ မဖြစ် ဖြစ်အောင်လုပ်ပါ။

## ဘယ်သူတွေဘယ်လိုဖျက်ဖျက် ကုသိုလ်ရေးအပျက်မခံသူ

တစ်ခါတုန်းက အဲဒီဗာရာဏသီပြည်ကပဲ သူဌေး တစ် ယောက်၊ ဗာရာဏသီပြည်ကချည်း ဖြစ်ပေမယ့် ခေတ်ကာလချင်းက အလွန် ကွာခြားလှပါတယ်။ မြို့သာတူကြတာပါ၊ အဲဒီသူဌေးဟာ ထမင်းစား မည်လုပ်တုန်း ၇ ရက်ပတ်လုံး မည်သည့်အစာမှ မစားရ ဘဲ နိရောဓ သမာပတ် ဝင်စားရာမှ ထပြီးကာစ အရှင်ပစ္စေကဗုဒ္ဓါ တစ်ပါး ၄င်းသူဌေးရဲ့အိမ်ဝင်းတံခါးပေါက်မှာ ဆွမ်းရပ်လာပါတယ်။

သူဋ္ဌေးက မြင်တော့ ရိုသေပျပ်ဝပ်မှုကို ပြသပြီး အခိုင်းအစေ တစ်ယောက်ကို ဆွမ်းလောင်းဖို့ သပိတ်အယူခိုင်းလိုက်တယ်။ မာရ်နတ်က အရှင် ပစ္စေကဗုဒ္ဓါနဲ့ အလှူရှင်ရဲ့ အိမ်အကြား၊ အတောင် ၂၀ လောက်ရှိတဲ့ ငရဲရှားမီးကျီးတွင်းကြီး ဖန်ဆင်းထားပါတယ်။

ရဲရဲတောက်လောင်နေတဲ့ ရှားမီးကျီးတွေနဲ့ ပြည့်နေပါတယ်။

ဤငရဲမီးကျီးတွင်းကြီးကို ဖြတ်ကျော်မသွားဘဲ အရှင်ပစ္စေကဗုဒ္ဓါဆီမရောက်နိုင်ပါဘူး၊အခိုင်းအစေယောက်ျားက ကြောက်လန့်တကြားပြန်ပြေးလာပြီး သူဋ္ဌေးကိုအကြောင်းစုံပြန်ပြောပါတယ်။ အရှင်က ဒီနေရာမှာ ရှားမီးကျီးတွင်းကြီးမရှိဖူးတော့ အမြင်မှားနေတာထင်ပြီး၊ နောက်တစ်ယောက်ကို လွှတ်လိုက်ပါတယ်၊ လွှတ်လိုက်တိုင်း လွှတ်လိုက်တိုင်း ပြန်ပြေးလာကြတာချည်း ပါပဲ။

## ဒါနပြုရာ၌ရဲဝံ့သူ

ဒီတော့ သူဋ္ဌေးဟာ ထမင်းပွဲကို ကိုယ်တိုင်ရွက်ပြီး အရှင်ပစ္စေကဗုဒ္ဓါဆီသွားတော့ တကယ်ပဲ ရှားမီးကျီးတွင်းကြီးကို တွေ့ရပါတယ်။ဒီတော့ သူဋ္ဌေးက ငရဲရှားမီးကျီးတွင်းရဲ့ ဒီဖက်ကမ်းထိပ်မှာ ရပ်ပြီး ဟိုဘက်ကမ်းထိပ်မှာ ရပ်တော်မူနေတဲ့ အရှင်ပစ္စေကဗုဒ္ဓါကို လှမ်းပြီးတော့ လျှောက်ပါတယ်။ "အရှင်ပစ္စေက ဗုဒ္ဓါအရှင်မြတ်ကြီး ဘုရား၊ တပည့်တော် ဒီငရဲမီးကျီးတွင်းကြီးထဲ ဦးစောက် ကျွမ်းပြန် တကယ်ကို ကျချင်လည်း ကျပါစေ ဘုရား၊ လှူဒါန်းမှုကိစ္စကို နောက်ဆုတ်ခြင်း ဆိုတဲ့ အနရိယ–လူယုတ်မာ လူညံ့တွေရဲ့ အလုပ်ကိုတော့ တပည့်တော် မလုပ်နိုင်ဘူးဘုရား၊ ဤဆွမ်းတော်ပွဲကို အရှင်ဘုရားအား လှူဒါန်းပြီးဖြစ်ပါတယ်၊ မဖြစ်ဖြစ်အောင် အလှူခံတော်မူပါဘုရား။ အရှင်ဘုရားထံလာစရာ အခြားလမ်းလည်း မရှိတော့

တပည့်တော်တော့ ငရဲမီးကျီးထဲဆင်းပြီ ဘုရား" လို့ လျှောက်ပြီး ငရဲမီးကျီးထဲ ဆင်းလိုက်ပါတယ်။

## အံ့ဖွယ်သရဲ ကြာပွင့်ပေါ်ကအလှူရှင်

အဲဒီအခါ သူဌေး ရဲ့ စိတ်စေတနာကြောင့် မီးကျီးတွင်းကို ဖောက်ခွဲပြီး အထပ်တစ်ရာ ပွင့်ဖတ်လွှာပါရှိတဲ့ ပဒုမ္မာကြာပွင့်ကြီးတွေ ပေါ်ပေါက်လာပါတယ်၊၊ အဲဒီကြာပွင့်တွေကို နင်းပြီးတော့ သွားကာ အရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်း လှူခဲ့ပါတယ်။ ဒီသူဌေးမင်းဟာ ဘုရားအလောင်းတော်ပါ။ ဒါန ပြုတဲ့နေရာမှာ ရဲရင့်တဲ့စိတ်ဓာတ် ဘယ်လောက်ချီးကျူးဖို့ ကောင်းသလဲ။ ဘယ်လောက်အားကျဖို့ ကောင်းသလဲ၊ မီးကျီးတွင်းကြီး ကာဆီးချင် ကာဆီးနေပါစေ၊ ဒါန အထမြောက်အောင် မဖြစ်မနေ ပြုလုပ်လိုက်ပုံမှာ သာမာန်လူတို့ မလိုက်နိုင်ပါဘူး။

## စွန့်စားရဲတဲ့စိတ်ဓာတ် ဘယ်ကရသလဲ

ဒီလို ဒါန ပြုရာမှာ ရဲရင့်တဲ့စိတ်ဓာတ်မျိုး ပေါ်ပေါက်လာအောင် တွန်းအားပေးတဲ့ စိတ်ဓာတ်မျိုး ဘယ်ကရပါသလဲ။ ဒါနပြုတဲ့ဘဝတွေက များလို့ အထုံဝါသနာရင့်ကျက်လာတာက တစ်ကြောင်း၊ ဒါနသည် အပြစ်မရှိ၊ အကျိုးကျေးဇူးရှိတဲ့ အလုပ်လို့ သိနေတာကတစ်ကြောင်း၊ ဘာ အန္တရာယ်နှင့် ကြုံကြုံ၊ ဘယ်ပတ်ဝန်းကျင်က နှောင့်ယှက် နှောင့် ယှက် မိမိကောင်းတဲ့ လုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်နိုင်တဲ့ ခံနိုင်ရည်ပြည့်ဝမှု ရှိတာက တစ်ကြောင်း၊ ကောင်းတဲ့လုပ်ငန်းကို မဖြစ်မနေ လုပ်မည်ဆိုပြီး စွဲစွဲမြဲမြဲ ဆောင်ရွက်တာကလည်း တစ်ကြောင်း၊ နိရောဓသမာပတ်မှ ထပြီးကာစ "ဤအာဟာရကို မမှီဝဲရပါက ပရိနိဗ္ဗာန်စံတော်မူရမည့် အနုတ္တရပုည

ခေဂျာတ– ကြည်ညိုဖွယ် အရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်းတစ်ထပ် လစ်လပ်မှု မရှိစေလိုတာက တစ်ကြောင်း၊ ဒီပါရမီတော်အထုံ၊ မေတ္တာအဟုန်၊ ကရုဏာ အဟုန် တွေ မွမ်းထုံတိုက်တွန်းလိုက်တဲ့ အတွက်ကြောင့် အံ့ဖွယ်သရဲဒါနပွဲ တစ်ခု ဖြစ်ပေါ်လာတော့ပါပဲ။ နောက်မဆုတ်တမ်း ဒါနပြုရာမှာ ဒီ သူဌေးမင်းဟာ စံနမူနာယူဖွယ် အံ့ဖွယ်သရဲ ဒါနရှင်ဖြစ်ခဲ့ပါတယ်။ ကုသိုလ်ပြုတဲ့နေရာမှာ ဒီလို စိတ်ဓာတ်ကို မြှင့်တင်ပြီး နောက်မဆုတ်တမ်း ကုသိုလ်ပြုကြပါ။ ကုသိုလ်ပြုရာမှာ ရဲရင့်ကြပါ။

## လက်တွေ့ရှိမှ သဒ္ဓါတရားထက်သည်

ကုသိုလ်ပြုရာ၌ မမွလက်တွေ့ အကျိုးရအောင်လုပ်ပါ။ လက်တွေ့အကျိုးကျေးဇူးကို ခံစားရသောအခါ ကုသိုလ်ကံ၏ အကျိုးတရားကို ပိုမိုသဘောပေါက် ပြီး သဒ္ဓါတရား အလွန့်အလွန် ထက်သန်လာပါလိမ့်မည်။ ကုသိုလ်ရဲ့ အကျိုးကျေးဇူးကို သိမြင်တဲ့အတွက် ဝတ္ထုကြောင်းထဲက ဗာရာဏသီသူဌေးကတော်ကြီး ပြောသလို "ကုသိုလ်များ ပြုသင့်လိုက်တာ၊ ယနေ့ပဲ အကျိုးပေးပြီ" ဆိုသလို ကောင်းတာကို ကောင်းမှန်းသိပြီး အဖန်ဖန်အထပ်ထပ် ပြုလုပ်လိုစိတ်တွေ၊ အားတက်သရော စိတ်တွေ၊ နောက်မဆုတ်တမ်း လုပ်လိုတဲ့စိတ်တွေ၊ ကံ ကံ၏အကျိုးကို ယုံကြည်မှု၊ ရတနာ သုံးပါး၏တန်ဖိုးကို သိရှိ ကြည်ညိုမှု၊ သဒ္ဓါ တရားတွေ ခိုင်မာစွာ ဖြစ်ပေါ်လာတတ်ပါတယ်၊ ဒါ့ကြောင့် လက်တွေ့ရှိမှ သဒ္ဓါတရား ထက်သည်ဟု မှတ်ပါ။

## ကုသိုလ်ကံများချက်ချင်းအကျိုးပေးအောင်ပြုလုပ်နည်း

၁။ ကုသိုလ်ပြုစဉ် ဆန့်ကျင်ဖက်အကုသိုလ်တို့က မလွှမ်းမိုး

မနိုပ်စက် မနှောက်ယှက်အောင် လုပ်ပါ၊ ကုသိုလ်ပြုစဉ် အကုသိုလ်စိတ်ကူးတွေမဝင်ပါစေနဲ့။

၂။ ကောင်းသောဂတိ၊ ကောင်းသောခေတ်ကာလ၊ ကောင်းသော ဥပဓိ၊ ကောင်းသော လုပ်ဆောင်မှု ပြည့်စုံ၍ ကုသိုလ်ကံ အကျိုးပေးဖို့ရန် အခွင့်သာအောင် စီမံပြုလုပ်ပါ။

၃။ ကုသိုစိတ်ခွတ်အင်အားကြီးအောင် ရှေ့စိတ်ကူးများဖြင့် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ အဓိပတိတပ်စေလွှတ်၊ နောက်စိတ်များ ထက် သန်လာအောင် ပြုပြင်၍ ကုသိုလ်စိတ် အလွန်အကဲ သတ္တိရှိ လာအောင်လုပ်ပါ။

၄။ မိမိရဲ့ကုသိုလ်သည် အတုမရှိသောဂုဏ်အရည်အချင်းတို့နှင့် ပြည့်စုံသော ဘုရား၊ ပစ္စေကဗုဒ္ဓ ရဟန္တာ အရိယာ အရှင်မြတ် ကြီးတွေကိုဦးထိပ်ထား၍ပြုလုပ်ပါ။

၅။ စေတနာသုံးတန်ထက်သန်အောင် လုပ်ပါ။

၆။ လှူဒါန်းသောအခါ တရားသဖြင့်ရှာဖွေရရှိ၍ မိမိအမြတ်တနိုး ထားသော ပစ္စည်းဝတ္ထု ဖြစ်ပါစေ။

ဤအချက်အလက်များကို စုံညီနိုင်သမျှ စုံညီအောင်ကြိုးစားပါ။

ရှင်းလင်းချက်။ ။ ၁ ။ ကုသိုလ်ပြုစဉ်ဆန့်ကျင်ဖက် အကုသိုလ်တို့က မလွှမ်းမိုး မနိုပ်စက် မနှောင့်ယှက်နိုင်အောင် လုပ် ပါ၊ ကုသိုလ်ပြုစဉ် အကုသိုလ်စိတ်ကူးတွေ မဝင်ပါစေနှင့်၊ ဒီအချက် အလက်ဟာ အင်မတန် သတိထားသင့်တဲ့ အချက်အလက် ဖြစ်ပါ တယ်။ ကုသိုလ်ပြုနေစဉ်မှာ အကုသိုလ်စိတ်ကူးတွေမဝင်ဖို့ အရေး ကြီး ပါတယ်။ ကိုယ်တစ်ယောက်တည်းလုပ်ရတဲ့ ကုသိုလ်တွေမှာ အကုသိုလ်စိတ်ကူးကြားဝင်မှု အလွန်နည်းပေမယ့် ငွေကြေး ကုန်ကျ များစွာခံရ၍ လူပေါင်းများစွာဖြင့် အကြီးအကျယ်ကုသိုလ်ပြုရသော အခါ ကုသိုလ်စိတ်တွေချည်းဖြစ်ဖို့ အင်မတန်ခဲယဉ်းပါတယ်။

အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုး၊ မပြည့်စုံမှု အဖုံဖုံ၊ အလှူခံပုဂ္ဂိုလ်၊ ဝေယျာဝစ္စဆောင်ရွက်သူတို့၏ ပြောဆိုပြုမူမှု ကြံစည်မှု အဖုံဖုံကို တွေ့ကြုံရသောအခါ အကုသိုလ်စိတ်များ ပေါ်ပေါက်လာတတ်ပါတယ်။ ထို့ပြင် ဂုဏ်ပကာသနမက်မောမှု။ အထင်ကြီးခံချင်မှု၊ ဝါကြွားမှု၊ ဂုဏ်တု ဂုဏ်ပြိုင်ပြုမှု ဒါနအကျိုးကြောင့် စည်းစိမ်ခံစားလိုမှုတွေဟာဖြစ်သင့်သည်ထက်လွန်ကဲတတ်ပါတယ်။ များသောအားဖြင့် အလှူဒါနပွဲကြီးများကို ခြုံငုံသုံးသပ်ရင် ဒီအတိုင်း ဖြစ်နေတတ်ပါတယ်။ အလှူရှင်ဟာ ပစ္စည်းတွေက ငါ့ကို အကျိုးပေးမှာလား၊ အလှူခံပုဂ္ဂိုလ် လှူဖွယ်ပစ္စည်းတို့နှင့် ဆက်စပ်ပြီး ဖြစ်ပေါ်နေတဲ့ ငါ၏အတွင်းသန္တာန်မှာ ဖြစ်ပေါ်နေတဲ့စိတ်ကူးများက အကျိုးပေးမှာလား၊ ဒီလို မေးခွန်းထုတ်ပါ။ စိတ်ကူးတွေ၊ စိတ် စေတနာတွေ အကျိုးပေးတယ်ဆိုတာ သဘောပေါက်နားလည်ပါ။ ဒီစိတ်ကူးတွေ စေတနာတွေဟာလည်း အာရုံကို သိတာကစိတ်၊ သိပုံ အခြင်းအရာတွေက စိတ်ကူး၊ စိတ်က အကောင်းဆုံးအာရုံကို ယူရဲ့ လား၊ ဘုရား, တရား, သံဃာ ဦးထိပ်ထားရဲ့လား၊ (ပုထုဇဉ် ပုဂ္ဂိုလ် များကို ကုသိုလ်ပြုရာ၌ ၎င်း၏သီလ၊ သမာဓိ၊ ပညာ ကောင်းသော ပြုမူ၊ ပြောဆို၊ လုပ်ကိုင်မှု ကိုယ်ကြည်ညိုရာကို အာရုံပြုမှုသည် တရားကို ဦးထိပ်ထားမှု၌ပါဝင်သည်) စိတ်က အာရုံကောင်း တစ်ခုခုကိုသာ သိနေအောင် ဖြစ်အောင် အာရုံကောင်းကို ရွေးချယ်ယူပါ။ စိတ်၊ စေတသိက်များသည် အာရုံကောင်းနှင့် ပေါင်းမိမှ အသင်္ချေ အနန္တ မရေ တွက်နိုင်အောင် အကျိုးကျေးဇူးများကို ဖြစ်အောင် လုပ်ပေးနိုင်သည့် စွမ်းအားသတ္တိ ထက်မြက်လာကြောင်း သိပါ။

တစ်ဖန် သိပုံအခြင်းအရာမကောင်းပြန်လျှင်လည်း ကောင်းကျိုးမရဘဲ မကောင်းကျိုးများ ဖြစ်ရပါတယ်။

## တစ်ခါတုန်းအသဒိသဒါန

သာဝတ္ထိပြည့်ရှင် ကောသလ ဘုရင်ကြီးနှင့် သာဝတ္ထိပြည်သား တို့ အပြိုင်အဆိုင် ဘုရား အမှူးရှိသော သံဃာကို ပင့်ဖိတ်ပြီး အလှူဒါနပြုကြရာ ပထမ၌ တစ်ဖက်နှင့် တစ်ဖက်အနိုင်မရရှိနေရာ မလ္လိကာမိဖုရားကြီး ၏ အကြံပေးချက်အရ ကောသလဘုရင်ကြီးဟာ တိုင်းသူပြည်သားတို့ လိုက်မမီနိုင်သော တိုင်းသူပြည်သားတို့ ပိုင်ဆိုင်ခွင့်မရှိသော ပစ္စည်းတို့ကို အသုံးပြုကာ ဘုရားတစ်ဆူ လက်ထက် တစ်ခါဖြစ်မြဲ ဖြစ်သော အသဒိသဒါန အလှူပွဲကြီးကို ပြုလုပ်ဖူးပါတယ်။ ထို ဒါနပွဲကိုကြည့်၍ ဘုရင်ကြီးသည် အတိုင်းမသိ ဝမ်းမြောက် ဝမ်းသာ ပီတိ ဖြစ်နေပါတယ်။ သို့သော် ဘုရင်၏ အမတ်ကြီးနှစ်ဦးတို့မှာ အသဒိသဒါနပွဲကြီးကို ကြည့်၍ စိတ်ဖြစ်ပုံ အခြင်းအရာချင်း မတူကြ ပါ။

ဇုဏှအမည်ရှိသော အမတ်တစ်ဦးက "ဘုရင်သာ ဤလို ဒါနပွဲကြီးကိုပြုနိုင်တာ ကျန်သောပုဂ္ဂိုလ်များပြုစွမ်းနိုင်သည် မဟုတ်ဘူး၊ ရေစက်ချသောအခါ သတ္တဝါအားလုံးတို့အား အမျှပေးဝေ လိမ့်မည်။ ငါလုပ်နိုင်စွမ်းမရှိပေမယ့် ဘုရင်ပြုသော ကုသိုလ်ကိုတော့ သာဓုခေါ်၍ ကုသိုလ်ရအောင်ယူရတော့မည်" ဟုတွေး၍ သာဓုခေါ်ပါတယ်။ ကာဠအမတ်က ဒီလိုမဟုတ်၊ ဘုရင့်ဘဏ္ဍာတော်တော့ ကုန်ပါပြီ၊ တစ်နေ့တည်းနဲ့ ၁၄ ကုဋေကုန်သွားပါပြီ၊ ဒီ ရဟန်းတွေဟာ ဒီဒါနကိုစားသောက်ပြီး အိပ်ရာထဲ လှဲပြီး အိပ်နေကြမှာပဲ၊ အော်မင်းမျိုးတွေကိုကလည်း ပျက်စီးနေပါပြီလို့၊ စိတ်ကူးတယ်။ စိတ်နှလုံး မသာမယာ ဒေါမနဿဖြစ်ပွားနေတယ်။

မြတ်စွာဘုရားသည် အကယ်၍ ထိုဒါနပွဲကြီးနှင့် လျော်အောင် အနုမောဒနာတရားဟောမည်ဆိုလျှင် ကာဠအမတ် ဦးခေါင်း ၇ စိတ်ကွဲ၍ ဇုဏှအမတ်သောတာပန် ဖြစ်မည် ဖြစ်ပါတယ်။ ဤ

အဖြစ်ကလေးကို သုံးသပ်ကြည့်မယ်ဆိုလျှင် ဘုရား အမှူးရှိတဲ့ သံဃာတော်ဆိုတဲ့ အာရုံကောင်းကို စိတ်ကသိနေတယ်။ အားလုံး လေးလေးမြတ်မြတ် တက်တက်ကြွကြွ စိတ်အားထက်သန်စွာ ဒါန ပြုနေတာကိုလည်း သိနေတယ်။ ဒါပေမဲ့ စိတ်ဖြစ်ပုံ အခြင်း အရာ ချင်း တစ်ဦးနှင့်တစ်ဦး မတူကြပါဘူး၊ ဇုဏှအမတ်က သောတာပန် ဖြစ်လောက်တဲ့စိတ်ကူးမျိုးကို စိတ်ကူးတယ်။ တစ်ဦးက ခေါင်း ၇ စိတ်ကွဲလောက်အောင် ဒါနပွဲကြီးနှင့် မတန်မရာ စိတ်ကူးတယ်။ ကာဠလို စိတ်ကူးမျိုးတွေဟာ ဆန်းတယ်တော့ မဟုတ်ပါဘူး။ ရွှေ တိဂုံတို့၊ မဟာမြတ်မုနိတို့ လှူဒါန်းထားတဲ့ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားစတဲ့ ရတနာပစ္စည်းတွေကိုကြည့်ပြီး၊ တိုင်းပြည် ဘဏ္ဍာငွေ တွေ အလဟဿ ဖြုန်းတီးနေတာပဲ ဒီလိုစိတ်ကူးသူက တစ်မျိုး၊ တိုင်းပြည်က ဖွံ့ဖြိုးသေးတာ မဟုတ်၊ ဒီကျောက်စိန် ရွှေ ငွေ ရတနာ တွေကိုယူပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အသုံးပြုရရင် ဘယ် လောက်ကောင်းမလဲလို့ ဒီလို စိတ်ကူးမျိုးတွေက တစ်ဖုံဖြစ်နေကြ တယ်။ မကြံစီအပ် မကြံစည်ရပါဘူး။ ဒါလည်း အများအသိပါပဲ၊ ဒီလို စိတ်ကူးမျိုးတွေဟာ ယခုခေတ်အခါမှာလည်း ဖြစ်ကြတုန်း ပါပဲ၊ ဒါကလည်း နားမလည်လို့ပါ။ တကယ်သဘောပေါက်ပြန် လျှင်လည်း အဒိန္နပုဗ္ဗက ပုဏ္ဏားတို့လို ရှိသမျှ အကုန်ထုတ်လှူနေ မှာပါ။

## အဒိန္နပုဗ္ဗကပုဏ္ဏား

တစ်ခါတုန်းက ဘယ်သူကိုမှ ဘာမျှ မပေးကမ်းဖူးတဲ့ အတွက်ကြောင့် အဒိန္နပုဗ္ဗက နာမည်တွင်နေသော ပုဏ္ဏားတစ်ဦး ရှိတယ်။ သူ့မှာ သိပ်ချစ်ရတဲ့သားတစ်ယောက်လည်း ရှိတယ်။ သူ့ နာမည်က မဋ္ဌကုဏ္ဍလီတဲ့။ ၁၆ နှစ်အရွယ်ရောက်တော့ သူ့သားလေး

မှာ သစ်ရွက်ရော်လို ကိုယ့်သားကိုယ်ရေ ဖျော့တော့ ဝါဝင်းတဲ့ အသားဝါရောဂါဖြစ်ပြီး၊ မစားချင် မသောက်ချင်ဘဲ ကြုံ လှီ ပိန်ချုံး လာပါတယ်။ ဆေးကုခပေးရမှာ နှမြောတော့ ဆေးမီးတိုနဲ့ ကုတယ်။ ရောဂါကမပျောက်၊ သေခါနီးမှ ဆေးဆရာကို ခေါ်တယ်။ ရောဂါကို အခြေအနေကြည့်ပြီး ဆေးဆရာတို့က လက်မြှောက် သွားကြတယ်။ ဒါတောင် အဒိန္နပုဗ္ဗကပုဏ္ဏားက နှမြောတုန်း ရှိသေးတယ်။ သူ့သား သေခါနီး လူအများလာရောက် ကြည့်ရှုကြလျှင် အိမ်ထဲက ပစ္စည်း တွေကို အိမ်သားတွေ မသိခိုက် အလစ်သုတ်ယူသွားနိုင်တယ်။ ဒါ ကြောင့် လူနာဖြစ်တဲ့ သားကိုအိမ်ထဲမှာထားလို့ မဖြစ်ဘူး။ အပြင် ဘက် ဆင်ဝင်ဘက် ထုတ်ထားမှ ဖြစ်တော့မည် လို့ နှမြောကဲ့စိတ်နဲ့ အတွေးခေါင်ပြီးအိမ်အခန်းအပြင်ဆင်ဝင်ဖက်ထုတ်ထားလိုက်တယ်။

အဲဒီလိုထုတ်ထားခြင်းဟာ မဋ္ဌကုဏ္ဍလီအတွက်ကံကောင်း တာပါပဲ၊ သေခါနီးဆဲဆဲ အစွမ်းထက်သော ကုသိုလ်စိတ် ကလေး ဟာ နောက်ဆုံး စိတ်အစဉ်တွေထဲမှာ ပေါ်ခွင့်ရမှာမို့ ဖြစ်ပါတယ်။ သူသေဖို့ မိနစ်ပိုင်းခန့်အလို ဘုရားရှင်နှင့်ရဟန္တာကြီးများ ဆွမ်းခံကြွ လာတော်မူပါတယ်။ သူတို့အိမ်ပေါက်ဝမှာ လာရောက် ရပ်တော်မူ ကြပါတယ်။ သူဟာ အိမ်ဖက် မျက်နှာမူနေသဖြင့် ဘုရားနှင့် ရဟန္တာ အရှင်မြတ်တို့ကို မမြင်ရှာပါဘူး။ မဟာကရုဏာရှင် ဘုရားသခင်က မသေအောင်လုပ်၍ မရနိုင်တော့မှန်းသိတော်မူကော့ သေပြီးနောက် ဂတိကောင်းစေရန် စီမံတော်မူပါတယ်။ ဒါကြောင့် အိမ်ဖက်လှည့်၍ ကိုယ်တော်မြတ်ကြီးကိုမမြင်ရသော မဋ္ဌကုဏ္ဍလီမြင်လာစေရန်ရောင် ခြည်တော်လွှတ်ပါတယ်။ ၁၆ နှစ်သားအရွယ် သေလူ လူနာဟာ မြတ်စွာဘုရားဖက်လှည့်လာပါတယ်။ စိတ်က ဘုရားဟုသိပါတယ်။ အော် – ခုလို အတုမရှိ မြင့်မြတ်တဲ့ဘုရားရှင်ထံတော်မှာ ဒါနပြုခွင့်၊ တရားနာခွင့် ဝေယျာဝစ္စပြုခွင့်တွေ အဖေမိုက်ကို အမှီပြုပြီး မရခဲ့ပါ

ဘူး၊ ခုတော့ ရှိခိုးဖို့တောင် ငါ့လက် ငါ့ခြေကို မမြှောက်နိုင်တော့ဘူး လို့စိတ်ကူးများ ဖြစ်ပြီး ဘုရားရှင်ကို စိတ်ဖြင့် ကြည်ညိုနေပါတယ်၊ ဘုရားရှင် ပြန်ကြွသွားတော်မူတော့ မျက်စိ တစ်ဆုံး အလွန်လောက်မှာ ကွယ်လွန်သွားရှာပါတယ်။ ကွယ်လွန်ပြီးနောက် ထိုဘုရားကို စိတ်ဖြင့်ကြည်ညိုသော စေတနာ အဟုန်က တာဝတိံသာနတ်ပြည် ရွှေဗိမာန်ကြီးပေါ်၌ ဗိမာန်ရှင်နတ်သားတစ်ပါးဖြစ်အောင် အကြောင်းအကျိုး ဆက်သွယ်ဖန်တီးလိုက်ပါတယ်။ နတ်စည်းစိမ်များကို ခံစား၍ နေရပါတယ်။

အမေမိုက်က သူ့သား၏မြေပုံရှင်းဝယ် လွမ်းဆွတ် ပူ ဆွေး ငိုကျွေး၍သာနေပါတယ်။ နတ်သားဖြစ်သူသားက အတိတ် ဘဝကို ပြန်ကြည့်၍ဖခင်မိုက်ကိုဆုံးမဖို့လူ့ပြည်သို့ဆင်းလာပါတယ်၊သင်္ချိုင်းထဲ ဖခင်ဖြစ်သူငိုနေတော့ မြေပုံနှင့်မနီးမဝေး ခြံတစ်ခု အတွင်းမှာ အရင်ဘဝက မဋ္ဌကုဏ္ဍလီလို ဖန်ဆင်းပြီး ငိုကာ ကိုယ်ရောင်ပြလိုက်ပါတယ်၊ အဒိန္နပုဗ္ဗကပုဏ္ဏားကြီးက သင်္ချိုင်း အတွင်းဝယ် ငိုသံကြားသဖြင့် လှည့်ကြည့်ပါတယ်။ သားဖြစ်သူနှင့် လုံးဝ တူနေသော ငိုနေသူကို တွေ့ရသဖြင့် ထိတ်လန့်အံ့ကြသွားပါတယ်။ ဘာကြောင့် ငိုနေသလဲဟုမေးရာ ရရှိထားသော ရွှေရထားအိမ်၏ဘီး မရှိ၍ငိုနေကြောင်း ပြောသောအခါ၊ "ရွှေဘီးကိုယူမည်လား၊ ငွေဘီးကိုယူမည်လား။ ကျောက်မျက်ရတနာ စီချယ်ထားတဲ့ ဘီးကို ယူမည်လား၊ ကြိုက်ရာ လုပ်ပေးပါမည်" လို့ဝန်ခံလိုက်ပါတယ်။ အရင်ဘဝက သားဖြစ်သူ နတ်သားက ရွှေဘီးကိုလည်းမယူချင်၊ ငွေဘီးကို လည်း မယူချင်၊ ကျောက်မျက်ရတနာစီချယ်ထားသော ဘီးကိုလည်း မယူချင်၊ ကောင်းကင်မှာသွားနေတဲ့ နေ,လ နှစ်စင်းဘီးကို လုပ် ရ မှ ကျေနပ်နိုင်မည်" ဟုပြောလိုက်ပါတယ်။

အဲဒီအခါ ပုဏ္ဏားကြီးက "ကောင်လေး၊ မင်းရူးနေပြီ" ဟု

စွပ်စွဲလိုက်တယ်။ "ကျုပ်မေးပါရစေဦး၊ ခင်ဗျားကတော့ ဘာကြောင့် ဒီမှာလာငိုနေတာတုံး" လို့ပြန်မေးပါတယ်။ "ငါ့ ငါ့ သိပ်ချစ်ရတဲ့ တစ်ဦးတည်းသောသားသေဆုံးသွားလို့ငိုနေတာပါ"၊ "ဒါဆိုရင် ကျုပ် မရူးဘူး၊ ခင်ဗျားကသာ ရူးနေတာပါ" ဟုပြန်လည် စွပ်စွဲပါတယ်။ နောက်ပြီးကော့ ရှင်းပြပါတယ်။ ကျုပ်ကသွားတာ လာတာလည်း မြင်နေရ၊ အဆင်းဓာတ် အရောင်လင်းကိုလည်း တွေ့နေရတဲ့ လနှင့် နေ ကို တောင့်တနေပါတယ်။ ခင်ဗျား တောင့်တနေတဲ့သေသွားတဲ့ သား ဆိုတာ ဘယ်တော့မှ ပြန်လည်ရှင်လာတာမျိုး ထုံးစံမရှိဘူး။ ဒါကြောင့် မဖြစ်နိုင်တာတောင့်တသူနှင့် ဖြစ်နိုင်ချေရှိတာကို တောင့် တ သူဘယ်သူက ပိုပြီးမိုက်သလဲ"ဟု အမေးထုတ်ရင်း ရှင်းပြလိုက် ရာ ပုဏ္ဏားကြီးက သဘောပေါက်ကာ သောကကင်းကွာသွားပါ တယ်။ မိမိနှင့် စကားပြောသူသားအသွင် ဆောင်ထားသူ နတ်သား ကို သေချာကြည့်ရင်း ကြက်သီးမွေးညင်း ထလာပါတယ်။ ကျေးဇူး တင်သော မျက်စိဖြင့်ကြည့်မှ ပိုပြီးကြက်သီးထလာပါတယ်။ လူ စစ်စစ် မဟုတ်ဟု သဘောပေါက် လာပါတယ်။

ဒါကြောင့် "သင်ဟာ လူလား၊ နတ်လား၊ သိကြားလား စသည်ဖြင့် မေးပါတယ်။ နတ်သားက အရင်ဘဝက သူ့သား မဋ္ဌကုဏ္ဍလီ ဖြစ်ကြောင်း၊ ယခု တာဝတိံသာနတ်ပြည်ဝယ် ရွှေဗိမာန်၌ ဖြစ်နေကြောင်း၊ အဒိန္နပုဗ္ဗကပုဏ္ဏားကြီး မျက်လုံး မျက်ဆန်ပြူး လောက်အောင် စိတ်ဝင်စားလာအောင် ပြောပါတယ်။ ပုဏ္ဏားကြီး အလွန်အံ့သြသွားပါတယ်။ ဒါန, သီလ, ကုသိုလ်လုပ်မှ နတ်ပြည် ရောက်သည်ဟု ငါကြားဖူးတယ်။ ငါ့သားကုသိုလ် လုပ်ခဲ့တာ မတွေ့ ခဲ့ရပါ။ ဘာကြောင့် နတ်ပြည်ရောက်သလဲ ဟုမေးပါတယ်။ သားဖြစ် ခဲ့သူနတ်သားက ဘာမှထူးထူးခြားခြား ဒါန မလုပ်ခဲ့ရသူ၊ သီလ မဆောက်တည်ခဲ့ရသူ ဖြစ်ပေမယ့် သေခါနီး ဘုရားဖူးရ၊ ဘုရား

ကြည်ညိုသောစိတ်တွေဖြစ်ရ၍ နတ်ပြည် ရောက်ကြောင်း ပြောပြပါတယ်။ အဲဒီနောက် ငါးပါးသီလ မြဲဖို့၊ ဒါနသီလဆောက်တည်ဖို့ တိုက်တွန်းပါတယ်။ ပုဏ္ဏားကြီးဟာ သား အကြောင်းပြု၍ ဘုရား ထံ မှောက်ရောက်ရှိလာပြီး ဘာမှ အခြား ကုသိုလ်မပြုဖူးဘဲ အရှင်ဘုရားတို့ကို စိတ်ဖြင့်ကြည်ညိုရုံဖြင့် နတ်ပြည် ရောက်နိုင် မရောက်နိုင် မေးပါတယ်။ ဘုရားရှင်က တစ်ရာမက နှစ်ရာမက ဂဏန်းချ၍ ပင် ရေတွက်မရနိုင်ကြောင်း စိတ်ဖြင့်ကြည်ညိုရုံဖြင့်နတ်ပြည်ရောက် သူတွေ အသင်္ချေ အနန္တပင် ရှိကြောင်း သင် ကိုယ်တိုင်နံ့နက်က သင့်သားဖြင့် တွေ့ခဲ့သည် မဟုတ်သလော" ဟုမေးပါ တယ်။

ထိုအချိန်ဝယ် သားဖြစ်ဖူးသူ မဋ္ဌကုဏ္ဍလီနတ်သား ဗိမာန် ဖြင့် ဆင်းလာကာ ဘုရားထံမှောက် လာရောက်ဝပ်ချနေသည်ကို ပရိသတ်အများ ထင်ရှားစွာ မြင်ကြရပါတယ်။ ထိုမဋ္ဌကုဏ္ဍလီ နတ်သားကို အကြောင်းပြု၍ဘုရားရှင်က တရားဟောပါတယ်။ တရား အဆုံး မဋ္ဌကုဏ္ဍလီနတ်သားနှင့် ဖခင်ဖြစ်သူ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးအပါအဝင် ပရိသတ်များစွာသောတာပန်ဖြစ်ကြပါတယ်။ ဘယ်သူကိုမျှ ဘာမျှမပေးဖူးသော အဒိန္နပုဗ္ဗကပုဏ္ဏားသည်လည်း သူပိုင်ပစ္စည်းအားလုံးကို သာသနာတော်အတွက် အသုံးပြုပါ တော့တယ်။ မိမိသားကိုပင် ဆေးမကုရက်လောက်အောင်နှမြော ခဲ့သူ ပုဏ္ဏားကြီး ခုတော့ မနှမြောတော့ပါဘူး။ မိမိပိုင်ပစ္စည်းအကုန် သာ သနာရေး၌ သုံးစွဲလှူဒါန်းနိုင်ခြင်းမှာ ဘာကြောင့်ဟု စဉ်းစားသင့်ကြ ပါတယ်။ အကောင်းဆုံးမြေကြီးထဲမှာ သစ်ပင်စိုက်ရခြင်းကြောင့် ရရှိသော အကျိုးအမြတ်ကို သဘောပေါက် သိရှိသွား သောကြောင့် ဖြစ်ပါတယ်။

## ကုသိုလ်ပြုစဉ်အကုသိုလ်မဝင်ပါစေနှင့်

အာရုံကို သိတာစိတ်၊ ဒီစိတ်ကလေးက ကောင်းတယ်

ဆိုးတယ် လို့မရှိပါဘူး၊ အာရုံကို သိရုံပဲ သိတဲ့ သဘောပါ။ သူနဲ့ အတူတူဖြစ်တဲ့ သိပုံ အခြင်း အရာတွေက အကောင်းအဆိုး ကွဲပြားတယ်။ သိပုံအခြင်းအရာ အကောင်းအဆိုး ကွဲပြားသလို အတူတူဖြစ်တဲ့ စိတ်ကိုလည်း ကောင်း တယ် ဆိုးတယ်လို့ ပြောရခြင်းဖြစ်တယ်၊ ဘာကြောင့် ကုသိုလ်ပြုစဉ်မှာ စိတ်ကဘာကိုသိနေသလဲ၊ အဲဒီသိနေတဲ့ အာရုံဟာ ကောင်း သလား၊ မကောင်းဘူးလား၊ ဆင်ခြင်ဖို့ အရေးကြီးပါတယ်။ မကောင်း ကောင်းအောင်၊ မထက်သန် ထက်သန်အောင် မကောင်း တဲ့ အာရုံတွေဆီ မရောက်အောင် ရှေ့စိတ်ကနေ နောက်စိတ်တွေကို ပြုပြင်ပေးပြီး ကြိုးကိုင်ပေးဖို့လိုပါတယ်။

## ဘုရားအလောင်းတော်ဇာတ်ခံပွဲဆင်နွှဲရလောက်အောင် ကုသိုလ်ပြုလုပ်စဉ်တုံး

က။ ။ ဘုရားအလောင်းတော် သုမေဓာအရှင်ရသေ့ဟာ ဒီပင်္ကရာ ဘုရားနှင့်တကွ နောက်ပါ ရဟန်း ၄ သိန်းအတွက် ကြွရောက် တော် မူလာမည့် လမ်းမတော်ကို ပြင်ဆင်နေဟုန်း ဗုဒ္ဓေါ ဗုဒ္ဓေါတိ ကိတ္တ ယန္တော၊ သောမနဿံ ပဝေဒယိံ ။ ဘုရား ဘုရား ဟုရွတ်ဆိုလျက် လမ်းပြင်နေစဉ် ပီတိသောမနဿဖြစ်နေခဲ့တယ်လို့ ဇာဒိတ်ခန်းမှာဆိုပါတယ်၊ ဒါကိုအတုယူပြီးကုသိုလ်ပြုစဉ် မကောင်းသော စိတ်ကူးများဝင်လာပါက မကောင်းသောစိတ်ကူးများကို မြန်မြန်ကူး၍ ဖယ်ရှားပစ်ပါ။ ထူးထူးထွေထွေ စိတ်မကူးတတ်ပါက ဘုရားကို စိတ် မျက်စိဖြင့် မြင်အောင်ကြည့်ပြီး ဂုဏ်တော်ကို ရွတ်ဆိုပွားများနေပါ။ ကုသိုလ်ပြုစဉ် မကောင်းသော အကုသိုလ် စိတ်ကူးများ မပေါ်စေဘဲ ကောင်းသော စိတ်ကူးများကိုသာ ပေါ်အောင် ကြိုးကိုင် ပေးခြင်းဖြင့် ကုသိုလ်အင်အား ကြီးအောင် လုပ်ပါ။ နံပါတ်

၂။ ‧ ။ ဂတိ, ကာလ, ဥပဓိ, ပယောဂ ပြည့်စုံအောင် အားထုတ်ပါ။

လည်း အာဏာပိုင်ပုဂ္ဂိုလ်များ၊ အကြီးအကဲများ၊ မိသားစု အုပ်ချုပ်သူမှအစ အုပ်ချုပ်သူများက စီမံဖန်တီးပေးကြပါ။ လုပ်ခွင့်လမ်း ဖွင့်ပေးကြပါ။ ဉာဏ် ဝီရိယ အကျိုးကျေးဇူး ခံစားခွင့်ရအောင် အဘက်ဘက်မှစီမံပေးခြင်း၊ ဥပဒေစည်းကမ်းသတ်မှတ်ပေးခြင်းအားဖြင့် မြေတောင်မြှောက်ပေးကြပါ၊ ကာကွယ်ပေးကြပါ၊ အလုပ်လုပ်ချင်အောင် လည်း စည်းရုံးလှုံ့ဆော်ပေးကြပါ။ ဤကဲ့သို့ ဂတိ ကောင်းလျှင် ခေတ်ကာလကောင်းလျှင် ဥပဓိကျက်သရေရှိလျှင် အလုပ်အကိုင်ကောင်း လုပ်ခွင့်ရလျှင် (တကယ်ပဲလုပ်ခွင့်ရလျှင်) ကုသိုလ်ကံတွေလည်း လက်ငင်း ဒိဋ္ဌပေးတတ်တယ် လို့ဆိုပါတယ်။

နံပါတ် ၃ ကုသိုလ်ပြုစဉ်စိတ်ဓာတ်ကို မြှင့်တင်ထားပါ ။ ကုသိုလ်ပြုနေစဉ် စိတ်ဓာတ်တွေပျော့ညံ့မနေအောင် တွန့်ဆုတ် တွန့်ဆုတ် မဖြစ်အောင် မြှင့်တင်ပေးပါ၊ ကုသိုလ်ပြုချင်တဲ့ဆန္ဒ ပြင်းထန်လာအောင် ပြုလုပ်ပြီး "ကုသိုလ်ပြုရတာ ကောင်းမှန်းသိလို့၊ ငါလုပ်ချင်လွန်းလို့လုပ်တာ၊ မဖြစ်ဖြစ်အောင် လုပ်မည်၊ ဘာကြောင့် နောက်ဆုတ်ရမှာလဲ၊ အားရပါးရလုပ်မည်" လို့ ဒီလိုလည်း လုပ်ချင်တဲ့ ဆန္ဒရဲ့ အစွမ်းဖြင့် မြှင့်တင်ပါ။ ငါသည် မည်သည့်ကိစ္စ မဆို ထက်သန်စွာ ပြုလုပ်လေ့ရှိ၏။ မဖြစ်ဖြစ်အောင် ကြိုးကြိုးစားစား လုပ်ကိုင်လေ့ရှိ၏၊ ဤကောင်းကုသိုလ်လုပ်ငန်းကျမှ ပျော့ညံ့နေ၍မဖြစ်၊ မဖြစ်ဖြစ်အောင် ကြိုးစားအားထုတ်ပြီး လုပ်မည်၊ နည်းမှန် လမ်းကျ တကယ်ကြိုးစားလျှင် မဖြစ်နိုင်တာမရှိ၊ မအောင်မြင်တာမရှိ၊ ဝီရိယ၏ အစွမ်းဖြင့် စိတ်ဓာတ်ကို မြှင့်တင်၍ ပြုလုပ်ပါ။

လူသေတွေသာ ဘာမျှ မလုပ်နိုင်တာ၊ ငါမှ မသေသေးဘဲ၊ စိတ်ရှိနေသေးတာပဲ၊ လောကကြီးကို စိတ်ဆောင်နေတာ၊ စိတ်ကြောင့် အပြောအဆို အပြုအမူတွေ ဖြစ်နေတာ၊ စိတ်ကို စနစ် တကျ ကြိုးကိုင်လုပ်လျှင် စိတ်ဖြစ်ရပုံ အခြင်းအရာတွေကို လိုသလို စီမံ

နိုင်လျှင် မအောင်မြင်နိုင်သော အရာမရှိ၊ ငါ့မှာ ဒီစိတ်တွေရှိနေ သေးတာပဲ၊ မဖြစ်ဖြစ်အောင်လုပ်မည်လို့ စိတ်ဓာတ်ကိုမြှင့်တင်ပြီးလုပ်ပါ။ ဘာမဆို နည်းမှန်လမ်းမှန် ပြုလုပ်က အောင်မြင်နိုင် ပါတယ်။ နည်းမှန်လမ်းကျ ဖြစ်ဖို့သာ လိုပါတယ်။ မဖြစ်ဖြစ်အောင် စိတ်ဓာတ်ကိုမြှင့်တင်ပြီး လုပ်ပါ၊ ဖြစ်ပေါ်လာသော ကုသိုလ်စိတ်များသည် အလွန်အကဲ အင်အားကြီး၍ ကမ္မဝိပါကော အစိန္တိယော ဆိုသည့်အတိုင်း မကြံနိုင်လောက်အောင် အစွမ်းသတ္တိထက်မြက် နေတတ်ပါတယ်။

နံပါတ် ၄ ။ ။ ကုသိုလ်ပြုသောအခါ အတုမရှိသော ဂုဏ်အရည်အချင်းတို့နှင့်ပြည့်စုံသော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာ အရိယာ အရှင်မြတ်ကြီးတွေကို ဦးထိပ်ထားပြီး လုပ်ပါ။

ယခုခေတ် အခါ၌လည်း ဘုရား ဓာတ်တော်များ ဌာပနာထားသော စေတီတော်၊ ဓာတ်တော်ကြုတ်များကို ဘုရားကိုယ်တော်စား အဦးအမှူးပြု၍ သံဃာတော် အရှင်မြတ်များအား လှူဒါန်းပါက ဗုဒ္ဓပမုခသံဃိက ကုသိုလ်ဖြစ်နိုင်ကြောင်း၊ ရဟန္တာများကို လှူရတဲ့ ပုဂ္ဂလိက ကုသိုလ်ထက် အကျိုးကြီးကြောင်း အဋ္ဌကထာများ ညွှန်ပြထားတာ တွေ့ရပါတယ်။

သက်တော်ထင်ရှား ဘုရားဖြစ်စေ၊ ပရိနိဗ္ဗာန်စံပြီး ဖြစ်စေ၊ စိတ်နေစိတ်ထားတူညီလျှင် အကျိုးပေး တူညီကြောင်း၊ သုဂတိ၊ ဒုဂ္ဂတိ ဖြစ်ဖို့အရေး စိတ်ထားသာ ပဓာန ဖြစ်ကြောင်း ဝိမာနဝတ္ထုမှာ ပြဆိုထားပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ ဧတဒဂ်ရ ရဟန္တာ အရှင်မြတ်များနှင့်တကွ ပရိနိဗ္ဗာန်စံပြီး ရဟန္တာ အရှင်မြတ်ကြီးများကိုလည်း ဓာတ်တော် အသုံး အဆောင် ဥဒ္ဒိဿစေတီများကို ကိုယ်စားထားပြီး သက်တော်ထင်ရှား ရည်မှန်း၍ မိမိအလှူဒါနသည် တကယ်ပွင့်တော်မူသွားသော ဘုရား ဂုဏ်

တော် အားလုံးနှင့် ပြည့်စုံသော သဗ္ဗညုတမြတ်စွာဘုရားကို လှူဒါန်းပါ၏) စသည်ဖြင့် တကယ်ပွင့်တော်မူသွားသော ဘုရားမှ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာကြီးများကိုဂုဏ်တော်ဖြင့် ပိုင်းခြား သတ်မှတ် အာရုံပြု၍ လှူဒါန်းနိုင်လျှင် အကျိုးအာနိသင်အတူတူပင် ဖြစ်၏ဟု မြတ်စွာဘုရား ကိုယ်တိုင် ဟောခဲ့ပါတယ်။။

ယခုခေတ်မှာလည်း သက်တော်ထင်ရှား ရဟန္တာကြီးများ လူ့ပြည်မှာလည်း ရှိနေတုန်းပါပဲ။ လူ့ပြည်မှာထက် ဗြဟ္မာ့ပြည်မှာ ပိုများပါတယ်။ ဗြဟ္မာ့ပြည်မှာတော့ ဝိပဿီမြတ်စွာဘုရားကြီးရဲ့ သာဝက ရဟန္တာဗြဟ္မာကြီးတွေ၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူ မြတ်စွာဘုရား၊ ကကုသန် မြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရားကြီးရဲ့ သာဝက ရဟန္တာဗြဟ္မာကြီးတွေ၊ ဘုန်းကြီးတို့ မြတ်စွာဘုရားရဲ့ သာဝကရဟန္တာဗြဟ္မာကြီးတွေ ရှိပါတယ်။ ဒီရဟန္တာ အရှင်မြတ်ကြီးတွေကို ရည်စူးပြီးတော့လည်း ကုသိုလ်ပြုနိုင်ပါတယ်။ ဒါ့ကြောင့် ကုသိုလ်ပြုတဲ့အခါ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်ကြီးတွေကို ဦးထိပ်ထားပြီး ပြုလုပ်ပါ။

နံပါတ် ၅ ။ ။စေတနာကို သန့်သည်ထက်သန့်အောင် ပြုလုပ်ပါ။ ကုသိုလ်မပြုခင်ကလည်းပဲ ကုသိုလ်ပြုချင်စိတ်တွေထက်သန်လာအောင်လုပ်ပါ။ ကုသိုလ်လုပ်နေစဉ်လည်းပဲ ကုသိုလ် အင်အား ကြီးမားလာအောင်လုပ်ပါ။ ကုသိုလ်ကိစ္စ အောင်မြင် ထ မြောက်ပြီးတော့လည်းပဲ ခဏခဏ အဖန်ဖန်တွေးတော၍ ကုသိုလ် ပြုခဲ့တာ မှန်ကန်သော လုပ်ရပ်ဖြစ်ပြီး၊ ကောင်းမွန်သော လုပ်ရပ် ဖြစ်ကြောင်း အဖန်ဖန် ဆင်ခြင်စဉ်းစား၍ ဝမ်းမြောက်ပါ။။

နံပါတ် ၆ ။ ။တရားသဖြင့်ရှာဖွေရရှိသော မိမိပစ္စည်းဝတ္ထု ဖြစ်ပါစေ။ ဗာရာဏသီသူဌေးတို့၏ နောက်ဆုံးထမင်းကို လှူဒါန်းရသလို၊ မိမိ၏အသက်ကို ထုတ်လှူလိုက်ရသလို၊ မိမိမြတ်နိုး

ထား သော ပစ္စည်းဝတ္ထုကိုပင်ဖြစ်စေကာမူ အလှူခံပုဂ္ဂိုလ်များ လို အပ်နေပါက ရဲရဲဝံ့ဝံ့စွန့်လွှတ်လှူဒါန်းရဲအောင် ဗာရာဏသီသူဌေး စိတ်ဓာတ်မျိုးမွေးထားပါ။ သူတော်ကောင်းတွေအတွက်ဆိုလျှင် မိမိ အသက်ကိုပင် ပဓာနမထားကုသိုလ်ပြုနိုင်အောင် ကြိုးစားပါ။ ဤ ကဲ့သို့ ပြုလုပ်နိုင်လျှင် ပစ္စုပ္ပန်ဘဝမှာပင် ကုသိုလ်၏အကျိုးကျေးဇူး ကို ခံစားရပါလိမ့်မည်။ ကုသိုလ်၏ အကျိုးတရားတွေ ဒိဋ္ဌ မြင်ရ တော့ အဖန်ဖန် အထပ်ထပ် ကုသိုလ်တွေ ပြုချင်ကာ သဒ္ဓါ တရား တွေ ထက်သန်လာလိမ့်မည်။ ဒါ့ကြောင့် လက်တွေ့ရှိမှ သဒ္ဓါ တရား ထက်သည်ကို သဘောပေါက်ပါ။

အဲဒီလို ကုသိုလ်ပြုချင်တဲ့သဒ္ဓါတရားတွေ ထက်သန်လို့ ကုသိုလ်တွေ အဖန်ဖန် အထပ်ထပ်ပြုနေလျှင် ဘေးဆိုးကပ်ဆိုး တွေ ကို မတွေ့မမြင်နိုင်ပါ။ သတ္တဝါအများစုရဲ့ အကုသိုလ်ကံကြောင့် မလွဲမရှောင်သာ တွေ့ကြုံရလျှင်လည်း ဗာရာဏသီသူဌေးတို့လို ကျော်လွှားတွန်းလှန်နိုင်မှာပါ။ ဒါ့ကြောင့် နေရာတိုင်း အချိန်ရတိုင်း အကောင်းဆုံးမြေကြီးထဲမှာသစ်ပင်စိုက်ကြပါ။ အကောင်းဆုံး မြေ ကြီး ဆိုတာလည်း ဘုရား၊ တရား၊သံဃာ ဆိုတာသိကြပြီ၊ စိုက်ပျိုး နိုင်တဲ့ ကုသိုလ်မျိုးစေ့တွေကို စီကာ စဉ်ကာ ဖော်ပြပါဦးမည်။

## ပုညကိရိယဝတ္ထု ၁၀ ပါး

ကောင်းသောအကျိုးစီးပွားပေါ်ပေါက် ဖြစ်ထွန်းအောင် စွမ်း ဆောင်နိုင်သည်ဖြစ်၍ ပြုသင့်သော ပြုထိုက်သော တရားများမှာ–

(၁) မိမိပိုင်ပစ္စည်းတစ်ခုခုကို သူတစ်ပါးအား လှူဒါန်းမှု။

(၂) မိမိကိုဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ၊ မိမိရော သူတစ်ပါး ကိုရောဖြစ်စေ မထိခိုက်မနစ်နာ မဆုံးရှုံးရအောင် ကိုယ်နှင့် နှုတ်ကို စောင့်စည်းမှုငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော

သီလဆောက်တည်မှု။

(၃) သမထဖြစ်စေ၊ ဝိပဿနာဖြစ်စေ၊ ကမ္မဋ္ဌာန်းတစ်မျိုးမျိုး ကို ထပ်ခါ ထပ်ခါ ဖြစ်အောင် စီးဖြန်းပွားများမှု။

(၄) လူဖြစ်ပါက အသက်ကြီးသောသူ၊ ရှင်ရဟန်းဖြစ်ပါက မိမိ ထက်အသက်သိက္ခာကြီးသောသူ သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးသော ပုဂ္ဂိုလ်ကို အရိုအသေ ပြုမှု။

(၅) ကုသိုလ်ကိစ္စတို့၌ ကူညီဆောင်ရွက်မှု၊ ဝေယျာဝစ္စပြုမှု။

(၆) မိမိပြုလုပ်ထားသော ကုသိုလ်ကောင်းမှုများကို အမျှပေးဝေ မှု၊ (အမျှမပေးဝေသော်လည်း၊ အခြားပုဂ္ဂိုလ်များ ကုသိုလ် ပြုနေသည်ကို သိ၍ဝမ်းမြောက်ပါက ကုသိုလ်ရပါ၏။ သို့ သော် ကုသိုလ်ရှင်က သူပြုသော ကုသိုလ်ကို ထုတ် ဖော်၍ ရရှိထားသောကုသိုလ်ကို အမျှပေးဝေ၍ ဝမ်းမြောက် ဝမ်း သာ သာဓုခေါ်ခြင်းသည် ဒိဋ္ဌဓမ္မအကျိုးကို ဖြစ်စေနိုင် ၍ မကောင်းသော ဘဝမှလည်း လွတ်မြောက်နိုင်၏။ အမျှပေး ဝေသော ကုသိုလ်ရှင်သည်လည်း ကုသိုလ်တစ်မျိုး ထပ်ရ နိုင်၏။ ထို့ကြောင့် ကုသိုလ်ပြုပြီး အမျှပေးဝေပါ)

(၇) ကုသိုလ်ရှင်များက အမျှပေးဝေသဖြင့် မိမိသို့ ရောက်လာ သောကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း။

(၈) သူတော်ကောင်းတရားကြားနာမှု၊

(၉) သတ္တဝါများ ဆင်းရဲဒုက္ခမှ လွတ်ကင်းအောင် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သည်အထိ ကြီးပွားချမ်းသာအောင် သူတော်ကောင်းတရား ဟောကြားမှု။

(၁၀)အယူကိုဖြောင့်အောင်ပြုမှု

ဤ ၁၀ မျိုးတို့သည် ကောင်းသော အကျိုးတရားတို့၌ တည်ရာ ဖြစ်၍၊ ပြုသင့်ပြုထိုက်သောကြောင့် ပုညကိရိယ ဝတ္ထုဟုခေါ်သည်။

ဤသို့သော ကုသိုလ်မျိုးစေ့များကို ဘုရား၊ တရား၊ သံဃာ ဟူသော ကောင်းမြတ်သော လယ်ယာမြေကောင်း၌ စိုက်ပျိုးပါက ရေတွက်ခြင်းငှာ မစွမ်းဆောင်နိုင်သော ကောင်းကျိုးချမ်းသာကို ရရှိခံစားရလိမ့်မည်။

(က) ယေဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေတေပသန္နာ။
(ခ) အဂ္ဂေ ခေါပန ပသန္နာနံ၊ အဂ္ဂေါ ဝိပါကောဟောတိ။
(ဂ) ယေဘိက္ခဝေ အရိယေ အဋ္ဌင်္ဂိကေ မဂ္ဂေပသန္နာ၊ အဂ္ဂေ တေပသန္နာ။ အဂ္ဂေခေါပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။
(ဃ) ယေဘိက္ခဝေ သံဃေ ပသန္နာ၊ အဂ္ဂေတေ ပသန္နာ။ အဂ္ဂေ ခေါပန ပသန္နာနံ၊ အဂ္ဂေါဝိပါကော ဟောတိ။

မြန်မာပြန်။

(က) အကြင်သူသည် မြတ်စွာဘုရား၌ ကြည်ညိုကြကုန်သူတို့၏ ထိုသူတို့သည် အမြတ်ဆုံး၌ ကြည်ညိုခြင်း မည်၏။ အမြတ်ဆုံးသော မြတ်စွာဘုရားအား ကြည်ညိုသူတို့သည်၊ အမြတ်ဆုံးအကျိုးကိုရ၏။
(ခ) အင်္ဂါ ၈ ပါးရှိသော အရိယာမဂ်တရားကိုကြည်ညိုသူတို့သည် အမြတ်ဆုံး၌ ကြည်ညိုခြင်းမည်၏။ အမြတ်ဆုံးဖြစ်သော အင်္ဂါ ၈ ပါးရှိသော အရိယာမဂ်၌ ကြည်ညိုသူတို့သည် အမြတ်ဆုံး အကျိုးရ၏။
(ဂ) ရာဂကင်းရာ၊ ရာဂမရှိရာ၊ နိဗ္ဗာန်တရားတော်၌ ကြည်ညိုသူတို့၏ကြည်ညိုခြင်းသည် အမြတ်ဆုံး ကြည်ညိုခြင်း မည် ၏။ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်တရားတော်၌ ကြည်ညို သူတို့သည် အမြတ်ဆုံးအကျိုး ကိုရ၏။
(ဃ) မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်သောအရိယာ

သံဃာတော်၌ ကြည်ညိုသူတို့၏ ကြည်ညိုခြင်းသည်
အမြတ်ဆုံး ကြည်ညိုခြင်း မည်၏။
အမြတ်ဆုံးဖြစ်သော အရိယာသံဃာတော်တို့၌ ကြည်ညိုသူ
တို့သည်၊ အမြတ်ဆုံးအကျိုးကို ရ၏။

ဧဝံ အစိန္တိယာဗုဒ္ဓါ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ အဂ္ဂေါ ဝိပါကော ဟောတိ
အစိန္တိယော

ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်တို့သည် ဤသို့ မကြံစည်နိုင်
အောင် ဖြစ်ကုန်၏။ မကြံစည်နိုင်လောက်အောင် ဖြစ်သော
ဘုရား၊ တရား၊ တရားရှိသော သံဃာတို့၌ ကြည်ညိုသူတို့
အား ကြံစည်၍မဖြစ်နိုင်လောက်အောင်သော အကျိုးတရား
များသည် ဖြစ်ထွန်းစေနိုင်၏။

## တိုက်တွန်းမှု

အချိန်ရတိုင်း၊ အကောင်းဆုံး မြေကြီးထဲ၌ သစ်ပင် စိုက်ပျိုးကြပါ။

အကောင်းဆုံးမြေကြီး = ဘုရား၊ တရား၊ သံဃာ

သစ်ပင် = ကုသိုလ်ကောင်းမှုများ။

## ခံယူချက်

ပကတိ မဟာပထဝီမြေကြီးသည် အဓိကမဟုတ်၊ သာမညသာ။

ဘုရား၊ တရား၊ သံဃာမြေကြီးသည်သာ အတုမရှိ အကောင်းဆုံးမြေကြီးပင် ဖြစ်သည်။

ဘုရား၊ တရား၊ သံဃာတည်းဟူသော မြေကြီး၌ ကုသိုလ်မျိုးစေ့ စိုက်ပျိုးလျှင် အားလုံးပြည့်စုံနိုင်သည်။

(ဆရာတော်ကြီး၏ဩဝါဒမှ ကောက်နုတ်တင်ပြပါသည်။)